
www.burmeseclassic.com

# မိန်းကလေး

ပါးပြင်ယိမ်း



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ သရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေပြည်သော့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း - ၀၁- ၂၉၀၉၉၅

၈၉၅ . ၈၃

မိန်းကလေး

ပါးပြင်ယိမ်း / မိန်းကလေး ။ - ရန်ကုန်။

ဖူးစာပေ ၊ ၂၀၁၂ ။

၂၆၄ - စာ ၊ ၁၂ x ၁၈ စင်တီ။

(၁) ပါးပြင်ယိမ်း၊

# အခန်း (၁)

"ဟင် စံစံ၊ မပြီးသေးဘူးလား"

"ပြီးခါနီးပါပြီ မမရဲ့"

"ဟွန်း၊ ပြီးပြီသာဆိုတယ် အခုချိန်ထိ အဝတ်က မလဲရသေးဘူး"

"ဒီမှာ ကာလာခြယ်နေသေးလို့"

ပုလဲစံ ပြောရင်း မမကို တစ်ချက်လှည့်ကြည့်လိုက်သည်။ မဟူရာက ပန်းသွေးရောင် မြန်မာဝတ်စုံလေးနဲ့ ကြော့ရှင်းလှပနေသည်။

စိန်ထည်တွေချည်း ထုတ်ဆင်ထားတဲ့မမက ပြိုးပြိုးပြက်ပြက်

www.burmeseclassic.com



အရောင်ထွက်ကာ ပြုံးချိုနေသော မမမျက်နှာလေးကို ပို၍ လင်းလက်စေသည်။

"မမကတော့ တကယ်ကို လှသွားပြီ။ ကိုပိုင် စွဲသွားမှာတော့ အသေအချာ"

"ဟယ် ဒီကောင်မလေး။ ကိုယ့်အစ်မကို ကိုယ် ဒီလိုပဲပြောရသလား"

မမ,မဟူရာ ရှက်စနိုးလေးနဲ့ဆိုလျှင် စစ်စစ် သဘောတကျရယ်မိသည်။

"မမကလည်း ရှက်နေပြန်ပြီ၊ အခုသွားမယ့်ပွဲက မမ စွံတဲ့အကြောင်း ကြေညာမယ့်ပွဲလေ"

"ဟုတ်ပါတယ်၊ မမကို စွံအောင်ပွဲထုတ်ခါမှ ညည်းလေး စွံသွားပါဦးမယ်၊ ပြင်နေတာ ပြီးကိုမပြီးနိုင်ဘူး၊ တကတဲ မြန်မြန်ပြင်ပြီး အောက်ဆင်းလာ၊ ဒယ်ဒီနဲ့ မာမီ အဆင်သင့်ဖြစ်နေပြီ ညီမရဲ့"

"အေးပါ၊ မကြာပါဘူး။ နောက်ထပ် ငါးမိနစ်ပဲစောင့်"

စစ်စစ် လက်ချောင်းလေးလှုပ်ပြကာ မြူးမြူးလေးဆိုသည်။ မမက စစ်စစ်ကို ချစ်မျက်စောင်းနဲ့ကြည့်ပြီး စစ်စစ်အခန်းထဲမှ ပြန်ထွက်သွားသည်။

မမပြန်ထွက်သွားတော့ စစ်စစ် ပခုံးလေးပင့်ကာ ပြုံး၏။ ပြီးတော့ မှန်ဘက်ပြန်လှည့်ရင်း ရှဲဒိုးခြယ်သည်။





အခုသွားရမယ့်ပွဲက မမ မဟူရာပွဲလေ။

ဒယ်ဒီနဲ့မာမီက မမကို ယောကျ်ားပေးစားမလို့ စီစဉ်ထားတာလေ။

ဒယ်ဒီ့မိတ်ဆွေ ဦးမြင့်မိုရ်ရဲ့ တစ်ဦးတည်းသောသား အာကာပိုင်နဲ့။

ကိုပိုင့်မိဘက စစ်တို့မိသားစုကို ထမင်းဖိတ်ကျွေးတဲ့ပွဲ။ ဒီပွဲကို အိမ်မှာမလုပ်ပါ။ စားသောက်ဥယျာဉ်မှာလုပ်မှာ။ ကိုပိုင့်မိဘများရဲ့ တခြားမိတ်ဆွေတွေလည်း ပါဦးမယ်။ ဒယ်ဒီရဲ့ စီးပွားဖက်မိတ်ဆွေနဲ့ လုပ်ငန်းရှင်တချို့လည်း ပါမှာဖြစ်သလို အားလုံးရဲ့သားသမီးတွေလည်း အသီးသီး ပါကြမှာလေ။

ရိုးရိုးထမင်းစားပွဲမျိုး မဟုတ်တော့ပါ။ မမနဲ့ကိုပိုင့်ကို ပွဲထုတ်တဲ့ ညစာစားပွဲလေးဆိုလည်း မမှား။ မမကလည်း ရင်ခုန်စိတ်ကလေးနဲ့-ရှက်ရွှင်လို့နေသည်။

မမနဲ့ကိုပိုင်က ချစ်သူလည်းမဟုတ်၊ ရည်းစားလည်း မဟုတ်။ လူကြီးမိဘ မိတ်ဆက်ပေးလို့ သိရတာမှ မကြာသေးပါ။ ကျောင်းပြီးကတည်းက ကိုပိုင် ပြင်သစ်မှာ အလုပ်သွားလုပ်နေတာ ဆယ်နှစ်နီးပါး။ မိဘက အိမ်ထောင်ချပေးဖို့ခေါ်လို့ ပြန်လာတာ လပိုင်းပဲ ရှိသေးတယ်။

ကိုပိုင့်မိဘက မမကိုသဘောကျလို့ ဒယ်ဒီကို ဖွင့်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီကလည်း လက်ခံတယ်။ မမကို ဖွင့်ပြောတော့ မမက မငြင်း။

ခေါင်းငုံ့ကာ ရှက်ရှက်နဲ့ နေခြင်းဖြင့် ကိုပိုင်ကို သဘောကျကြောင်း အချက်ပြလိုက်သည်။

ကိုပိုင်ကလည်း ဘာထူးလဲ။

မိဘဆန္ဒအတိုင်း မမကို ကြည်ဖြူစုံမက်သောမျက်လုံးများဖြင့် ကြည့်လျက် တစ်ယောက်နဲ့တစ်ယောက် စကားတစ်ခွန်းမှမပြောဆိုကြဘဲ လက်ခံကြတဲ့အဖြစ်။

ဗစ်စစ်ဆိုရင် အဲသလိုကြီး သဘောကျမှာမဟုတ်ဘူး ထင်တာပေါ့။ စစ်က စစ်သဘောကျတဲ့ ယောက်ျားကိုမှ။ စစ်သဘောကျဖို့ ဆိုတာက လူကြီးတွေမိတ်ဆက်ပေးလို့ ဆုံရမယ့် လမ်းရိုးဟောင်းကြီးနဲ့ မဆုံချင်ဘူး။

''စစ်က သေချာစူးစမ်းကြည့်မယ်၊ စကားတွေ ဘာတွေ ပြောကြည့်ဦးမယ်၊ သူ့စိတ် ကိုယ့်စိတ် ဘယ်လိုရှိလဲ ဆွေးနွေးကြမယ် စစ် သဘောကျလောက်မှ ခေါင်းညိတ်မယ်၊ မမလို မာမီတို့မိတ်ဆက်ပေးရုံနဲ့ လက်မခံပေါင်''

အဲဒီတုန်းက စစ် အမြင်အတိုင်းပြောမိတော့ မမက ရယ်မောနေသည်။

''ညီမလေးက စိတ်ကူးယဉ်ဆန်နေတာကိုး''

''ဟွန်း စိတ်ကူးယဉ်ဆန်နေတာ ဟုတ်ဘူးမမရဲ့၊ စစ် စိတ်ကူး





ယဉ် မဆန်ဘူး။ လက်တွေ့ကျကျ ပြောတာ''

''မမလည်း ညီမလိုပဲ လက်တွေ့ကျကျ ရွေးတာလေ''

''ဟွန်း မမရွေးတာက အရုပ်ရွေးသလိုကြီး၊ စစ်က အဲလို မရွေးဘူး''

''ကဲ ကိုယ့်အလှည့်ကျမှ ကိုယ်ရွေးချယ်ချင်သလို ရွေးပေါ့ ညီမရယ်၊ အခု မမအလှည့်လေ''

''ဟုတ်ပါတယ်၊ စစ်က သဘောပြောပြတာပါ''

ညီမနှစ်ယောက် ပြောဖြစ်ကြတာက ပွင့်ပွင့်လင်းလင်းရယ်။ မမနဲ့စစ်က ဆယ်နှစ်ကွာပေမယ့် ဘယ်ကိစ္စမဆို သူ့အမြင် ကိုယ့်အမြင် ထုတ်ပြောနေကျ။

ဒါတောင် စစ် အင်္ဂလန်မှာ ကျောင်းသွားတက်နေလို့ နှစ်နှစ် လောက် ဝေးနေကြတာ။ စစ် စာမေးပွဲပြီးလို့ ပြန်လာတဲ့အချိန်မှာ မမ တို့ကိစ္စကို ဒယ်ဒီတို့ အချိန်တော့ပြီး စီစဉ်ထားခြင်း။

ဘာပဲဖြစ်ဖြစ် မမ ကျေနပ်တယ်၊ လက်ခံတယ်ဆိုရင်တော့ ပြီးပြီပေါ့။

စစ်အလှည့်ကျမှ။

ဟုတ်တယ်။

စစ်အလှည့်ကျရင် စစ် စိတ်ကူးထဲကအတိုင်း လက်တွေ့ကျကျ ဆွေးနွေးလိုက်မှာလေ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့၊ အဲ အလှပြင်လို့ မပြီးသေးဘူး။ စစ်ဝတ်မယ့်ဝတ်စုံလေးက မမနဲ့ ဆန့်ကျင်ဘက်။ မမက ပန်းသွေးရောင် မြန်မာဝတ်စုံဝတ်မယ်ဆိုတော့ စစ်က အင်္ဂလန်ကဝယ်လာတဲ့ ခြေသလုံးလယ်လောက်ရှည်တဲ့ အနောက်တိုင်း ဂါဝန်စိမ်းစိမ်းလေး ဝတ်ဖို့ ကြိုတင်ပြင်ဆင်ပြီးသား။

အကျီက ပခုံးပြောင်ဖြစ်ပေမယ့် ရင်စည်းပုံစံရဲ့အထက်မှာ အသားကပ် စတေကာလေး ကပ်ရမယ့် လိပ်ပြာဒီဇိုင်း။ နှုတ်ခမ်းကို ရွှေဝါရောင်လေးဆိုးပြီး ပါးပြင်မို့မို့လေးနဲ့ မျက်ခွံကို အစိမ်းရောင်လွှင်နေတဲ့ ရှဲဒိုးလေး သုံးလိုက်သည်။

ဆံပင်ကိုတော့ ဒီအတိုင်းဖြန့်ကာ။ ပခုံးပေါ်ဝဲနေတဲ့ဆံပင်က ဆေးဆိုးထားတဲ့အတိုင်း ဝါကြွင်ကြွင်လေ။ ရတနာတွေ ထုတ်မဆင်တော့ပါ။

ကျောက်စိမ်းခြယ်ထားတဲ့ လက်ကိုင်အိတ်သေးသေးလေးသာ ထုတ်ကိုင်ပြီး ဟီးလ်ထောင့်ချွန်ဖိနပ်မြင့်မြင့်လေး စီးသည်။

ထိုအခါ စစ်စစ် အပြင်အဆင်လေးက အလန်းလေးဖြစ်လို့သွားသည်။ ပုလဲစစ်ဆိုတာ ဒီလိုလေးလန်းပါလားလို့ ဒီပွဲမှာ ထင်ရှားသွားစေရမယ်။ အဲ မမပြီးရင်ပေါ့။

ဟုတ်တယ်လေ။ မမပွဲလေးမို့ မမကို ဦးစားပေးရမယ်။ ဒါတော့ စစ်စစ် သိပါတယ်။ မမ,မဟုတ်ရောက စစ်စစ်အစ်မရင်း မဟုတ်လား။





ပြီးတော့ မမနဲ့ပတ်သက်ပြီး ခဲအိုလည်း ရှိဦးမှာလေ။

ဘာလိုသေးလဲ။

အဲ အဲ လိုတာ;,ပို့။

စစ်စစ် ရွေးချယ်တဲ့သူ တစ်ယောက်လောက်တော့ မြင်ချင်စမ်းရဲ့။ ဟုတ်တယ်၊ မြင်ချင်ပါတယ်ကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"လာ ကိုသိမ်း"

ဦးမြင့်မိုရ် ကားတံခါးပါ ဆွဲဖွင့်ရင်း လှိုက်လှိုက်လှဲလှဲ ခေါ်သည်။

"ကိုယ်တို့ နောက်ကျနေပြီလား မြင့်မိုရ်"

ဒယ်ဒီ ကားပေါ်က ဦးစွာဆင်းရင်း မေးသည်။ ဦးမြင့်မိုရ်က ဒယ်ဒီ့ပခုံးကို ဖက်ရင်း –

"သမီးရှင် နောက်ကျတာ သဘာဝကျပါတယ်ဗျာ"

"ဟား ဟား ဟား"

ဦးမြင့်မိုရ် ရယ်ရယ်မောမောပြောတဲ့နောက်မှာ ဒယ်ဒီ တဟားဟား အော်ရယ်သည်က သဘောကျစွာ။





"ဟုတ်တယ်ဗျို့၊ ကိုယ့်သမီးအငယ်မလေး၊ အလှပြင်နေတာ ဦးကို မပြီးတော့ဘူး။ ဒါကြောင့် နောက်ကျသွားတာ"

"ဒယ်ဒီကလည်း"

မမသေားက နောက်ခုံးမှ ကားပေါ်ကဆင်းမိတဲ့ စံစံ မျက်နှာလေးရှုလျက် ဝင်ပြောလိုက်သည်။

ဟုတ်တယ်လေ။ ဒယ်ဒီက စံစံအလှပြင်နေလို့ နောက်ကျတယ်ဆိုတဲ့အကြောင်း ထုတ်ပြောစရာလားလို့။ စံစံ ပြောပြီး ခွဲနွဲ့တဲ့မျက်စောင်းလေးထိုးတော့ ဒယ်ဒီက ရယ်နေဆဲ။ အန်ကယ်မြင့်မိုရ်က စံစံကို လှမ်းကြည့်၏။

စံစံ နှုတ်ခမ်းစူနေတာမြင်တော့ မျက်ခုံးကြီးမင့်ပြီး–

"သမီးငယ် အလှပြင်နေလို့ ကြာတာတဲ့၊ ဟုတ်ရဲ့လား သမီးငယ်ရယ်"

"အိုး ဒယ်ဒီ့ဘာသာ လျှောက်ပြောနေတာ အန်ကယ်ရဲ့"

"ဖြစ်နိုင်ပါတယ်၊ ဟား ဟား ဟား"

"ဟွန်း"

အန်ကယ်က ဘာမှန်းမသိဘူး။ စံစံတက်က ဝင်ပြောသလိုလိုနဲ့ ဒယ်ဒီလေသံနောက်လိုက်ပြီး ရယ်ပြန်သည်။

"ကဲပါ၊ လူကြီးတွေဖြစ်ပြီး ကလေးကို နောက်နေရတယ်လို့ တာ လာ သမီးငယ် အန်တီ့ဆီကို၊ သား ပိုင်ပိုင်ရေ သမီး မယူရာကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဦးလေ''

နောက်ကျပြီးမှ စစ်စစ်တို့ကားနားရောက်လာတဲ့ အန်တီမေရီလွင်။ ဒယ်ဒီနဲ့အန်ကယ်ကြား ဝင်ရပ်ရင်း စစ်စစ်ကို လက်ဆွဲခေါ်သလို အနောက်မှာ ရပ်နေသေးတဲ့ကိုပိုင့်ကိုပါ တစ်ဆက်တည်း ပြောသည်။

ကိုပိုင်က လူကြီးတွေရှေ့မို့ ထင်တယ်၊ ကျွန်မြရနေသလို မမလည်း မှင်ကောင်းနေသည်။ အန်တီပြောခါမှ မမနား ကိုပိုင် ကပ်သွားသည်။

ဒယ်ဒီနဲ့အန်ကယ်က သားသမီးကို အခွင့်အရေးပေးကာ ရှေ့ကသွားနှင့်၏။ အန်တီမေရီလွင်က မာမီကိုပါ လက်တစ်ဖက်နဲ့ ဆွဲခေါ်သည်။

''လာ မြမြ၊ ဒင်းတို့နှစ်ယောက် ဖအေတွေဖြစ်ပြီး နည်းနည်းမှ ကျွန်မြမရဘူး။ သားသမီးတွေကို စ,စရာ နောက်စရာများ အောက်မေ့နေလား မသိဘူး''

''ဟုတ်တယ် လွင်ရဲ့၊ ကိုသိမ်းက သမီးငယ်ကို နောက်လိုက်ရမှ''

''ဘာထူးလဲ ကိုမြင့်ရော၊ သားကိုပဲ ရမယ်ရှာပြီး နောက်လိုနောက်၊ ပြောင်လိုပြောင်နဲ့၊ သားခမျာ နဂိုကတည်းက ရှက်နေရတဲ့အထဲ သမီးမဟုတ်ရာဆီ ခြေဦးမလှည့်ရဲအောင်ဘဲလေ၊ သားက ဖအေဆိုတဲ့စိတ်နဲ့ အရှက်ပိုပြီး ရှောင်ဖယ်နေလို့ လွင်က တစ်ပြောတည်း ပြောနေရတယ်၊ သားကို မနောက်ပါနဲ့လို့''





''ဖြစ်ရမယ်''

မာမီက အန်တီလွင်ပြောသမျှ ထောက်ခံပြန်သည်။ ဟုတ်ချင်သည်း ဟုတ်မှာပေါ့။ ဒါကြောင့် ကိုပိုင်က မရဲတရဲ အမူအရာလေးနဲ့ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေတာကိုး။ မမကလည်း ကိုပိုင့်အတိုင်းလေ။

''လာ လာ သမီး''

အန်တီလွင်က မမနဲ့ကိုပိုင်ရှေ့ကနေ ဒယ်ဒီတို့နောက် ဦးဆောင်ခေါ်သွားသည်။

''ညှော်သည်တွေ စုံနေပြီ မြမြရဲ့''

''အိုး အားနာစရာကွယ်''

''ရပါတယ်၊ အချင်းချင်းတွေပဲဟာ၊ ဘာ့ အားနာစရာလိုလဲ၊ သမီးငယ်လေးအလှကြိုက်တာ သိနေတာပဲ''

''ဟွန်း အန်တီကလည်း''

စစ်စစ် ခြေလေးဆောင့်ကာ အန်တီလွင်လက်တွဲကို ဖြုတ်ချလိုက်သည်။ မာမီနဲ့အန်တီလွင်က သဘောတကျရယ်ရင်း –

''ကဲ သမီးဘာသာ လွတ်လွတ်လပ်လပ်နေ၊ ဟုတ်ပြီလား''

ဒါပဲပြောပြီး စစ်စစ်ကိုချန်ခဲ့ကာ မာမီက အန်တီလွင်ဦးဆောင်ရာအတိုင်း စားသောက်စားပွဲဆီ လှမ်းသွား၏။ စစ်စစ် အလှမ်းသီးတွေ ချိတ်ထားတဲ့ ပန်းရုံကြီးဘေး ပေကာတ်ကာတ်ရပ်လျက် ညှော်ခံပွဲကို ဖြန့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဝိုင်းက ဆယ်ဝိုင်းမကပါ။ ညှိသည့်တွေလည်း အပြည့်။ မိသားစုလိုက် နွေးနွေးထွေးထွေး ရှိကြသည်။ ဒယ်ဒီနဲ့လည်း ထိုညှိသည့်တွေ မိတ်ဆက်နေတာ ပြီးပဲ မပြီးနိုင်တော့ပါ။

မမနဲ့ကိုပိုင်တွဲလျက် စားပွဲထဲဝင်သွားတော့ ဒယ်ဒီတို့ နှစ်ဖက်မိဘရဲ့မိတ်ဆွေတွေ ဝိုင်းပြုံကြည့်ကြတာမို့ မမတို့အတွဲက ရှက်နေသေးသည်။

စစ်စစ်က ထောင့်ဆုံးကျကျစားပွဲမှာပဲ တစ်ယောက်တည်း ထိုင်ကာ မမတို့ကိုပဲ ငေးနေလိုက်သည်။ စစ်စစ်က မမနားကပ်နေလို့မှ မဖြစ်တာ။ ဒါကြောင့် တစ်ယောက်တည်း ခွဲနေခြင်း။

တစ်ယောက်တည်းဖြစ်နေတဲ့ စစ်စစ်ကို ဒယ်ဒီမိတ်ဆွေရဲ့ သားသမီးတွေ မသိမသာ လှမ်းကြည့်ကြသည့်က စိတ်ဝင်တစား။ တချို့ရွယ်တူကောင်လေးတွေ စစ်စစ်နဲ့ လာရောကြသည်။

စစ်စစ်က လူမှုရေးအရ အားလုံးကို ဖော်ဖော်ရွေရွေ ဆက်ဆံကာ သူတို့ဝိုင်းဖွဲ့ကာ ထိုင်မယ်ဆိုလာတော့လည်း စစ်စစ် ထိုင်ခွင့်ပြုလိုက်သည်။

သတ္တ၊ ဇော်နဲ့ အဓိက၊ ပန်းနုနုနဲ့ ချယ်ရီသွေးဆိုတဲ့ ရွယ်တူမိန်းကလေးနှစ်ယောက်လည်း ပါသေး။ အားလုံး ကိုယ်စီနာမည်တွေ မိတ်ဆက်ကာ ညစာတစ်ဝိုင်းတည်း အတူစားဖြစ်သည်။

မမနဲ့ကိုပိုင်က တစ်ဝိုင်းသီးသန့်၊ ဒယ်ဒီ၊ မာမီနဲ့လူကြီးတွေကတခြား။ အားလုံးကိုယ်စီ ပျော်ပျော်ရွှင်ရွှင် စားသောက်ကြကာ။ စားသောက်နေရင်း စစ်စစ်မျက်လုံးကို အလင်းပြန်သလို ခံစားရသည်။ မီးရောင်က ထိန်ထိန်လင်းနေသည်မို့ ဘယ်ကအလင်းမှန်းလည်း မသိ။

ထိုအလင်းက မျက်နှာကိုလာမှန်လိုက် လွဲသွားလိုက်နဲ့ မျက်လုံးဆီ ရောက်လာလိုက်တဲ့အခါလည်း ရောက်ပြန်သည်။ ထိုအလင်းကြောင့် စားသောက်ရင်း မသိမသာလေး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်၏။ စစ်စစ်တို့ စားသောက်ဝိုင်းရဲ့ညာဘက် တစ်ယောက်တည်း စားသောက်နေတဲ့လူရွယ်။

စားပွဲပေါ် လက်တင်ကာ စားလိုက်သောက်လိုက်နဲ့ လက်လှုပ်ရှားတဲ့အတိုင်း သူ့လက်ကောက်ဝတ်က နာရီဝိုင်းအလင်းက စစ်စစ်ဆီ ရောက်လိုက် လွဲသွားလိုက်နဲ့ ဖြစ်နေတာလေ။

ပုံစံလေးက အသန့်၊ ဖြူဆွတ်ဆွတ် တီရှပ်လက်တိုနဲ့ စတိုင်လ်ခန့် တွဲဝတ်ထားတာမို့ စမတ်ကျနေသည်။ မီးရောင်အောက်မှာမို့ သူ့အသားအရေ ကြည်လင်လဲ့ဖြာကာ ဘေးတစောင်းဖြစ်နေတာကြောင့် တော်လေးစင်းနေတာက အထင်ပေါ်ဆုံးဖြစ်သည်။

''သူ ဘယ်သူလဲ''

စစ်စစ် မေးထိုးရင်း အသံတိတ်မေး၏။ သတ္တတို့တစ်ဖွဲ့လုံးက သူ့ကို စူးစမ်းတဲ့မျက်လုံးနဲ့ ဝိုင်းကြည့်၏။ တစ်ယောက်တည်း စိတ်အေးလက်အေး စားသောက်နေတဲ့သူ့ကို ကြည့်ရင်း အားလုံး ပြုံးတူ







www.burmeseclassic.com

www.burmeseclassic.com



ခေါင်းယမ်းကာ –

"မသိဘူး စစ်စစ်ရဲ့"

ပန်းနုနုက အသံတိုးတိုးနဲ့ဖြေသည်။

"ဟွန်း၊ ဘာလို့မသိရတာလဲ"

"မသိလို့ မသိတာလေ"

"အဲဒီလူက ချယ်ရီတို့ဝိုင်းဘက်က မဟုတ်ဘူး၊ သူတို့ဘာ သူတို့ အလွတ်လာစားတဲ့သူတွေ ဖြစ်မယ်"

"ဟုတ်တယ်၊ အနန်ကယ်မြင့်က ကိုယ်တို့မိသားစုအားလုံး အတွက် ဒီဘက်ခြမ်း စားဝိုင်းသီးသန့် လုပ်ခိုင်းထားတာ၊ အလယ် တည့်တည့်မှာ ပန်းအိုးကြီးတွေခြားပြီး ကန့်ထားတာလေ၊ မိတ်ဆွေ ဧည့်သည်တွေနဲ့ တခြားစားသောက်သူတွေ မရောထွေးအောင်"

"အင်း"

အဓိက ဝင်ပြောတာ ဖြစ်နိုင်သည်၊ စစ်စစ်တို့ရှိတဲ့ စားဝိုင်းဘက် အခြမ်းက စားသောက်သူအဝင်အထွက် မရှိပါ။ ပန်းအိုးကြီးရဲ့ ဟိုဘက် ခြမ်းက စားဝိုင်းတွေက လူစုံ။

မိသားစုအလိုက် ပါသလို နှစ်ယောက်တည်း တစ်ဝိုင်း၊ တချို့ စားဝိုင်းတွေက အလွတ်၊ သူက တစ်ယောက်တည်း၊ ဘယ်ကိုမှ ကြည့်တာ ရှုတာလည်း မရှိ။

တစ်ယောက်တည်း စားနေတာ ပတ်ဝန်းကျင်ကိုလည်း သ





ထားမိပုံ မပေါ်။ သူ့လက်က နာရီမှန်အလင်းကြောင့် စစ်စစ် သတိထား မိတယ်ဆိုတာလည်း ဒင်းက သိဟန်မတူ။

"ဘာလဲ စစ်စစ်၊ စိတ်ဝင်စားလို့လား"

ဖေဖေက ရယ်ရယ်မောမောနဲ့ ပွင့်ပွင့်လင်းလင်းမေး၏။

စစ်စစ် ပခုံးလေးပင့်ကာပြုံးလျက်၊ သူ့ကိုပဲ စိုက်ကြည့်နေလိုက် သည်။

"ပြောလေ၊ စိတ်ဝင်စားတယ်ဆိုရင် ကိုယ်တို့ မိတ်ဖွဲ့လိုက် မယ်"

"ဟွန်း"

စစ်စစ် နှာခေါင်းရှုံ့ကာ ငြင်းပယ်လိုက်သည်။

"ဘာလဲ၊ ကိုယ်တိုင်မိတ်ဖွဲ့မယ်ဆိုတဲ့ သဘောလား"

သတ္တု ဒိုင်းခနဲမေးလျှင် စစ်စစ် ရယ်မောလိုက်သည်က ဝန်ခံ ရှာ။

"ဟယ်တော်"

ချယ်ရီသွေး တအံ့တသြကြည့်လျှင် တစ်ဖွဲ့လုံး သဘောတကျ ရယ်ကြလေသည်။

"အိုကေ၊ ဒီညတော့ အမှတ်တရ ဖြစ်စရာအကောင်းဆုံး ညပဲ ဘဲ စစ်စစ်၊ စလိုက်ကွာ၊ စစ်စစ် အစွမ်းအစကို ကိုယ်တို့ စောင့်ကြည့်ရင်း အားပေးကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဓိက အားပါပါပြောလျှင် ပန်းနုနုတို့ လက်မ,ထောင်ကာ တွန်းအားပေးသည်။

စစ်စစ်ကလည်း စူးစမ်းချင်တာမို့ လက်မလေး ထောင်ကာ။

စစ်စစ် မြင်ချင် တွေ့ချင်နေတဲ့သူက ဒီလို အသန့်လေး ဖြစ်နေမလား။

စမ်းကြည့်ရတာပေါ့။

ညကတော့ ရောင်စုံမီးပွင့်တွေကြားမှာ လှနေဆဲ။

✿ ✿ ✿



## အခန်း (၃)

''ညီမလေး စစ်စစ်''

မမ မဟူရာခေါ်သံလေးနဲ့ စစ်အခန်းထဲ ရောက်လာသည်။ စစ်စစ်က ဖက်ရှင်ရှော့ပ်က ဝယ်ခဲ့တဲ့အင်္ကျီတွေ တစ်ထည်ပြီးတစ်ထည် ဝတ်လိုက် ချွတ်လိုက်နဲ့ အလုပ်ရှုပ်လျက်။

''ဒီအင်္ကျီလေး လှရဲ့လား မမရဲ့၊ ကြည့်ပေးပါဦး''

ကိုးရီးယားမိတ် ဆွဲသားအင်္ကျီလေးက ခါးမှာ ခါးပတ်အပြား ကြီး ပတ်ရတဲ့ ဒီဇိုင်းမျိုး။ လက်ဝကရှည်ရှည်ဖားဖားနဲ့ အိသွဲ့စင်းကျနေ သည်။ အစိမ်းနုနဲ့အဝါ နှစ်ရောင်စပ်ထားတဲ့ ထိုအင်္ကျီကို ကိုယ်မှာကပ် ထားရင်း မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမ စစ်အနားလာပြီး –

"အဟင့် ကြည့်ပေးပါဦးတဲ့၊ စစ်စစ်ဘာသ ကြိုက်လို့ ဝယ်ခဲ့ပြီပဲ၊ စစ်စစ်မျက်လုံးထဲမှာ လှနေလို့ပေါ့"

"အို၊ စစ်မျက်လုံးထဲမှာ လှဖို့ထက် ကြည့်တဲ့သူမျက်လုံးထဲမှာ လှဖို့လိုလိုပေါ့ မမရဲ့"

"အဲ့မယ်၊ ကြည့်တဲ့သူမျက်လုံးထဲမှာ လှဖို့တဲ့"

"ဟုတ်တယ်လေ မမရဲ့၊ စစ်စစ် ဒယ်ဒီ့ကုမ္ပဏီသွားဖို့လေ၊ စစ်စစ်ကိုကြည့်လိုက်တာနဲ့ အင်္ကျီလေးနဲ့ စစ်က လိုက်ဖက်ပြီး လှနေတာမျိုးပဲ ဖြစ်စေချင်တယ်၊ ဒါကြောင့် မမကို ကြည့်ခိုင်းတာ၊ မမမျက်စိထဲမှာ လှနေလား၊ မမက လှတယ်ဆို သူများလည်း လှတယ်လို့ မြင်မှာပဲ၊ ဒါကြောင့် မမကိုမေးရတာ"

"လှပါတယ် ညီမရယ်၊ လှပါတယ်ကွယ်"

မဟူရာမြင်တဲ့အတိုင်း ပြောလိုက်တော့ ညီမလေးက ကျေနပ်သွားပြီး၏။ တစ်ဆက်တည်းလည်း မွေ့ရာမှာထိုင်ချလိုက်တဲ့ သူမနား ပြေးကပ်လာရင်း ပါးပြင်လေးကို မထိတထိ မွှေးပြီး –

"ဒီလိုမှပေါ့ မမရဲ့၊ ဟင့် ဟင့် ဟင့်"

"တကယ်လှပါတယ် စစ်လေးရယ်"

"လှရမယ်လေ၊ မမညီမပဲဟာ"

မဟူရာ မျက်စောင်းလှလှထိုး၏။ ညီမက ပျော်မြူးလျက် ထို





အင်္ကျီလေးကို ဝတ်ဖို့ပြင်သည်။ အစ်မရှေ့မှာမို့ ရှက်တာတွေ ဘာတွေ မရှိပါ။ ဝတ်ထားတဲ့ဂါဝန်လေးကို နောက်ဇစ်ဆွဲချကာ ချွတ်ပုံလိုက်ပြီး ထိုအင်္ကျီလေးကို ဝတ်၏။

အောက်က စတော်ကင်အနက်ကလေးနဲ့၊ ဘာမှ ထွေထွေထူးထူး မပြင်မဆင်ဘဲနဲ့ ညီမကလှသည်။ ညီမရဲ့အသားအရေက ရွှန်းရွှန်းစိုစို ရှိရုံမက ပြည့်တင်းကာ ဖြူဝင်းနေသည်။

ကုပ်ဝဲဆံပင်က အဖျားလေးများ ကော့လန်လန်လေးနဲ့ ဖူးကြွကြွမျက်နှာလေးက ပေါ်လွင်သည်။ မျက်နှာအစိတ်အပိုင်းအသီးသီးကို ဘာလာမခြယ်ထားပေမယ့် သဘာဝအသွေးအတိုင်း လှပလို့နေသည်။

သူမက တည်တည်ငြိမ်ငြိမ်ရှိသလောက် ညီမငယ်က မြူးကြွသည်။ ဆိုးဆိုးဆတ်ဆတ်နိုင်၏။ စိတ်ထဲဖြစ်သမျှကို လိုက်လုပ်တတ်သည်။ စဉ်းစဉ်းစားစားပြုဖို့ထက် လုပ်ချင်ရာလုပ်လိုက်သည်က ညီမရဲ့ပိုင် စရိုက်။

မိဘနဲ့အစ်မအပေါ် ထိုသို့ပြုတတ်တာ ချစ်စရာကောင်းနေပေမယ့် တစ်ပါးသူအတွက်ဆို အနှောင့်အယှက်ဖြစ်စေတာမျိုး မဟူရာ မဖြစ်စေချင်။ ဒါကြောင့် –

"ဒါနဲ့ စစ်စစ်"

"ဘာလဲ မမ"

စစ်က မှန်ရှေ့မှာ ကိုယ်လေးကို တစ်ပတ်လှည့်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မေးဖျားလေးထိုးကာ ဆိုချေသည်။ မဟူရာ မျက်နှာလေးကို ပြုံးထားလျက်နဲ့ပဲ –

"ဒင်နာပွဲညက စစ်စစ်လေး သူစိမ်းတစ်ယောက်ကို သွားရောတယ်ဆို"

"ဟွန်း၊ ဘယ်သူပြောလဲ"

"ဘယ်သူရှိရမလဲ ပန်းနုနုပေါ့"

"ဘာလဲ၊ မမ ဆူမလို့လား"

"မဆူပါဘူး"

"မဆူဘူးဆိုရင် အင်း"

သွက်သွက်လေးပြောရင်း ခေါင်းညိတ်ဝန်ခံလိုက်တဲ့ ညီမလေး။ မဟူရာ ပါးစပ်ပေါက်လေး ဟောင်းလောင်းပွင့်ချေ၏။

"ဘုရားရေ"

"မမကလည်း အဲဒါ ဘုရားတစရာလားလို့"

"ဟဲ့၊ သူစိမ်းယောက်ျားလေးတစ်ယောက်ကို မိန်းကလေးတန်မဲ့ အရင်ဆုံး သွားရောတာ သိက္ခာကျစရာ ဖြစ်နေမှာပေါ့ ညီမရဲ့"

"ဘာသိက္ခာကျစရာရှိလဲ မမရယ်၊ လူတစ်ယောက်နဲ့တစ်ယောက် လွတ်လပ်စွာ ခေါ်ပိုင်ခွင့်ရှိတယ်၊ ဘယ်သူအရင် ခေါ်ခေါ်လေ"

"စစ်စစ်"

မဟူရာ လန့်လန့်ဖျပ်ဖျပ်လေး ဖိခေါ်လိုက်မိသည်။ ထိုင်နေ





ရာမှလည်း မှန်ကြည့်လို့မပြီးသေးတဲ့ ညီမရှေ့ တိုးသွား၏။ စစ်စစ်က ပခုံးလေးပင့်ကာ မမှုပေါင်ဆိုတဲ့ဟန်ကလေးနဲ့ မဟူရာဘက်လှည့်၏။

"မမကလည်း အရာရာကို သစ်သစ်လွင်လွင် တွေးတတ်စမ်းပါ၊ စစ် စိတ်ထဲကရောချင်လို့ ရောလိုက်တယ်၊ စစ် ဘာဖြစ်လို့လဲ၊ ဘာပွန်းပဲ့ ကျန်ခဲ့စရာရှိလဲ၊ စစ်စစ် ခေါင်းထဲမှာ ရှိတောင်မရှိတော့ဘူး၊ အဲဒါကို မသိဘဲနဲ့ တခုတ်တယ လာပြောနေတယ်၊ မမပြောလာတာနဲ့ စစ်စစ် ပြန်သတိရချင်လာပြီ၊ အဟုတ်"

"ကြည့်စမ်း"

"ဟုတ်တယ် မမရဲ့၊ သတိရချင်လာပြီ၊ ဟင့် ဟင့် ဟင့်"

မြူးမြူးလေးပြောတဲ့နောက်မှာ မျက်ဝန်းမှာလည်း သတိရစိတ်နဲ့ လဲ့လဲ့လင်းလင်း ပြောသွားတဲ့ညီမ။ ဖျောင်းဖျပြောဆိုဖို့ စကားလေးတွေကို မထုတ်ရသေးခင် မဟူရာ ပြန်မျိုချရမလို ဖြစ်လာသည်။

"တကယ်ပြောတာ မမ"

မဟူရာလက်ကလေးကို ဆွဲယူသိမ်းဖက်ရင်း မဟူရာ့ပခုံးပေါ် ခေါင်းလေးတင်ပြီး ခပ်ချွဲချွဲပြောရှာတဲ့ ညီမ။ မလွယ်ပါလားလို့ မဟူရာ ခေါင်းလေး တွင်တွင်ယမ်းနေပြီးလေ။

စစ်စစ်က ပြောတဲ့အတိုင်းတကယ်မြင်ယောင်ကာ အပြင်သွားဖို့ ပင် မေ့လျော့လျက်။ ထိုညက အဖြစ်အပျက်လေး တရိပ်ရိပ်ပေါ်လာသည်။

✿



www.burmeseclassic.com

www.burmeseclassic.com



''ဟိတ်''

တူနဲ့ညှပ်ထားတဲ့ အသားတုံးလေးကို ခံတွင်းထဲထည့်မလို လုပ်နေတဲ့သူ။ စစ်စစ်ခေါ်သံနောက်မှာ အသားတုံးက ခံတွင်းထဲ မရောက်ဘဲ ပန်းကန်ထဲ ပြန်လွတ်ကျသွားသည်။

''အဟင့် ဟင့် ဟင့်''

အဲဒါလေးကို စစ်စစ် သဘောကျပြီး အသံထွက်ရယ်မိသည်။ သူ မော့ကြည့်လိုက်တာက အစိမ်းရောင်လိုက်ကာလေးနှယ်။

''ဆောရီးလို့ တောင်းပန်ရမလား''

စစ်စစ် ပြောရင်း သူနဲ့မျက်နှာချင်းဆိုင်မှာ ထိုင်ချလိုက်သည်။ ထိုအခါ သူ့အကြည့်က ပို၍ပင် စိမ်းမှောင်သွား၏။ လက်ထဲက ကိုင်ထားတဲ့ တူနှစ်ချောင်းကို ပန်းကန်မှာ ချလိုက်ပြီး –

''မင်းက ဘယ်သူလဲ''

အသံကလည်း စိမ်းသည်။ စစ်စစ်မျက်လုံးလေး ဝိုင်းထားလျက်နဲ့ ပြူးပြူးလေးပဲ စိုက်ကြည့်ပြီး –

''ပုလဲစစ်''

''ပုလဲစစ်''

သူ သံယောင်လိုက်ပြောလျှင် –





''ဟုတ်တယ်လေ၊ စစ်စစ်နာမည်က ပုလဲစစ်၊ အဲဒါ ဘာဖြစ်ဘဲ''

''အောင်မာ၊ မင်းကပဲ မေးနေရသေးတယ်၊ မင်းဟာမင်း ပုလဲစစ်ဖြစ်ဖြစ်, ပုလဲတုဖြစ်ဖြစ် အဲဒါ ငါနဲ့ဘာဆိုင်လဲ''

''စစ်ကလည်း ဆိုင်တယ်လို့ မပြောပါဘူး''

''ကျွတ်''

သူ အတော် စိတ်ပျက်သွားပုံရသည်။ စားပွဲထိုးကို လက်ရပ်ခါပြီး ကျသင့်ငွေပေးပြီး ထထွက်သွား၏။

''ဟေ့ ယူ''

စစ်စစ်ခေါ်ရင်း ချက်ချင်းထကာ သူ့နားသွားသည်။ သူ လှည့်ကြည့်။ ကားပါကင်ဆီသွားပြီး ကားမောင်းထွက်သွားလေသည်။

''ဟွန်း၊ ရာသီဥတုက အစိမ်းလိုက် ဖြတ်သန်းနေသည်ဆိုတာမျိုးထင်ရဲ့''

''ဟား ဟား ဟား''

စစ်စစ်တို့အခြေအနေကို စောင့်ကြည့်နေတဲ့ အစ်ကတို့ တစ်ချက် လက်ခုပ်လက်ဝါးတီးမတတ် ရယ်ကြ၏။ လှောင်ပြောင်ရယ်ကြတာမျိုး မဟုတ်မှန်း စစ်စစ် သိသည်။ စစ်စစ် ခြေကလေးဆောင့်ကာ–

''နေဦး''

သူ မစားဘဲထားသွားတဲ့ စားသောက်စားပွဲကို ငေးကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးသိမ်းဆည်းမလို လုပ်နေတာ ရပ်တန့်သွားသည်။ ဝိတ်တာကို မသိမ်းနဲ့လို့ လက်ပြတားလိုက်၏။

သူ ခံတွင်းထဲမရောက်တဲ့ ထမင်းပန်းကန်ပေါ် ပြန်ရောက်နေတဲ့ ဝက်သားတုံးကလေးကို စစ်စစ် နှမြောစွာ ကြည့်သည်။ ပြီးတော့ သူ ချထားတဲ့ တူနှစ်ချောင်းကို ကိုင်ကာ အသားလေးကို တူနဲ့ညှပ်၏။

''ဟဲ့ အဲဒါ ဘာလုပ်ဖို့လဲ''

ချယ်ရီသွေး ရယ်ရှိန်သတ်ပြီး လှမ်းမေးသည်။ စစ်စစ် နှုတ်နဲ့ မဖြေ။ ချက်ချင်း ခံတွင်းထဲ ထိုးထည့်ရင်း အဖြေပေးလိုက်၏။

''မရှုံမရှာ''

''ဟား ဟား ဟား''

ပန်းနုနု စကားမဆုံးခင် သတ္တတို့ယောက်ျားလေးတွေဆီက ရယ်သံထွက်လာသည်။ စစ်စစ်က ခပ်တည်တည်ပင်။

အီဆိမ့်နေတဲ့ ဝက်သားတုံးလေးကို အရသာခံဝါးရင်း ပန်းနုနု တို့ တစ်သိုက်ကို မျက်နှာပြောင်တိုက်လိုက်သည်။

ကဲ၊ ဘယ်သူ ဘာပြောနိုင်သေးလဲ။ ပုလဲစစ်ဆိုတာ ဒါမျိုးလေး လို့ သူသိသွားရင် ပြီးရော။ ဟုတ်တယ်လေ။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



## အခန်း (၄)

''ပုလဲစစ်''

အနားလာပြီး ခေါ်လိုက်တဲ့အသံ။ ဒီအသံစစ်စစ် မကြားဖူးပါ။ ကြည့်လိုက်တော့ စစ်နဲ့ရွယ်တူလောက်ရှိမယ့် လူငယ်လေး။ အပိုးကျိုးနေတဲ့ မျက်နှာဟန်လေးနဲ့ ခင်မင်နှစ်လိုဖွယ် ပြုံးထား၏။ ထိုလူရွယ်လေးကို စစ် မျက်မှောင်ကြုတ်လျက် ကြည့်ပြီး –

''ဘာလဲ နင်က''

''အန်ကယ်ဦးသိမ်းထိုက်သမီး ဟုတ်တယ်မဟုတ်လား''

''ဟုတ်တယ်ဆိုရင်ကော''

''တွေ့ရတာ ဝမ်းသာပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်"

စစ်စစ် နှုတ်ခမ်းလေးစူချွန်သွား၏။ ရန်တွေ့တော့မယ့်ဟန်လေးနဲ့လည်း လက်တစ်ဖက် ခါးထောက်မိ မတတ်ဖြစ်ကာ။

စစ်စစ် ရူးရူးစိုက်စိုက် ကြည့်လိုက်သည်။ ထိုအခါ လူရွယ်လေး မျက်နှာချိုသွေးသလိုနဲ့ ရယ်ပြပြီး –

"ကျွန်တော့်နာမည် သူရိယပါ၊ အန်ကယ်သိမ်းရဲ့ မွေးစားသား"

"ဪ၊ ဒယ်ဒီမွေးစားတယ်ဆိုတာ ရှင့်ကိုလား"

"ဟုတ်တယ်"

"ဟွန်း၊ ရှင့်အရွယ်ကြီးကို ဘာစိတ်ကူးပေါက်ပြီး ဒယ်ဒီမွေးစားရတာလဲ မသိဘူး"

စစ်စစ်ပြောလိုက်တော့ မျက်နှာချိုသွေးထားတဲ့ သူ့မျက်နှာလေးအား ငယ်စိတ်နဲ့ ညှိုးလျှသွားသည်။

မျက်လုံးဝိုင်းဝိုင်း နှာတံပေါ်ပေါ် မေးဖျားလေးချွန်ပြီး မျက်နှာလေးသွယ်သော သူရိယ ညှိုးကျသွားဟန်က နဂိုရှိတဲ့ မျက်နှာထက် ငယ်သွားသလို။

"စစ်စစ်က မကျေနပ်ဘူးလား"

"ဟာ ဘာမကျေနပ်စရာရှိလဲ၊ ဒယ်ဒီ မွေးစားတာ ဒယ်ဒီ့ကိစ္စနဲ့ ဘာဆိုင်လဲ၊ ကဲ ရှင် ဘာလဲ၊ အဲဒါပြောဖို့လား၊ ပြောဖို့ဆိုလည်း





ပြောပြီးပြီးလေ၊ သွားတော့၊ ဘာပေရပ်နေတာလဲ"

စစ်စစ် အသံမာမာလေးနဲ့ ဖိပြောလိုက်သည်။ သူ ခေါင်းငိုက်စိုက်လေးနဲ့ ထွက်သွားတာ ရှက်တာလည်းပါမည်။

မတတ်နိုင်ဘူးလေ၊

စစ်စစ်က ကိုယ့်ကိစ္စနဲ့ကိုယ် စိတ်လှုပ်ရှားနေတာ မဟုတ်လား။

စစ်စစ် ဒယ်ဒီ့ကုမ္ပဏီအလာမှာ သူ့ကို ရိပ်ခနဲတွေ့လိုက်ရလို့ မဟုတ်လား။ သူက ပလက်ဖောင်းပေါ်က သွားနေတာ၊ စစ်စစ်က ကားပေါ်မှာ။

အရေးထဲ မီးပွိုင့်မိလို့ ကားရပ်ထားတုန်း ဟိုဒီကြည့်နေရင်း မြင်လိုက်ခြင်း။ သစ်စိမ်းရောင်ဖျော့သော ရှပ်အင်္ကျီလက်ရှည်နဲ့ စတိုင်လ်ပင်န်အနက် တွဲဝတ်ထားတဲ့ သူ့ပုံစံက စိမ်းစိုလတ်ဆတ်နေသည်။

သူက တစ်ဖက်လမ်းဘေး ပလက်ဖောင်းပေါ်မှာ။

"ဟေး"

စစ်စစ် အလောတကော လက်ပြခေါ်မိသေးသည်၊ သူကြားဟန်မတူ၊ ကြားရင်လည်း လှည့်ကြည့်မှာ မဟုတ်တဲ့ဟန်မျိုးနဲ့။ အရေးထဲ မီးစိမ်းသွားတော့ သူ ဘယ်သွားတာလဲ သေချာကြည့် လို့မရပါ။

ဒါနဲ့ မီးပွိုင့်လွတ်တာနဲ့ ကားကို ပြန်မောင်းထွက်ရင်း နီးရာလမ်းထဲ ကွေ့ဝင်၊ ပြီးတော့ ကားကို တစ်ဖက်လမ်း ပြန်ကူး။ သူသွားတဲ့လမ်းဘက် ဦးတည်မောင်းခဲ့ပေမယ့် သူ့အရိပ်လေး မမြင်ရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းချိုးလေးတွေ တွေ့လို့ ထိုလမ်းတွေထဲ ကားမောင်းဝင်ကာ တစ်လမ်းပြီးတစ်လမ်း ပတ်ရှာသေးသည်။

မတွေ့။

ဘယ်လမ်းမှာမှ မတွေ့တော့ ရင်ထဲ တင်းရှုရှုဖြစ်သည်။ နောက်တစ်ကြိမ် တွေ့ဖို့က မလွယ်။

ဘာကို ရမယ်ရှာပြီး အပြစ်တင်လို့ တင်ရမှန်း မသိတော့ပါ။ ဒါပေမဲ့ စိတ်ထဲမှာတော့ သူ့ ကုပ်ပိုးအင်္ကျီစကို ဆွဲထားလိုက်ချင်သည်။

လုပ်ချင်ရာလုပ်ခွင့်မရတော့ စစ်စစ် စိတ်ကိုတင်းလျက်။

ဒယ်ဒီ့ကုမ္ပဏီ ရောက်မှန်းမသိ ရောက်ခဲ့တဲ့အဖြစ်။ ဒယ်ဒီ့ ရုံးခန်းကို စစ်စစ်သွားနေတုန်း အလိုက်မသိဘဲ လာခေါ်တဲ့ သူရိယ။

စစ်စစ်က သူရိယနဲ့ မျက်နှာချင်းဆိုင်ချင်တာ မဟုတ်ဘူးလေ။ စစ်စစ် အင်္ဂလန်မှာ နှစ်နှစ်ကျောင်းသွားတက်တဲ့အတောအတွင်း ပြောင်းလဲတာဆိုတာ သူရိယကိစ္စ တစ်ခုတည်းပဲ။

ဒီအကြောင်း မမ ဖုန်းဆက်ပြောလို့ သိရတာလေ။

''ဒယ်ဒီက သူရိယကို မွေးစားလိုက်တာ စစ်စစ်ရဲ့ ကောင်လေးက လိမ္မာရေးခြားရှိတယ်၊ သိလား။ ဒယ်ဒီ့အတွက် ဘော်ဒီဂတ်လည်း ဟုတ်, ဝန်ထမ်းလည်း ဟုတ်ပေါ့ကွယ်''

''ဟွန်း၊ မမကလည်း စစ်စစ် စိတ်မဝင်စားပါဘူး။ ဒယ်ဒီ့စိတ်နဲ့ ဒယ်ဒီ မွေးပဲစားစား, ဘော်ဒီဂတ်ပဲ ထားထားပေါ့''





''ညီမကို အသိပေးတာပါကွယ်''

''မလိုပါဘူး၊ ဒါပဲ မဟုတ်လား၊ ဖုန်းချလိုက်မယ်''

ထိုကိစ္စပြောကတည်းက စစ်စစ် အာရုံမရပါ။ ဦးစွာ စကားစ ဖြတ်ပြီး ဖုန်းချပစ်လိုက်သည်။

ဟုတ်တယ်လေ။

မဆိုင်တာချည်းကို။

ထိုကတည်းက စစ်စစ် ခေါင်းထဲမှာမရှိခဲ့တဲ့ သူရိယ။ စစ်စစ် မြန်မာပြည်ပြန်ရောက်ပြီး တစ်နေ့ မနက်စာထမင်းဝိုင်းမှာ ဒယ်ဒီစပြော သည်။

''ဒယ်ဒီရဲ့ မွေးစားသားလေးနဲ့ သမီးကို မိတ်ဆက်ပေးရဦးမယ်၊ သောလောဆယ် သားက ဒယ်ဒီနိုင်ငံတကာခရီးစဉ်တွေနဲ့ မန္တလေးရုံးခွဲရောက်နေလို့ သမီးရဲ့ သားပြန်လာတော့''

''ဟာ ဒယ်ဒီကလည်း၊ ထမင်းစားပျက်ပါတယ်၊ မပြောပါနဲ့၊ သာမှန်းကိုမသိဘူး''

စစ်စစ် မနှစ်မြို့တာလည်း မဟုတ်၊ ခါးသီးတာလည်း မဟုတ်။ ထမင်းစားထမင်းဝိုင်းမှာ မိသားစုဝင်တွေအကြောင်းမဟုတ်တာကို စစ်စစ် မထောင်ချင်။

''ဟုတ်သားပဲ၊ သမီးလေး ခေါင်းရှုပ်အောင် မပြောပါနဲ့ ကိုကို ရယ်''



www.burmeseclassic.com

www.burmeseclassic.com



မာမီက စစ်စစ်ဘက်ကနေ ဇယ်ဒီကို ဝင်ပြောသည်။ ဒယ်ဒီက

အစစအရာရာ လိုက်လျောပေးတတ်သူပီပီ။

"ကဲပါ၊ မပြောနဲ့ဆိုလည်း မပြောတော့ပါဘူးကွာ"

"ညီမလေးကို ဒယ်ဒီ ကြို့ပြောထားတာလေ"

ဒယ်ဒီက မပြောတော့ပေမယ့် မမက ဝင်ပြောသည်။ စစ်စ

မျက်လုံးစုံမှိတ်ပြီး အကြိမ်ကြိမ် ခေါင်းယမ်းပစ်လိုက်သည်။ ထိုအ

မာမီက မမကို မျက်ရိပ်ပြသည်။

သမီးငယ် မပြောစေချင်တာကို မပြောပါနဲ့ကွယ်ဆိုတဲ့ သဘော

ထုံးစံအတိုင်း မမကလည်း နှုတ်ဆိတ်နေလိုက်သည်လေ

မိသားစုအားလုံးက စစ်စစ်သဘောအတိုင်းချည်းသာ။

သူရိယက စစ်စစ်သဘောကို ကြို့သိနေဖို့ကောင်းသည်။

ခုတော့ စစ်စစ်စိတ်ကလေး သူ့ကြောင့် တင်းနေတဲ့အချိန်မှ

သူရိယမိတ်ဆက်တာနဲ့ ဆုံရတယ်လို့။

စစ်စစ်ပြောပြီး ဒယ်ဒီ့ရုံးခန်းထဲ ဝင်ခဲ့လိုက်တော့ သူ

ထောင့်ခန်းတစ်ခုထဲ သိမ်ငယ်တဲ့မျက်နှာညှိုးညှိုးလေးနဲ့ ချိုးဝင်သွား

သည်။

ပုလဲစစ်ဆိုတာ အဲဒါမျိုးရှင့်။

✿ ✿ ✿



## အခန်း (၅)

"တင်းတယ် တင်းတယ်၊ တင်းတယ် တင်းတယ်ဟေ့"

"ဟွန်း"

စစ်စစ်ကို တွေ့တာနဲ့ သင္တတို့အဖွဲ့ သီချင်းတစ်ပိုင်းတစ်စ

အော်ဆိုရင်းနောက်တယ်။

"ရှင်တို့နော်"

"သီချင်းဆိုတာကွ"

"တောက်၊ ဘာသီချင်းလဲ"

"အေသင်ရှိုဆွေဆိုတဲ့သီချင်းလေ၊ တင်းတယ် တင်းတယ်

တင်းတယ် တင်းတယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့"

အမိက,က ခပ်ရွှဲရွှဲပုံစံလေးနဲ့ ဆက်ဆိုတာကြောင့် စစ်စစ် အသံကုန်အော်ဟစ်လိုက်သည်။ ထိုအခါ ရယ်ရှိန်တွေ သတ်လိုက်ပြီး-

"ဟုတ်သားပဲ အမိကရယ်၊ ရှင်က ပိုကိုပိုပါတယ်၊ လာ လာ လေ စစ်စစ်"

ချယ်ရီသွေး ပြန်ဖြေသလိုပြောရင်း စစ်စစ်လက်ကလေးကို လာဆွဲသည်။ စစ်စစ်မျက်နှာလေးရှုပြီး ပေကတ်ကတ် ရပ်နေလိုက်သည်။ ထိုအခါ ချယ်ရီသွေးက အမိကတို့ကို ရယ်ရှိန်တွေ လုံးဝရပ်ပစ်ရန် မျက်ရိပ်ပြသည်။

အမိကတို့လည်း စစ်စစ်အလိုကျဖြစ်အောင် မျက်နှာလေးတွေ ပြုပြင်ကြပြီး –

"အလကားနောက်တာပါဟာ"

"ဘာနောက်တာလဲ၊ စစ်စစ်ကို ရွှဲသလိုပဲ"

"ဟုတ်ပါဘူးဟာ"

"ပျော်စေချင်လို့ပါကွ"

သတ္တာတို့ တစ်ယောက်တစ်ခွန်း ဝင်ပြောသည်က စစ်စစ် စိတ်ကျေနပ်စေဖို့။

"ကဲ၊ လာပါ စစ်စစ်ရယ်"

ပန်းနုနုနဲ့ ချယ်ရီသွေး တစ်ယောက်တစ်ဖက် လက်ဆွဲ





စစ်စစ်ကိုခေါ်သည်။ စစ်စစ် မျက်နှာကြောလေး အနည်းငယ်ပြယ်ကျကာ။

"ဒါပဲနော်၊ စစ်စစ်ကို နောက်စရာလို သဘောထားလို့ မရဘူး"

"မထားပါဘူးဗျာ"

"ဟွန်း၊ သူကခေါင်းဆောင်"

စစ်စစ် ရန်တွေ့သလို ပြောတော့ ဖောက ပခုံးလေးပင့်ရင်း-

"အဲဒီအတွက် စစ်စစ်ကို လျော်ကြေးပေးရမလား"

"ဘာလျော်ကြေးပေးမှာလဲ"

"စစ်စစ်အကြိုက်တွေ့စေမယ့် ကကွက်အသစ် ကပြမယ်"

"အိုကေ၊ စစ်စစ်မကြိုက်လို့ကတော့ တစ်မျိုးပြီးတစ်မျိုး ကနိုင်းမှာနော်"

"စိန်လိုက်လေ"

"ကဲလာ၊ အဲဒါဆို Dancing Room ထဲ သွားကြစို့"

"Yes"

အားလုံးပြိုင်တူ ပြောလျှင် စစ်စစ် စိတ်ရွှင်လန်းသွားသည်။ ထို့နောက် အကလေ့ကျင့်တဲ့ခန်းမထဲ ပြေးဝင်ကာ။

ရောင်စုံမီးထွန်းထားတဲ့ ခန်းမကြီး။

ကချင်စိတ်ရှိသော လူငယ်များ၏သွေးကို ချက်ချင်း နွေးသွားစေသည်။

ဒီဂျေတီးဝိုင်းကလည်း မြိုင်၏။

www.burmeseclassic.com



ဒီဂျေက သီချင်းတစ်ပုဒ်နဲ့တစ်ပုဒ် ပြောင်းလို့ပြောင်းမှန်းမသိအောင် Non-Stop လုပ်ပေးတာမို့ Tempo က အရေးကြီး၏။

ဒါမှလည်း Dancing Floor မှာ ကနေတဲ့သူ ပိုပြီး Mood ကောင်းမယ်လေ။ ဒါကြောင့် ဒီဂျေသမားကလည်း ကတဲ့သူတွေ ပျော်အောင်၊ မြူးကြွနေအောင် တာဝန်ကျေကျေနဲ့ စေတနာပိုနေကာ။

သတ္တာတို့ကလည်း စစ်စစ် စိတ်လေးရွှင်သွားဖို့ အဓိကဆိုတော့ စစ်စစ်ကျေနပ်အောင် ကကွက်ဆန်းလေးများကို အုပ်စုလိုက်ကကြသည်။

တင်ပါးလေး လိမ်လှုပ်ပြီး ကိုယ်ကိုနွဲ့ချလိုက်တဲ့ကိုယ်ဟန်က မြူးမြူးကြွတဲ့ ဂီတသံနဲ့အပြိုင်မို့ ကြည့်လို့ တအားကောင်းနေသည်။

စစ်စစ် သဘောကျစွာ လက်ခါးတီးကာ ရယ်မောလျှင် စိတ်ထဲရှိသမျှ တင်းမာမှုတွေ လွင့်ပါးသလို ခံစားရလေသည်။

သတ္တာတို့ ကကွက်ဆန်းလေးငါးခြောက်ကွက်ကို စစ်စစ် ကျေနပ်သွားသည်အထိ ဇွဲနပဲကြီးစွာ ကလျက်။

ကနေကြတဲ့ သတ္တာ၊ အဓိက၊ ဇော၊ ပန်းနုနုနဲ့ ချယ်ရီသွေးတို့ကိုယ်မှာ ချွေးတွေ ရွှဲရွှဲစိုကုန်သည်။ ဒါလည်း အကမရပ်သေး။

"လာ စစ်စစ်"

"လာကစမ်းပါ၊ ရှင့်စိတ်မြူးသွားအောင်"

"လာစမ်းပါ"

တစ်သိုက်လုံး စစ်စစ်ကိုခေါ်သလို ပန်းနုနု လက်မြန်စွာ ဆွဲ





ခေါ်လေသည်။

"ရှင်တို့ပဲ ကစမ်းပါ"

"မရဘူး။ က က၊ စစ်စစ်ကိုယ်တိုင်က"

သတ္တာတို့ပါ အတင်းပြောကာ ဝိုင်းဆွဲပြီး Dancing Floor ထဲ ဆွဲသွင်း၏။ သံစဉ်တွေကမြိုင်၊ အုပ်စုကလည်း တောင့်နေတာမို့ စစ်စစ်ရဲ့သွေးတွေလည်း နွေးကြွလှုပ်ခါလျက်။

အင်္ဂလန်မှာကတည်းက အပျော်တမ်းအကဖွဲ့မှာ စစ်စစ် ဝင်ကနေကျမို့ အကတွေက စစ်စစ်နဲ့ ယဉ်ပါးနေပါသည်။

ဒါကြောင့် သူငယ်ချင်းတွေဆွဲတဲ့နောက်မှာ ငြင်းမရတဲ့အတူတူ စစ်စစ်ရဲ့ခြေလက်တွေ လှုပ်ရှားမှုက ကကွက်ဆီ ကူးပြောင်းကာ။

ဒီဂျေသီချင်းသံနဲ့ ဆွဲခေါ်သွားတဲ့နောက် ကဖြစ်သည်က မြူးမြူးကြွကြွနဲ့ သေသပ်လှပလျက်။

✿

"ဟွန့်"

စစ်စစ်အကနားကာ လေပူတစ်ချက် မှုတ်ထုတ်မိသည်က ပ်ရွှင်မြူးကြွစွာ။



www.burmeseclassic.com

www.burmeseclassic.com



"မောသွားလား စစ်စစ်"

"မကဖြစ်တာကြာတော့ နည်းနည်းပန်းတဲ့သဘောပါ"

"အဲဒါဆို လာ၊ နားကြတာပေါ့"

ဇော ပြောရင်း Food Center ဆီ ဦးတည်သွားသည်။

"လာ စစ်စစ်"

ပန်းနုနုတို့ကလည်း ဆွဲခေါ်သွားလျှင် စစ်စစ်ပါသွားချေသည်။ Food Center ထဲမှာ ယမကာတို့ စုံလင်လှသည်။

စစ်စစ်က ဂျင်သောက်၏။ တက်ကနီလာဂျင်ကို စစ်စစ် ပို ကြိုက်သည်။ ပန်းနုနုနဲ့ချယ်ရီသွေးက ကော့တေးသောက်ကာ ယောက်ျား လေးတွေဖြစ်တဲ့ အမိကတို့က ရှန်ပိန်သောက်ရင်း အပန်းဖြေကြသည်။

"ကဲ၊ ဒါပြီးရင် ဘယ်သွားကြမလဲ"

သတ္တက သောက်လက်စနဲ့ မေးသည်။ စစ်စစ်က ပခုံးလေး တွန့်ပြုံးရင်း –

"အစီအစဉ် မရှိသေးဘူး"

"စိတ်ကူးတည့်ရာသွားမလား"

ဇော ပြောလျှင် –

"အိုကေ၊ အဲဒါကောင်းတယ် စစ်စစ်ရဲ့"

ချယ်ရီသွေး အားတက်သရောပြော၏။

"စစ်စစ် လိုက်မလို့လား"





ပန်းနုနု အသံထွက်မေးသလို သတ္တတို့ကလည်း မျက်ရိပ်လေး ပြကာ အသံတိတ် မေး၏။ စစ်စစ်က မျက်လုံးလေးဝင့်ကာ ခေါင်းလေး ညိတ်လိုက်သည်။

"ဟေး ဒါမှ စစ်စစ်ကွ"

တစ်ဖွဲ့လုံး အားရဝမ်းသာ အော်ဟစ်ကာ မြူးကြွတဲ့ ခြေလှမ်း တွေနဲ့ Food Center က ထွက်၏။

"အဲဒါဆို Shopping Mall အရင်သွားရအောင်လား။ လိုတာ လေးလည်း ဝယ်လို့ရအောင်လေ"

ပန်းနုနု အကြံပေးတဲ့အတိုင်း ဘယ်သူမှ ငြင်းပယ်ဖို့ စိတ်မကူး ကြ။ စိတ်ကူးကိုယ်တူဖြစ်ကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မောင်လေးရယ် စိတ်မကောင်းမဖြစ်ပါနဲ့"

ညှော်ခန်းထဲ ပုံ့လွင့်လာတဲ့ မမအသံကြောင့် စစ်စစ် ကားပေါ်က ဆင်းမိရုံနဲ့ ခြေလှမ်းလေး ရှေ့မတိုးမိတော့ပါ။

မမအသံက တစ်စုံတစ်ယောက်ကို ဖျောင်းဖျနှစ်သိမ့်ပေးနေတာမျိုး။ မောင်လေးဆိုတာက။

"စိတ်မကောင်းဖြစ်တာ မဟုတ်ဘူး မမ၊ ဝမ်းနည်းတာပါ"

ပြောသံက အလိုလိုက်ခံရတဲ့ကလေးလေး ချွဲနေသလို ချွဲပြနေတာ သူရိယအသံမှန်း စစ်စစ် ဒက်ခနဲ သိသွားသည်။ ချွဲတဲ့သူကချွဲ ချော့တဲ့သူကချော့နဲ့ အတော်လည်း လိုက်ဖက်ညီနေသည်။





"မောင်လေးကလည်း ကလေးဆန်တာပဲကွယ်"

မမ ရယ်ရယ်မောမောပြောတော့ သူရိယ ခေါင်းလေးငုံ့ထားရာကနေ –

"ကလေးဆန်တာမျိုး မဟုတ်ပါဘူး မမရယ်၊ ကျွန်တော့်ကို အနက်ကယ်မွေးစားတဲ့ကိစ္စ မကြည်မလင်ဖြစ်ပြီး စစ်စစ်ရင်ထဲ ထိနိုက်နေတာ ဖြစ်မယ်"

"အိုး မဟုတ်တာဘဲကွယ်"

"ကျွန်တော်ကတော့ အဲဒီလိုပဲ ယူဆတယ်မမရယ်"

"မဟုတ်ဘူး မောင်လေးရဲ့၊ ညီမလေးစိတ်ကို မမသိတယ်၊ ညီမလေးစိတ်ထဲ ရှုပ်နေတာမျိုး, အလိုမကျဖြစ်တာမျိုးရှိနေရင် တစ်ယောက်က တစ်ခုခုပြောလိုက်တာနဲ့ ပက်ခနဲ ပြန်ပြောတတ်တာမျိုးပါ၊ အခုလည်း အဲဒီသဘောမျိုးပဲ ဖြစ်မယ် မောင်လေးရယ်"

"အဲဒီသဘောမျိုးဆိုရင် ကောင်းတာပေါ့၊ ရင်ထဲ မကျေမနပ်ဖြစ်တာမျိုးတွေ အုံ့ဖွဲ့နေတာဆိုရင်"

ပြောနေရင်းနဲ့ သူရိယအသံလေး တိမ်ဝင်ဖျော့တော့သွားသည်။ မေက အားငယ်တတ်ရုံမက၊ ဝမ်းနည်းလွယ်တဲ့ သူရိယဘေးမှ ထိုင်ခုံမှာ ပြောင်းထိုင်ပြီး –

"မဟုတ်ပါဘူး မောင်လေးရယ်၊ မမပြောတာ ယုံစမ်းပါ၊ ညီမအကြောင်း မမပိုသိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူရိယကို ကလေးတစ်ယောက်လို သဘောထားပြီး မမက ပခုံးပေါ် လက်ကလေးတင်ကာ ချော့မော့နေရှာသည်။

အဟင့်။

စစ်စစ် အရယ်ထွက်ချင်လာသည်။

ယောက်ျားလေးတန်မဲ့ ချွဲနေလိုက်တာများ စစ်စစ်ထက် အကဲပိုစွာ။

"အဲဒါဆိုရင် ကျွန်တော် စစ်စစ်ကို နောက်တစ်ခါ ခေါ်ကြည့်မယ်လေ၊ ခေါ်ကြည့်လို့ စစ်စစ်က ပထမတစ်ခါတုန်းကလို ဆက်ဆံတယ်ဆိုရင်"

"အံမယ်၊ နင်က မမကို လာချွဲနေတာပေါ့လေ"

စစ်စစ် ရယ်ချင်စိတ်ကို မျိုချပြီး ဧည့်ခန်းထဲ ဝင်သွားသည်။ ဝင်ဝင်ချင်း မေးချပြီး သူရိယရှေ့ ရပ်လိုက်လျှင် –

"စစ်စစ်"

စစ်စစ်က အရင်စပြောတာမို့ သူရိယ ဝမ်းသာအားရဖြစ်ပြီး မော့ကြည့်ကာ ထိုင်နေရင်း လှုပ်လှုပ်ရှားရှား ဖြစ်၏။

စစ်စစ်လို့လည်း အားရဝမ်းသာ ခေါ်လေသည်။

"ကဲ ပြောစမ်းပါ သူရိယရဲ့၊ မမကို ချွဲနေတာလား"

"ဟုတ်ပါဘူး၊ စစ်စစ် ကျွန်တော့်ကို မလိုလားဘူးထင်လို့ မမကို မေးနေတာပါ"





"မေးမနေပါနဲ့"

စစ်စစ်က ပြောရင်း သူရိယနားမှာ ထိုင်ချလိုက်သည်။ သူရိယ ထိုင်နေတာက နှစ်ယောက်ထိုင်ဆိုဖာခုံရဲ့ထောင့်မှာ။ စစ်စစ် ဝင်ထိုင်လိုက်တော့ သူရိယ မဖုံးဖိနိုင်အောင် ဝမ်းသာလျက်။

မမက ဘယ့်နှယ်ရှိစဆိုတဲ့ မျက်ဝန်းမျိုးနဲ့ သူရိယကို ကြည့်သည်။ သူရိယ ဝမ်းသာလွန်းလို့ မြူးကြွမတတ် ပြုံးလေသည်။

"စစ်စစ် ကျေနပ်တယ်ပေါ့၊ ဟုတ်လားဟင်"

"အံမယ်၊ ဘာမကျေမနပ်စရာရှိလဲ၊ ဒယ်ဒီတောင် ကျေနပ်လို့ မွေးစားထားတဲ့ကိစ္စ၊ စစ်စစ်က ဒီအိမ်မှာ အငယ်ဆုံး။ လူကြီးမိဘက ကောင်းမယ်ထင်လို့ လုပ်သမျှ ကျေနပ်ရမယ်လေ၊ ဒါပေမဲ့ စစ်စစ်က နည်းနည်းဆိုးတယ်"

"ဆိုးတယ်၊ ဘယ်လိုဆိုးတာလဲ"

"စိတ်မကြည်ရင် မကြည်သလို ဆက်ဆံတတ်တယ်"

"ဟိုနေ့ကလိုလား"

"ဟုတ်တယ်"

စစ်စစ် ခေါင်းလေးညိတ်လိုက်သည်။ ထိုအခါ သူရိယမျက်လုံး နှစ်ဖက် ပင့်ကြွသွားကာ စစ်စစ်ကို ရွှင်ရွှင်မြူးမြူးလေး ကြည့်၍–

"ဒါဆို ကျွန်တော် သတိနဲ့ ဆက်ဆံရမှာပေါ့"

"ဟုတ်တယ်လေ၊ စစ်စစ် စိတ်မကြည်တဲ့အခါ အရင်မခေါ်နဲ့"

www.burmeseclassic.com



"အိုကေ"

သူရိယ မြူးမြူးလေး လက်ဖျစ်တီး၏။ စစ်စစ်က သူရိယ လက်ဖျစ်သီးဟန်လေးကို သဘောကျကာ။

လက်ဖျစ်တီးလိုက်တဲ့ သူရိယရဲ့လက်ကလေးကို ရင်းရင်းနှီးနှီး ဆုပ်ကိုင်လိုက်တော့ သူရိယ ဝမ်းသာလုံးဆို့ချင်ချင် ဖြစ်၏။

မမက ထိုင်ကြည့်နေရင်း သဘောအကျကြီးကျ၏။ ညီမဖြစ်သူနဲ့ သူရိယကို အဲလို ရင်းနှီးကျွမ်းဝင်စေချင်တာ ဒယ်ဒီ မာမီနဲ့ သူမ ရဲ့ တစ်ထပ်တည်းကျတဲ့ ဆန္ဒမဟုတ်လား။

"ဒီနေ့ စစ်စစ် စိတ်ကြည်လာတယ်၊ သိလား သူရိယရဲ့"

"အဲဒါကြောင့် ကျွန်တော့်ကို အသိအမှတ်ပြုချင်လို့ အရင်ခေါ်တာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

"စိတ်ကြည်လာတယ်ဆိုတော့ အကြောင်းတစ်ခုခု ရှိမှာပဲနော်၊ စစ်စစ် ဘာကြောင့် စိတ်ရွှင်လာတာလဲ"

ရင်းရင်းနှီးနှီး ဆက်ဆံတဲ့အနေနဲ့ သူရိယ ပွင့်လင်းစွာမေး၏။ ထိုအခါ စစ်စစ်ကိုယ်လေးကျုံ့ကာ ပြုံးပြီး သူရိယပခုံးလေးကို တိုက်ကာ ရယ်မောပစ်လိုက်သည်။

ပြီးတော့ သူရိယလက်ကလေးကို လွှတ်ပြီး ထိုင်ရာမှထကာ-

"ပြောဘူး" လို့ဆိုလျက် အပေါ်ထပ်လှေကားထစ်တွေဆီ ပြေး





သွား၏။ လှေကားနားရောက်တော့ နောက်ပြန်လှည့်ပြီး –

"ပြောပြစရာလားလို့ ဟင့် ဟင့် ဟင့်"

စစ်စစ်ပြောကာ အပေါ်ထပ်ပြေးတက်သွားသည်က သမင်ပျိုမလေးလို ဖျတ်လတ်လို့နေသည်။

"စစ်စစ်က တကယ့် ကလေးပီပီလေးလိုပဲနော် မမ"

"ဟုတ်တယ် မောင်လေးရဲ့၊ အဲဒါကြောင့် မမပြောတာပေါ့၊ မောင်လေးကို စစ်စစ်လေး မလိုလားတာ မဟုတ်ဘူးလို့"

မမရှင်းပြနေတဲ့ အသံနောက်မှာ သူရိယ အတိုင်းမသိ ကြည်နူးသွားမှန်း စစ်စစ် လှည့်မကြည့်ပါဘဲ သိနိုင်သည်။

ထို့အတူ စစ်စစ်လည်း ဒီနေ့ကြည်ရတာ ဘာကြောင့်လဲတဲ့။ သူရိယက စပ်စပ်စုစု သိချင်သတဲ့။

ဟွန်း ပြောပြစရာလား။

ပြောမပြပေမယ့် အဖြစ်အပျက်လေးကို မြင်ယောင်ကာ။

✿

စစ်စစ်တို့အုပ်စု Shopping Mall ထဲမှာ ပတ်နေတုန်း စစ်စစ် ချစ်ခနဲ မြင်လိုက်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပေါ့။

အံ့မယ်၊ ငနဲသားက အရက်ရောင်းကောင်တာမှာ အရက်ပုလင်းတချို့ ရွေးဝယ်နေတာ။

အဓိကတို့အားလုံးက ဝယ်မယ့်ပစ္စည်းတွေကိုပဲ အာရုံရောက်နေတာမို့ စစ်စစ် သူ့ကိုမြင်သွားတာ မရိပ်မိကြပါ။

သတ္တုတို့အားလုံး မရိပ်မိတာကို စစ်စစ် ပိုပြီးသဘောကျသွားသည်။ ဒါနဲ့ အရက်ပုလင်းတွေဝယ်ပြီးထွက်သွားတဲ့ သူ့နောက် မသိမသာလိုက်ခဲ့သည်။

တခြား ဘယ်ဆိုင်မှ သူ မဝင်။ Shopping Mall ထဲက ကားပါကင်ဆီ တန်းသွား၏။ စစ်စစ်က သူများမသိအောင် ခိုးချောင်းခိုးဝှက်လုပ်ရတာ ဝါသနာပါတယ်လေ။

သူငယ်ချင်းတွေ မရိပ်မိသလို သူလည်း မရိပ်မိပါ။ ဒါကြောင့် စစ်စစ်တစ်ကိုယ်တည်း ပိုပြီး သဘောကျနေသည်။ မာစီးဒီးကားဖြူလေးကို သူ မောင်းထွက်သွားတော့ စစ်စစ် နေမတဲ့လား။

ပါကင်ထိုးထားတဲ့ စစ်စစ်ကားပေါ် လွှားခနဲတက်ကာ သူ့ကားနောက်က မသိမသာ ဘီးလိမ့်ထွက်ခဲ့သည်။

သူကတော့ တစ်ဆိတ် တည်လွန်းအားကြီးနေသည်။ ပတ်ဝန်းကျင်ကို နည်းနည်းမှ ဂရုစိုက်တတ်ဟန် မတူ။

အဲဒါလည်း ကောင်းတယ်ရှင့်။





ရှင် ဂရုမစိုက်တတ်တော့ စစ်စစ် နောက်က လိုက်ကြည့်နေမှန်း သိတော့ဘူးပေါ့။ ဟုတ်တယ် မဟုတ်လား။

ဒီလိုနဲ့ သူ့ကားလေးက မြို့ပြင်နားမှ ဆင်ခြေဖုံးရပ်ကွက်လေး ဆီ ရောက်လာသည်။

ထိုရပ်ကွက်က ခြံကျယ်တွေ များ၏။ တစ်အိမ်နဲ့တစ်အိမ် ခပ်မ်းလှမ်းဝေး၏။ အပန်းဖြေအနားယူဖို့ သိပ်ကောင်းတဲ့ ရပ်ဝန်းမျိုး။

ခြံဝိုင်းတွေထဲမှာ သက်ရင့်ပင်နဲ့ စားပင်တွေ စိုလင်လှသည်။

ကားလေးက အစိမ်းရောင်သက်တန့်လို့ ဆိုင်းဘုတ်တပ်ထားတဲ့ ခြံကျယ်ရှေ့ ထိုးရပ်သွားသည်။

ထိုခြံကြီးက တခြားခြံတွေထက် ပိုကျယ်၏။ တစ်ယောက်ယောက်က တံခါးချက်ချင်းဖွင့်ပေးတာနဲ့ သူ့ကားလေး ထိုခြံထဲ မောင်းဝင်သွားသည်။

သူ့ခြံက သူများခြံတွေလိုမဟုတ်။ အုတ်ရိုးအလုံပိတ်ခတ်လျက်ကလည်း အလုံပိတ်သံတံခါးကြီး။

အထဲကို အလွယ်တကူ ဘာမှ မမြင်နိုင်တာမျိုး။

သူ့ကားလေး ခြံထဲဝင်သွားတာနဲ့ ခြံတံခါး ပြန်ပိတ်သွား၏။

ခါ စစ်စစ်ခေါင်းထဲ မြူးကြွတဲ့အတွေးလေး ဝင်လာသည်။

ထိုအတွေးလေး ဝင်လာတာနဲ့ စစ်စစ် ဒူးကလေးနှံ့ပြီး သူ့ခြံ င့်နားမှာ ကားကို ထိုးရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကားပေါ်ကဆင်းကာ ခြံတံခါးနား ပြေးကပ်သွား၏။ စေ့ပိတ်ထားတဲ့ တံခါးကြားကနေ ခြံထဲကို စစ်စစ် ချောင်းကြည့်လျှင်-

အားပါးပါး။

သူ့ခြံကြီးက ကျယ်သလို နှစ်ထပ်အဆောက်အအုံတွေက ခြ တစ်ခုလုံးအနှံ့ ဆယ်လုံးခန့်ရှိသည်။ အဆောက်အအုံတစ်ခုနှင့်တစ်ခုကြား မှာ မြက်ခင်းစိမ်းနဲ့ သက်ရင့်ပင်ကြီးတွေ ခြား၏။

သူ့ကားလေးဝင်သွားတာက ခြံရဲ့ညာဘက်က ခေတ်မီလှပတဲ့ တစ်ထပ်တိုက်ကလေးဆီ။

ပုစွန်ဆီသွေးရောင် ဆေးသုတ်ထားတဲ့ တိုက်ကလေးက ထ နှစ်ထပ်အဆောက်အအုံတွေထက် ထင်ပေါ်သလို နေချင့်စဖွယ်လည် ကောင်း၏။

'အင်း။ အခွင့်အရေးရတဲ့တစ်နေ့ ဒီခြံကြီးထဲ နိုးဝင်ပြီး လေ့လ ဦးမှ။ စစ်စစ် အတွေးလေးနဲ့ ''အစိမ်းရောင်သက်တန့်'' လို့ ဆိုင်းဘု တပ်ထားတဲ့ သူ့ခြံရှေ့က ကျောခိုင်းထွက်ခဲ့သည်က မြူးရွှင်စွာ။

ဘယ်သူမှ မရိပ်မိအောင် တိတ်တိတ်ကလေး နိုးချောင်းခဲ့ အဖြစ်လောက် ပျော်စရာကောင်းတာ ဘာမှမရှိဘူး ရှင်ရဲ့။

''ဟင့် ဟင့် ဟင့်''

✿ ✿ ✿



## အခန်း (၇)

''ဘာလဲ ဒယ်ဒီ''

''သားက ဒယ်ဒီတို့မိသားစုကို ထမင်းစားဖိတ်ထားတယ်၊ အဲဒါ ရအောင်လေ''

''အံမယ်၊ သူ့ရိယ အတော်သွက်နေတာပဲ''

''သမီးရယ်၊ ဒီလိုတော့မပြောပါနဲ့၊ သမီး ဆက်ဆံရေးတင်းခဲ့ တာ သူ့ခမျာ တော်တော်စိတ်မကောင်းဖြစ်ရရှာတာ သမီးရဲ့၊ သမီးက လိုလိုလားလား ခင်ခင်မင်မင် လက်ခံလာတော့ ခမျာ ဝမ်းသာလွန်း မာမိတို့တစ်မိသားစုလုံးကို Crown Food Center မှာ ဧည့်လယ်စာ ပါရစေတဲ့လေ''





www.burmeseclassic.com

www.burmeseclassic.com



"ကျွေးတော့လည်း စားရတာပေါ့၊ မဟုတ်ဘူးလား မမ"

"ဟုတ်ပါ့ရှင် ဟုတ်ပါ့"

"ကိုပိုင့်ကိုရော မဖိတ်ဘူးလား၊ သူရိယက"

"ဖိတ်ပါပကော"

မာမီ ဝင်ပြောခါမှ စစ်စစ် ကျေနပ်သွားသည်။ ကိုပိုင်က မကြာခင် စစ်စစ်တို့မိသားစုဝင် ဖြစ်လာတော့မှာလေ။

ဖိတ်စာတောင် ရိုက်နေပြီ မဟုတ်လား။

သူရိယ အဲလို နားလည်နေတာကို စစ်စစ် သဘောကျသွား သည်။

"အဲဒါဆို သွားမယ်လေ"

"သမီး ပြင်ဆင်ဦးလေ"

"ဟင့် ဟင့် ဟင့်"

ဒယ်ဒီ ဝင်ပြောတော့ စစ်စစ် သဘောကျသွားသည်။ ဟုတ်တ ပေါ့။ စစ်စစ် အလှပြင်ရဦးမယ်။ အိမ်နေရင်းမို့ လွတ်လပ်ပေါ့ပါးစ ဝတ်ထားတဲ့ ဂါဝန်လေးနဲ့ အပြင်သွားလို့ ဘယ်သင့်တော်မလဲ။

ဂါဝန်လေးက ပေါင်တစ်ဝက်သာသာလေး မဟုတ်လား။

"ကဲ မြန်မြန်အလှသွားပြင်တော့ ညီမလေးရဲ့"

"ဟွန်း"

မမ တိုက်တိုက်တွန်းတွန်းပြောလျှင် စစ်စစ် နှုတ်ခမ်းလေးရ





"ဘာဖြစ်လို့လဲ သမီး"

မာမီ ဂရုတစိုက်မေးသည်။ စစ်စစ်က နွဲ့ဆိုးဆိုးဟန်လေးနဲ့ ခမ့်ပခုံးပေါ် ခေါင်းလေးငဲ့စောင်းတင်ရင်း –

"မမက စိတ်မရှည်ချင်တော့ဘူး ဖြစ်မယ်"

"အံမယ်"

မမ မျက်စောင်းလှလှလေးထိုးသည်။ မာမီက မမဘက် ကြည့်ရင်း ရယ်မောကာ ပြော၏။

"ဟုတ်သားပဲ၊ သမီးကြီးကလည်း သမီးစိတ်ကြိုက် ဖြစ်ပါစေ ပါးလို့"

"ဘယ်သူက မစောင့်ဘူးပြောလို့လဲ မာမီရယ်၊ ဂျီကျစရာမရှိ ဘူးချင်ရတယ်လို့၊ အရွယ်က ကလေးမဟုတ်တော့ဘူး၊ ယောက်ျား လားလို့ ရနေပြီလေ"

"ဟယ် ကြည့်စမ်း၊ မမနော်"

"မဟုတ်ဘူးလား ဒယ်ဒီ"

"ဟုတ်တာပေါ့"

"ဟင့် ဟင့် ဟင့်"

ဒယ်ဒီ ဟုတ်တာပေါ့ပြောလျှင် မာမီကပါ လိုလိုလားလား ရယ် ၏ စစ်စစ် မျက်နှာလေး ပို၍ရှုသွားပြီး –

"တော်ပြီ ဒယ်ဒီရော မာမီရော မမရော မကောင်းဘူး၊ စစ်စစ်



www.burmeseclassic.com

www.burmeseclassic.com



ကို အလိုလိုက်သလိုလို ဘာလိုလိုနဲ့ ခုတော့ ကြည့်ပါလား၊ ပြောလိုက်တာများ။ တော်ပြီ၊ ဒယ်ဒီတို့ဘာသာ သွားကြတော့''

''ဟွန်း၊ သမီးက မလိုက်တော့ဘူးလား''

စစ်စစ် ခြေလေးဆောင့်လိုက်တော့ မာမီ ပျာပျာသလဲမေး ဒယ်ဒီနဲ့မမကလည်း စစ်စစ်မလိုက်မှာကို စိုးရိမ်တဲ့မျက်နှာမျိုးနဲ့ ကြည့် စစ်စစ် မျက်နှာလေး မော့ခါထားလျက်နဲ့ပင် –

''မလိုက်လို့မရဘူးနော် သမီး''

''ဘယ်သူက ပြင်းလို့လဲ''

''ဟင်''

မိသားစုဝင်တွေ ဟင်းခနဲဖြစ်ကာ မျက်နှာတွေ ရွှင်မြူးသွာ သည်။ ဒင်းလေးမလိုက်ရင် မောင်သူရိယ မျက်နှာမကောင်းဖြစ်သွားမှာ မိဘနှစ်ပါး သနားလှပေသည်။

သမီးက လိုက်မယ်ဆိုတော့လည်း အားလုံးရင်မှာ ပေါ့ပါးက

''ကဲ မြန်မြန် ပြင်ပါတော့ သမီးငယ်ရယ်''

''မာမီတို့ အရင်သွားနှင့်ကြ၊ စစ်စစ် နောက်ကလိုက်ခဲ့မယ် မကြာစေရဘူး ဒယ်ဒီရဲ့ နော်၊ ဒယ်ဒီတို့ သွားနှင့်၊ မမက ကိုပိုင် တွေ့ချိန် နောက်ကျမှာကိုတွေးပြီး သမီးကို မြန်မြန်ပြင်ဆင်ခိုင်းတာ မသိဘူး မထင်နဲ့၊ ဟွန်း''

စစ်စစ် စိတ်ထဲရှိတဲ့အတိုင်း ပြောချလိုက်တော့ ဒယ်ဒီနဲ့မာမီ





ယ်သည်။ မမမျက်နှာလေး ရဲမှည့်သွားကာ ရှက်စိတ်နဲ့ မလုံမလဲ ဖြစ်လျက် စစ်စစ်ပခုံးကို လှမ်းပုတ်၏။

''ညီမလေးကလည်း''

''မဟုတ်လို့လား မမရယ်၊ စစ်စစ် ရိပ်မိတယ်နော်၊ ကဲ မမ လည်း ဒယ်ဒီ မာမီတို့နဲ့ အရင်သွားနှင့်၊ စစ် နောက်ကလိုက်ခဲ့မယ်၊ ပဲ''

မမပါးပြင်ရဲရဲလေးကို ချစ်စနိုးဖျစ်ကိုင်ကာပြောပြီး စစ်စစ် အပေါ်ထပ် ပြေးတက်ခဲ့လေသည်။ ဒယ်ဒီ၊ မာမီကတော့ ညီမနှစ်ယောက် ကို ကြည့်ပြီး ရယ်မောလျက်။

စစ်စစ်ပြောတာကို ဒယ်ဒီတို့လည်း သဘောကျကာ။

''ကဲ သမီးကြီး၊ ဒယ်ဒီတို့ အရင်သွားနှင့်မယ်'' လို့ နှုတ်ဆက် သည်။ နှုတ်ဆက်တဲ့အတိုင်းလည်း ဒယ်ဒီတို့နဲ့အတူ မမပါသွားကာ။

မသိရင်ခက်မယ်၊ မမမျက်လုံးမှာ ဘာကို တောင့်တပြီး မြင် ယောင်နေလဲဆိုတာ စစ်စစ်သိတာပေါ့။ သိရုံတင်မကဘူး၊ မြင်လည်း မြင်ဘယ်လေ။

လူရှေ့မှာဆို ကိုပိုင်နဲ့မမက ဣန္ဒြေရကာ၊ မခုတ်တတ်တဲ့ ကြောင်လေးများလို။ နှစ်ယောက်တည်းဆို ချစ်စိတ်တွေကြွပြီး တစ် ယောက်ကိုတစ်ယောက် ကြည့်နေတာ ထွင်းဖောက်မတတ်။

အကြည့်တွေတင်လားဆိုတော့ မဟုတ်သေးဘူး။ ရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားရုံနဲ့ ကိုပိုင် အားမရသေး။ မမမျက်နှာလေးကို မေးဖျားလေးက
ဆွဲယူပြီး နှုတ်ခမ်းချင်း ချစ်ဂယောဆက်လိုက်တာများ စက္ကန့်တွေလွန်က
မိနစ်ဆီရောက်တဲ့အထိ။

မထင်မှတ်ဘဲ မြင်လိုက်ရတော့ စစ်စစ်ပါ အသက်ရှူမှားသွား
သည်။ အံ့သြတာလည်း ပါကာ။ ကိုပိုင်နမ်းလိုက်လို့ မမ စိတ်ဆိုးမာန်ဆိုး
ဖြစ်သွားမယ်လို့လည်း စစ်စစ်ထင်သည်။

တကယ်တမ်းမှာတော့ စစ်စစ်ထင်သလို ဖြစ်မလာ။ ကိုပိုင်
နမ်းလိုက်တာလေးကို မျက်လွှာချရင်း ဖိမ်ခံသလို ငြိမ်သက်နေတဲ့ မျက်
နှာလေးက ချစ်စိတ်ကလေးများနဲ့ ကြည်မွေ့လို့။

ကိုပိုင့်နှုတ်ခမ်းကိုလည်း မမလက်ချောင်းလေးတွေနဲ့ တယုတယ
ဆော့ကစားနေသေးသည်။

ဒီတော့ ကိုပိုင်ကလည်း မမနှုတ်ခမ်းလေးကို နမ်းရုံနဲ့ အားမ
သေး။ လည်တိုင်နောက်နားတွေအထိ ပွတ်သိပ်ဖွယ် နှုတ်ခမ်းစားကျက်
ခဲ့လေသည်။

စစ်စစ်မှာ အံ့သြရင်း ကြောင်တောင်တောင်လေးကြည့်နေရာ
ကားသံကြားလို့ ဖျတ်ခနဲ အသံဝင်လာသည်။

ဒယ်ဒီနဲ့မာမ့်ကားလေး ပေါ်တီကိုအောက်ရောက်သည်နှင့် မမနဲ့
ကိုယ်ပိုင်က ထင်တိုင်းဖြစ်နေသလို စစ်စစ်ကလည်း အောက်ထပ် ပြေး
ဆင်းလာရင်း ညှော်ခန်းအဝင်မှာ ခြေလှမ်းတွေတန့်ခဲ့ရသည် မဟုတ်လား။





မာမ်တို့ပြန်လာတာသိတော့ ကိုပိုင်နဲ့မမ လူချင်းခွာသလို စစ်စစ်
လည်း ဘယ်သူမှမရိပ်မိအောင် အပေါ်ထပ် ပြန်ပြေးတက်သည်။

စစ်စစ်ရင်မှာတော့ တဒိုင်းဒိုင်းခုန်လျက်။

မမနဲ့ကိုပိုင်ရဲ့မျက်နှာတွေ မြင်ယောင်လေ၊ စစ်စစ်ရင်ထဲ ရှက်
ရေးရေးဖြစ်သလို၊ ကြည်နူးသလိုလိုလည်း ရှိနေသည်။

အချစ်ဆိုတာ ဒီလို ဖီလင်လေးတွေနဲ့ မျောနေတာမျိုးလား။

ချစ်သူမထားဖူးသေးတဲ့ စစ်စစ် နှလုံးသားအရိုင်းလေးက သွေး
တိုးစမ်းချင်စိတ်နဲ့ လှုပ်ရှားလာလျှင် မျက်ဝန်းထဲမှာလည်း သူ့ကို မြင်
ယောင်လာသည်။

သူနဲ့စစ်စစ် ချစ်သူဖြစ်ပြီ ဆိုပါတော့။ ဒီလိုအနမ်းလေးတွေ
သူ ပေးလာရင်။

ယောင်ယောင်ယမ်းယမ်းနဲ့ စစ်စစ်နှုတ်ခမ်းကို စစ်စစ် ပြန်စမ်း
မိသည်။

စစ်စစ်နှုတ်ခမ်းလေးက အေးစက်လို့။ မမ နှုတ်ခမ်းလေးဆို
နွေးပူနေမှာပဲနော်။

အိုး ဘာတွေ တွေးနေပါလိမ့်။

အရေးကြီးတာ သူ့ရိုယကျွေးမယ့် နေ့လယ်စာစားပွဲ အရောက်
သွားဖို့လေ။

စိတ်ထဲက မမနဲ့ကိုပိုင် ဆုံတွေ့ချိန် ပိုရစေချင်တဲ့စေတနာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အရင်လွှတ်လိုက်ရတာက မမတို့ ချစ်သူဘဝကို စာနာမိလို့လား။

ဒါမှမဟုတ် အားကျမိလို့လား။

ခွဲခွဲခြားခြား စစ်စစ် မသိပေမယ့် အလုပြင်နေလိုက်တာ နောက်ဆုံး နှုတ်ခမ်းသေးသိုးခါနီးမှာ ခပ်တွေတွေဖြစ်လို့နေသည်။

အကြောင်းက

ဖူးအိစူကြွနေတဲ့ စစ်စစ်နှုတ်ခမ်းပြည့်ပြည့်လေးက ဘယ်သူ့ အတွက်လဲလို့ စစ်စစ်ဘာသာ အသံတိတ်မေးရင်း။

✿ ✿ ✿



## အခန်း (၀)

"တိ တိ တိ"

စစ်စစ် လက်ကိုင်ဖုန်းလေး ထမြည်တာမို့ ကားမောင်းနေတဲ့ စစ်စစ် ကားကို အရှိန်လျှော့လိုက်ကာ လမ်းဘေးရပ်လုနီးနီး ဖြစ်လေသည်။

မထူးတော့ပြီမို့ အန္တရာယ်ကင်းအောင် ရပ်ပစ်လိုက်၏။

ကားမောင်းရင်း ဖုန်းပြောတာ အန္တရာယ်ဖြစ်နိုင်တယ်လည်း ပြောလို့ရသလို၊ မဖြစ်နိုင်ဘူးလို့လည်း ပြောလို့ရပါတယ်။ ဒါပေမဲ့ ဖုန်းပြောရင်း ကားမောင်းနေတဲ့ဗီလင်မျိုး စစ်စစ် သဘောမတွေ့ပါ။

အာရုံကို ဟိုဘက်ဒီဘက် မပို့ချင်။ ကားမောင်းရင် ကားဆီ



www.burmeseclassic.com

www.burmeseclassic.com



အာရုံပို့၊ ဖုန်းပြောရင် ဖုန်းပြော။ အာရုံတစ်ခုတည်း လှုပ်ရှားတာက ပိုကောင်းမယ်လို့ စစ်စစ်ထင်သည်။

ထင်သည့်အတိုင်း ကားလေးရပ်ကာ ဖုန်းကိုင်ပြီး –

"ဟဲလို"

"ဟဲ့ ဂါဝန်ပါဟ"

"သိပါတယ် ချယ်ရီရယ်၊ ကဲဆို"

"ရှင် အခု ဘယ်မှာလဲ"

"စက်မှုဇုန်က အထွက်"

"ဩော် စက်မှုဇုန်ရောက်နေတာကိုး၊ ဒါကြောင့်ဖြစ်မယ် ချယ်ရီတို့အားလုံး ရှင့်ဖုန်းခေါ်နေတာ ကြာလှပြီ၊ ခုမှ ဖုန်းမိတာ"

"ကဲ ပြော၊ ဘာကိစ္စ"

"ချယ်ရီတို့ဆီ လာခဲ့၊ V2 ကော်ဖီဆိုင်မှာ ချယ်ရီတို့အားလုံး စောင့်နေတယ်၊ ဒါပဲ"

ချယ်ရီသွေး လိုရာပြောပြီး ဖုန်းချသွားသည်။ စစ်စစ် ပခုံးလေး ပင့်ကာ ပြုံးသည်။ သူတို့တစ်သိုက်က ဒီလိုပဲ၊ အုပ်စုလိုက် ဟိုသွားလိုက် ဒီလာလိုက်၊ ဝေလေလေနဲ့ ပျော်ပျော်နေတတ်သည် မဟုတ်လား။

စစ်စစ်က ပျော်ပျော်နေတတ်ပေမယ့် မမလို အိမ်တွင်းမှုအလုပ်ကို စိတ်မဝင်စားသူမို့ ဒယ်ဒီ့ကုမ္ပဏီအလုပ်တွေကို လိုက်ကူနေရတယ်လေ။





အလုပ်လုပ်ရတာကို စစ်စစ်ပျော်သည်။

လူငယ်ဆိုတာ ပျော်စရာရှိရင် ပျော်လိုက်၊ လုပ်စရာရှိရင် လုပ်လိုက်လေ၊ ဟုတ်ဘူးလား။

ဒင်းတို့နဲ့တွေ့ရင် လက်ချာပေးလိုက်ဦးမယ်။

စစ်စစ် စိတ်ထဲတေးမှတ်ပြီး ကားစက်ပြန်နှိုးဖို့ ပြင်လျှင်–

"ဟင်"

စစ်စစ်ကားရှေ့မှာ ဘယ်အချိန်ကတည်းက ရပ်နေမှန်းမသိတဲ့ ကားတစ်စီး။ မာစီးဒီး အဖြူရောင်။ ရပ်ထားတာများ နှစ်ပေပင်မကွာ။

စစ်စစ်က သူငယ်ချင်းတွေဆီပဲ အာရုံရောက်နေတာလေ။

"ပွမ် ပွမ်"

စစ်စစ် ကားဟွန်းတီးပေးလိုက်တော့ ကားရှေ့ခန်းတံခါးတစ်ချပ် ပွင့်လာသည်။ စစ်စစ် စိုက်ကြည့်နေလိုက်တော့ ကားပေါ်က ဆင်းလာတဲ့ သူ

"ဘုရားရေ"

စစ်စစ် ကိုယ်လုံးလေး ကြွတက်မတတ် ဖြစ်သွားသည်။

စမတ်ကျသလို စတိုင်လ်လည်း ဖြောင့်ရုံမက တည်ကြည်လှတဲ့ သူ့အမူအရာက စစ်စစ်အတွက် နည်းနည်းလန့်သလိုလို ဖြစ်စေသည်။

စစ်စစ် လုပ်ခဲ့သမျှ ပျော်စရာကောင်းခဲ့ပေမယ့် သူနဲ့ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရမှာကိုတော့ တထင့်ထင့်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပုလဲစစ်၊ ကားပေါ်က ဆင်းခဲ့ဦး"

တစ်လုံးချင်း ပီသရှင်းလင်းအောင် ပြောနေတာက အမိန့်ပေးနေတာမျိုး။ မဟုတ်ပေမယ့် ငြင်းလို့မရအောင် အသံက ဩဇာပါနေသည်။

စစ်စစ်တစ်ယောက်တည်းမို့ ကားပေါ်က ဆင်းရမှာ မရဲလှ။ ပတ်ဝန်းကျင်ကြည့်တော့ ကားသွားကားလာက ရှိနေသည်။

စက်မှုဖုန် အထွက်နားဆိုတော့ ကားတွေက ကားချင်းလိမ် မတတ် သွားလာနေသည်။

"ဆင်းလေ၊ ဘာကြည့်နေတာလဲ"

"ဟို၊ မ မဆင်းလို့ မရဘူးလား"

"မရဘူး"

သူ ပြတ်ပြတ်လေးပြောရင်း စစ်စစ်ကားနားထိ ရောက်လာသည်။ စစ်စစ် နှုတ်ခမ်းလေး စုချွန်ရင်း စစ်စစ်ကိုယ်စစ်စစ် မာန်သွင်းလိုက်၏။

ရုတ်တရက်မို့ စစ်စစ် အံ့ဩပြီး ခပ်ရွံ့ရွံ့ ဖြစ်သွားတာမျိုး။ စစ်စစ်ကိုယ်စစ်စစ် မာန်လေးသွင်းလိုက်တော့ ဘယ်သူ့ကိုမှ မမှုတတ်တဲ့ စစ်စစ်ရဲ့ မူပိုင်ဟန်လေးပေါ်လာသည်။

စစ်စစ် မာန်သွင်းလိုက်တာကို သူ ရိပ်မိဟန်တူသည်။ တည်တင်းထားတဲ့ နှုတ်ခမ်းကို အနည်းငယ် ဖြေလျှော့လိုက်ပြီး –

"မြန်မြန်ဆင်းခဲ့ကွာ"





"ကဲ ဆင်းခဲ့ပြီ။ ဘာကိစ္စလဲ"

"အံ့မယ်"

စစ်စစ် ခပ်ဘုဘုမေးထည့်လိုက်တော့ သူ့မျက်တည်က ရယ်မိသလို ဖြစ်သွား၏။ ကားပေါ်က ဆင်းလာတဲ့ စစ်စစ်ကို သူ ခေါင်းဖျားခြေဆုံး ကြည့်၏။

ကြည့်ကြည့်ပေါ့။

စစ်စစ် အရွဲ့တိုက်ဟန်လေးနဲ့ သူ့ရှေ့က ကိုယ်ဟန်လေးကြွားကာ လျှောက်ပြလိုက်သေးသည်။

ခေါင်းမှာ ဖဲပြားခေါင်းစည်းပတ်ထားတဲ့ စစ်စစ်က ဒူးလောက်ကတ်ပွပွဖောင်းဖောင်းလေးနဲ့ ခါးပတ်ပြားကြီးပတ်ထားကာ။ လက်မပါတဲ့ အင်္ကျီမှာ အပေါ်က ဂျက်ကက်လေးထပ်ဝတ်ထားတဲ့ စစ်စစ်က ပုံသွန်းထားတဲ့ ဘိုမရုပ်ကလေးလို ချစ်စဖွယ်ဖြစ်နေသည်။

ခြေသလုံးသားလေးတွေကအစ ဝင်းနုစ်ကာ စိန်စီထားတဲ့ ဖိနပ်ပျော့လေးက ခြေကျင်းဝတ်နှစ်ဖက်မှာ ပြိုးပြိုးပြက်ပြက် လက်နေတာအစ သူမြင်သွားမှာမလွဲ။

"ကဲ ပြော၊ ရှင်က ဘယ်သူလဲ"

စစ်စစ် ရန်တွေ့သလို မျက်နှာလေးမော့ထားရင်း မေးလိုက်သည်။ သူ့မျက်နှာ ပြန်တည်လိုက်ပြီး –

"ငါ ဘယ်သူလဲဆိုတာ မင်းမသိဘဲနဲ့ ဘာလို့ ငါ့ကို ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



စတာလဲ၊ ဘာလို့ ငါ့နောက် လိုက်ချောင်းတာလဲ''

''ဘုရားရေ''

''ခုမှ ဘုရားမတာနဲ့၊ ဇာတ်လမ်းစတာတွေ ထားလိုက်ပါတော့၊ ပျော်စေပျက်စေသဘောလို့ ယူဆလို့ရတယ်၊ အနောက် တကောက်ကောက်လိုက်ချောင်းတာတော့ ရိုးရိုးသားသား မဖြစ်နိုင်တော့ဘူး''

''ဘာရယ်၊ ရှင် ရှင် ဘာပြောလိုက်တယ်''

စိစ်စစ် ဆိုးဆိုးဆတ်ဆတ်နဲ့ သူ့ရှေ့ရပ်ရင်း မေးချလိုက်သည်။ စစ်စစ် တိတ်တိတ်ကလေး လိုက်ချောင်းတာ သူသိတာမှမဟုတ်တာ၊ ဒါကြောင့် စစ်စစ် အတံ့ဘည်ပေါက်နဲ့ မေးထည့်လိုက်ခြင်း။

သူ ပခုံးလေးပင့်ကာ ခနဲ့သလိုပြုံးရင်း –

''ဘာလဲ၊ မင်း ငါ့ခြံအထိ၊ ငါ့ခြံထဲအထိ လိုက်မချောင်းဘူးလို့ ငြင်းချင်တာလား''

''မချောင်းပေါင်၊ ဝါသနာလည်း မပါဘူး။ ဟွန်း''

စစ်စစ် ပြောင်ပဲ ညာလိုက်ရသည်။ သူ မသိတဲ့ကိစ္စ စစ်စစ်ကချောင်းပါတယ်လို့ ဝန်ခံစရာလား။ နိုးပဲ။

ပြတ်ပြတ်ပြောလိုက်တော့ စစ်စစ်ကို သူ စိုက်ကြည့်ပြီး –

''ဝါသနာမပါလို့ထင်တယ်၊ ဟင့် ဟင့် ဟင့်''

ခနဲ့သဲ့သဲ့ ပြောကာ သရော်သလိုရယ်ပြီး သူ့လက်ကိုင်ဖုန်းထုတ်၏။ ဖုန်းထဲသိမ်းထားတဲ့ ပုံရိပ်အချို့ကို ပြရင်း –





''ဒီမှာကြည့်စမ်းပါဦး၊ ဘယ်သူလဲလို့''

''ဟင်''

စစ်စစ်ရှေ့ရောက်လာတဲ့ သူ့ဖုန်းထဲက ပုံရိပ်တွေ။ ကြည့်စမ်းပါ... သူ့ခြံထဲ စစ်စစ် နိုးချောင်းနေတဲ့ လှုပ်ရှားပုံတွေ။

အပီအပြင် ညာပြောထားတဲ့ စစ်စစ်မျက်လုံးလေး ခုတော့ ...ရချေပြီ။ သူက အနိုင်အပိုင်ကြီး ပြုံးကာ –

''ပုလဲစစ် ဟုတ်ရဲ့လား''

''တော် ရှင်''

စစ်စစ် ရှက်ဒေါသလေး ထွက်သွား၏။ သူ့လက်ထဲကဖုန်းကို ...ယူနေသည်။ သူက စစ်စစ်ထက် မြန်ပါပေသည်။ သူ့ဖုန်းကို သူ ...ကိုင်ကာ ဘောင်းဘီအိတ်ထဲ ထိုးထည့်ရင်း –

''ပြောစမ်းပါ၊ အဲဒါ ညည်းလေးမဟုတ်ဘူးလား''

''မသိဘူး။ ဟွန်း''

စစ်စစ် အရှက်မပြေယ်စွာပြောရင်း ရှေ့မှာရှိနေတဲ့ သူ့ကို တွန်း...ာ ကားပေါ်တက်ဖို့ ပြင်သည်။

''မသိလို့မရဘူး ပုလဲစစ်''

သူက စစ်စစ်တွန်းပစ်တာကို ခံပြင်းသွားဟန်တူသည်။ စစ်စစ် ...တစ်ဖက်ကို ပိုင်ပိုင်နိုင်နိုင် ဆွဲပြီးပြော၏။

''ဖယ် လွှတ်''



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်ချင်ရင် ပြော၊ ပြောမှ လွှတ်မယ်"

"တောက်၊ ရှင်နော်"

"ရှင်နော် မလုပ်နဲ့၊ ပြောစမ်းပါ"

"ရှင်သိရင် ပြီးရောပေါ့"

"အေး၊ ငါသိလို့ မေးတာပဲ၊ မင်း ဘာလို့ညာလဲ"

"ရှင် မသိဘူးထင်လို့ပေါ့၊ နေပါဦး၊ ရှင်က ဘယ်က ဘယ်လို

"သိချင်လား"

"အင်း"

စစ်စစ် ဟန်မဆောင်နိုင်တမ်း ခေါင်းညိတ်လိုက်သည်။ ဟုတ်

တယ်လေ။ စစ်စစ် လှုပ်ရှားတဲ့ပုံရိပ်တွေ သူ အမိဖမ်းထားနိုင်တာ ဘာ

ကြောင့်လဲ။

အသေအချာသိချင်လှသည်။ သူက ဆုပ်ကိုင်ထားတဲ့ စစ်စစ်

လက်ကို လွှတ်ချရင်း –

"ငါ့ခြံထဲမှာ ကင်မရာတပ်ထားတယ်"

"ဟင်"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ သိချင်သေးလား"

"ဘာ ဘာဖြစ်လို့"

"သူခိုးတွေကို စိတ်မချလို့"

"ဘုရားရေ"





စစ်စစ် နှုတ်ခမ်းလွှာလေး အတော်ကြီးပွင့်ဟသွားကာ အံ့သြ

ြီး မျက်လုံးပြူးနဲ့ ကြည့်မိ၏။

သူ သူက စစ်စစ်ကို သူခိုးမလို့ ယူဆတာလား။

သူပြောပြီးတာနဲ့ စစ်စစ်ကို ပြုံးမဲ့မဲ့စိုက်ကြည့်ကာ သူ့ကားဆီ

သို့ လျှောက်ထွက်သွားသည်။

"နေ နေဦး"

စစ်စစ် ဆတ်ခနဲ ကိုယ်လေးတုန်ကာ သည်းမခံလိုစိတ်နဲ့

ခေါ်တာ၏။ သူ မမှုပါ။ ကားပေါ်တက်ပြီးသည်နှင့် လျှောခနဲ ကားမောင်း

ထွက်သွားလိုက်တာ စစ်စစ်ကို လှည့်မကြည့်စတမ်း။

တောက်။

မကျေဘူးရှင့် မကျေဘူး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

''ဟား ဟား ဟား''

သတ္တဝါတို့တစ်ဖွဲ့ ဝိုင်းဟားလေသည်။ ထိုအခါ စစ်စစ်မျက်နှာ

လေး တွန့်စုလျက် –

''ရယ်စရာပါလို့လား''

''ရယ်စရာပေါ့ဟ''

''ဟား ဟား ဟား''

''ရယ်စရာထက် ပိုရယ်ဖို့ကောင်းတာပေါ့ဟ''

အဓိကနဲ့ ဖောပါ ရယ်ကြ ပြောကြသည်က ဟက်ဟက်စက်စ

ဝမ်းသာကြဟန်နဲ့။





စစ်စစ် ခံရတာကို သူတို့ ရယ်နိုင်သေးတာ စစ်စစ် ခံရခက်

လက်လှမ်းမီရာ အဓိကကျောကို တဖြန်းဖြန်း လှမ်းရိုက်သည်။

''အဲဒါ ရယ်စရာမဟုတ်ဘူး၊ စစ်စစ် ခံလာရတာလေ''

ချယ်ရီသွေးဝင်ပြောသည်က စစ်စစ်ကို ဝိုင်းမရယ်ကြဖို့။

''ဟုတ်သားပဲ ရှင်တို့ကလည်း''

စောစောတုန်းက ဝိုင်းရယ်တဲ့အထဲပါတဲ့ ပန်းနုနုပါ စစ်စစ်ဘက်

ဝင်ပြောပြန်သည်။ စစ်စစ်က အားလုံးကို မျက်စောင်းထိုး၏။

''အံမယ်၊ ရှင်လည်း ဝိုင်းရယ်ပြီးတော့''

''ဟိုလူ့ကို အမြင်ကတ်လို့ပါဟ''

''ဟုတ်တယ် ဟုတ်တယ်၊ တို့လည်း ဟိုလူ့ကို အမြင်ကတ်လို့

နှယ်ကွာ၊ ဒီရုပ်ဒီရည်မျိုးကို သူခိုးစွပ်စွဲရတယ်လို့''

''ဟုတ်တယ်၊ အဲဒါကို စစ်စစ် မကျေနပ်ဘူး''

သူငယ်ချင်းအားလုံး စစ်စစ်ဘက်ပါလာတာကြောင့် စစ်စစ်

မှာ ဖြစ်တဲ့အတိုင်း ထုတ်ပြောမိ၏။

''စစ် မကျေနပ်သလို ပန်းနုတို့လည်း မကျေနပ်ပါဘူး''

''ဟုတ်တယ် စစ်စစ်၊ ချယ်ရီလည်း မကျေနပ်ဘူး၊ အဲဒီငနဲကို

ပြန်လုပ်ရအောင်လား''

''လုပ်ရမှာပေါ့၊ စစ်စစ်ကို ပြောလိုက်တာများ သူခိုးတွေကို

လို့တဲ့ အားမနာ လျှာမကျိုးနဲ့၊ အဲဒီလျှာကြီးကို ဖြတ်ပစ်လိုက်

www.burmeseclassic.com



ချင်တယ်၊ အိုး မြင်မြင်သမျှ ဖမ်းဆွဲပြီးဖြတ်ပစ်ရမှ''

''အောင်မယ်လေး''

စစ်စစ် အားပါးတရ ပြောချလိုက်တော့ အမိကတို့ယောက်

လေးသုံးယောက် တစ်ကိုယ်လုံး တွန့်သွားသည်။

''အဲဒါက ဘာဖြစ်တာလဲ''

''ဩော် မြင်မြင်သမျှ ဖမ်းဆွဲပြီး ဖြတ်ပစ်မယ်ဆိုလို့ ကြက်

ထသွားတာပါ''

''ဖြတ်သာဖြတ် စစ်စစ်ရေ၊ ဖြတ်ပစ်၊ အဲဒီငနဲ မျိုးတုံးအော

ဖြတ်ပစ်''

''ဂစ်၊ မင်းယောက်ဖ မဟုတ်တာနဲ့''

''အေးလေ၊ အမိကယောက်ဖဆို အမိက ဘယ်အထိခံ

သူ့ဟာ မဖြတ်နဲ့၊ ငါ့ဟာဖြတ်ဆိုပြီး ကော့ပေးမှာ''

''ဘာ ဘာကိုလဲ''

ဇော ရှူကြောင်မှုကြောင်ပုံစံနဲ့ လက်ညှိုးလေးကော့ကာ

ပြလေသည်။ စစ်စစ် အမြင်ကတ်ကတ်နဲ့ ဇောလက်ညှိုးလေးကို

ကပဲ ငုံထားတဲ့ရေနွေးကြွေခွက်ထဲ ထိုးထည့်ပေးလိုက်သည်။

''အား ပူ ပူတယ်''

''အား ပါး ပါး''

ဇောတစ်ယောက် လက်ညှိုးမှတစ်ဆင့် တစ်ကိုယ်လုံး ပူကြ





သလား ခံစားလိုက်ရသည်။

''နောက်တစ်ခါ အပိုတွေပြောကြည့်ဦး၊ ဒီထက်ပိုပြီးတာ မှတ်''

''ဖူး ဖူး ဖူး၊ စစ်စစ်ကလည်းဟာ ငါက ရယ်စရာပြောတာပါ''

လက်ညှိုးလေးကို တဖူးဖူးမှုတ်ရင်း ဇောခမျာ အလုအယက်

ရှင်းရရှာသည်။

''မပြောပါနဲ့ စစ်စစ်က အတည်အတန့် ပြောနေတာ၊ သေချာ

ထောင်မှပေါ့၊ ကဲ ပြော စစ်စစ်၊ အဲဒီငနဲကို နင် ဘာလုပ်ချင်လဲ''

သတ္တာ ဝင်မေးခြင်း။ စစ်စစ် ကော်ဖီတစ်ငုံ ဖိမ်ခံသောက်ပြီးမှ

''သူ့ခြံထဲ ပြန်သွားချောင်းချင်တယ်''

''ဟာ၊ အဲဒါတော့မဖြစ်ဘူးထင်တယ်နော်၊ သွားချောင်းတာနဲ့

ည''

ပန်းနုနုပြောတာက စိုးရိမ်စွာ။ စစ်စစ်က စိတ်ထက်သန်နေ

မို့ –

''မိပါစေလေ၊ စစ်တို့က နိုးဖို့ချောင်းတာမှ မဟုတ်တာ''

''တော်ကြာ အမိဖမ်းပြီး ရဲလက်အပ်လိုက်ရင် အရှက်ကွဲကုန်

စစ်စစ်ရယ်''

ချယ်ရီသွေးလည်း စိုးရိမ်စိတ်ဖြစ်လာတဲ့အတိုင်း ပြောသည်။

တို့သုံးယောက်က ပန်းနုနုနဲ့ချယ်ရီသွေးလို စိုးရိမ်မနေ။ စစ်စစ်နည်း

မ်းချင်စိတ်ကလေးရှိတာမို့ –



www.burmeseclassic.com

www.burmeseclassic.com



''ချယ်ရီတို့ကလည်း စိုးရိမ်စရာမရှိ စိုးရိမ်နေပြန်ပြီ ရဲလက်အ
တိုင်း အပ်လို့ရမတဲ့လား။ သူ့ခြံထဲက တို့ ဘာခိုးဖို့ကြံကာလဲ၊ ခိုးတယ်
ဆိုရင် လက်တွေပြနိုင်းလိုက်လေ၊ သူ့ကင်မရာက အဖြေပေးသွားမယ်''

''အေး၊ ဒါလည်း ဟုတ်သား''

ပန်းနုနုက ချက်ချင်း သဘောပေါက်လျက် ထောက်ခံသည်။

''ဟုတ်သား မဟုတ်ဘူး။ ဟုတ်ကို ဟုတ်တယ်၊ သူ့ကင်မရာ
က သက်သေခံမယ်လေ၊ စစ်စစ်တို့ သူခိုးမဟုတ်ဘူးဆိုတာ သူသိသာ
လိုတယ်၊ ပြီးတော့ သူ့စိတ် အနှောင့်အယှက်ဖြစ်သွားဖို့ အရေးအကြီး
ပဲ''

စစ်စစ် ခံပြင်းဟန်လေးနဲ့ ပြောလိုက်တော့ ချယ်ရီသွေးကလည်း
ခေါင်းတစ်ဝင်ဆတ်ညိတ်လျက် ထောက်ခံသည်။

အဓိကတို့ နဂိုကတည်း က စိတ်ဝင်စားတာကြောင့် –

''ကဲ အဲဒါဆို မြန်မြန်လေး လှုပ်ရှားရအောင်''

''လှုပ်ရှားတာပေါ့၊ ထူးထူးခြားခြားလေးလည်း ဖြစ်အောင်
နေဦး၊ စစ်စစ် စဉ်းစားထားတာရှိတယ်''

''ဘာလဲ''

''အချိန်တန်ရင် သိရတာပေါ့ဟ၊ ကဲ ကော်ဖီသောက်ပြီး သွား
ကြမယ်''

''အိုကေ''





သူငယ်ချင်းအားလုံး စိတ်တူကိုယ်တူဖြစ်လျက်၊ လက်မလေး
များ ထောင်ကာ တိုက်လိုက်ကြသည်။

အဲဒါ သူတို့သူငယ်ချင်းများ သဘောတူတဲ့ သင်္ကေတ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

''သရဲ သရဲ''

ကြောက်လန့်တကြားအော်သံနဲ့ ဒုန်းစိုင်းပြေးတဲ့ ခြေသံ။ သ
တိုက်ပုလေး တုန်ခါကာ အော်သံနဲ့ခြေသံတို့ လွှမ်းမိုးသွားသည်။

''သရဲ သရဲ''

''ဝုန်း ဒုန်း''

အော်သံနဲ့ တိုက်ဝတံခါးကို ပိတ်လိုက်တဲ့အသံတွေပါ ထပ်ဆင့်
ကြားရတော့ ရေစက်-အိပ်ရာပေါ်က ထရလေသည်။

ဒီခြံမှာ နေလာတာ ဆယ်နှစ်မကတော့ပါ။ တစ်ခါဖူးမှ သရဲ
သဘက်ခြောက်တာ မကြားဖူးသလို မကြုံလည်း မကြုံဖူး။





ဦးလှမှန်လို သတ္တိရှိတဲ့လူတောင် အော်ဟစ်ပြီးပြေးလာရတယ်ဆိုတော့ ရေစက်လည်း ခပ်လန့်လန့်ရယ်။

''ဦးလှ ဦးလှ''

''မောင်ရေစက်၊ သ သရဲကွ သရဲ''

ဦးလှမှန် လန့်ဖျပ်ကာ ကြောက်စိတ်နဲ့ တုန်နေသည်။ ရေစက် အခန်းတံခါးဖွင့်လိုက်သည်နဲ့ အိပ်ခန်းထဲ တစ်ပါတည်း ပြေးဝင်လာသည်။

''သရဲ ဟုတ်လား ဦးလှ''

''ဟုတ်တယ် သရဲ၊ သရဲတွေမှ အများကြီး အများကြီးကွ''

သရဲတွေက အများကြီးတဲ့။ သူလည်း နည်းနည်းလန့်ကာ အိပ်ခန်းတံခါးကိုပါ ပိတ်လိုက်ရသည်။

ဦးလှမှန် ကြောက်လွန်းလို့ မေးပါ ရိုက်နေပြီ။

''ဦး တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မမြင်ဖူးဘူး မောင်ရင်ရာ၊ ဒီလောက်များတဲ့သရဲတွေ သေးသေးရော ကြီးကြီးရော စုံနေတာပဲ''

ဦးလှမှန်ပြောလည်းပြောရင်း ရင်ဘတ်ကို လက်နဲ့ဖိထားသည်။ မျက်လုံးကလည်း နောက်ကြောင်းမအေးစွာ တံခါးဘက်လှည့်ကြည့် လှည့်ကြည့်နဲ့။

''သရဲတွေ အစုံပဲ၊ ဟုတ် ဟုတ်လား ဦးလှ''

''ဟာ ဒီလောက်များတဲ့ သရဲအစုအဝေးကြီးကွာ၊ မြင်လိုက်တာ အရူးပါထွက်ချင်တယ်ကွ''



www.burmeseclassic.com

www.burmeseclassic.com



ရေစက် မသိမသာ သက်မလေးချရင်း -

"အခု အဲဒီသရဲတွေကော"

"ခြံရှေ့မှာ ရှိမှာပေါ့ကွ"

ရေစက်စိတ်က မသိမသာ လန့်ပေမယ့် စူးစမ်းချင်တဲ့ စိတ်ဓာ လေး ကြွလာသည်။ ဦးလူမှန်ကို ဖန်ကရားထဲက ရေတစ်ခွက်ငှဲ့တိုက်ရင် သရဲကို ကြည့်ဖို့ စိတ်ကူးနေမိသည်။

ဦးလူမှန် ရေတစ်ခွက်လုံး ကုန်အောင် မော့သောက်ပြီး-

"ဦးလူ အနောက်ဘက်တိုက်တွေကို တစ်ပတ်လျှောက်ကြည့်ပြီး မျက်နှာစာဘက် တိုက်တွေလည်း ကြည့်ရော၊ ဟာ သရဲတွေ တဝီ အော်ပြီး ပြေးလာကြတာ၊ ဦးလူလည်း ကြောက်လန့်ပြီး မောင်ရင့်တိုက်ထဲ ပြေးဝင်ခဲ့ရတာပဲ၊ အဲဒီကောင်တွေ ရှိနေဦးမယ်၊ မောင်ရေစက် အပြင် မထွက်နဲ့ဦး၊ ဦးလူတော့ လန့်လှတယ်"

ဦးလူမှန် သူ့အခန်းထဲ ဒရင်းဘတ်ခ်ပေါ်မှာ ထိုင်ချရင်း ရေစက် ကို တားလေသည်။

တူတူလိုက်ကြည့်ဖို့ ခေါ်မလို့ ပါးစပ်ပြင်နေတဲ့ ရေစက် ပါးစပ် လေး အလိုလို ပြန်ပိတ်လျက်။

မွေ့ရာပေါ် ပြန်ထိုင်ရသည်။ ဦးလူမှန် ရင်တထိတ်ထိတ်နဲ့ ဒရင်းဘတ်ခ်ပေါ် ခွေရင်း ငြိမ်ငြိမ်လေးနေ၏။ ရေစက် ပြတင်းပေါက်နား သွားပြီး နားစွင့်ကြည့်သည်။





ဦးလူပြောသလို တဝီဝီအော်နေတဲ့ သရဲအသံကြားရဦးမလား ဆိုတဲ့ စိတ်ကူးလေးနဲ့ပါ။

မှန်တံခါးမို့ အပြင်ကအသံတွေ ဘာမှမကြား။ ခြံထဲချောင်း ကြည့်ဖို့က ပြတင်းတံခါး ဖွင့်ရဦးမည်။ တံခါးဖွင့်တာနဲ့ ဦးလူအော်ဦးမယ်။

နောက်ပြီး သရဲတွေက စိတ်ချရတာမဟုတ်ဘူး။ တံခါးဖွင့်တာ နဲ့ အပေါက်ထဲ ပြေးဝင်လာရင်။

အမလေး။

သရဲနဲ့ ရင်ဆိုင်ရမှာတော့ လန့်လှသည်။ ဒါနဲ့ပဲ ခြံထဲလည်း ချောင်းမကြည့်နဲ့။ ဦးလူမှန် ငြိမ်နေသလို ရေစက်လည်း အိပ်ရာပေါ် ငြိမ်နေလိုက်သည်။

ဘယ်လောက်တောင် ကြောက်လှသည်မသိ။ ဦးလူမှန် တခေါ ခေါနဲ့ အိပ်မောပင်ကျနေပြီ။ ထိုအခါ ရေစက်ရဲ့ စူးစမ်းချင်စိတ်ကလေး ခေါင်းထောင်လာသည်။

ထိုအခါ အိပ်ရာပေါ်က ငေါက်ခနဲထမိသည်။ အိပ်မပျော်ချင်း ခဏတု နည်းနည်းလေး စူးစမ်းကြည့်ဦးမှ။

ဟုတ်တယ်။

အိပ်ခန်းတံခါး အသာဖွင့်၏။ ဦးလူမှန် နိုးသွားမှာလည်း စိုးရ သည်။ ငဲ့ကြည့်တော့ ဦးလူမှန်က တခေါခေါဖြစ်လို့ကောင်းဆဲ။ ရေစက် အခန်းတံခါးကို အသာပြန်ပိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှာ တစမ်းစမ်းလျှောက်ရင်း မီးဖွင့်ဖို့ စိတ်ကူးရ... သည်။ မီးခလုတ်တွေ ဖွင့်ပေမယ့် မီးမလင်း။

သေတော့မှာပဲ၊ အရေးအကြောင်းဆို ဒီမီးက ပြတ်ပြီ၊ ကြောက်... စိတ်ရှိပေမယ့် ခြေလှမ်းက ရှေ့တိုးသည်။ တိုက်မျက်နှာစာတံခါးကို ဖြည်းဖြည်းချင်းဖွင့်၏။

တံခါးဟာဟပွင့်တာနဲ့ လေအေးတိုးဝင်လာတော့ ရေစက်တစ်... ကိုယ်လုံး ဖြန်းခနဲ ကြက်သီးထလေသည်။

ထိုအခါ ရေစက် ခဏငြိမ်ရပ်လျက် အခြေအနေကို စောင့်... ကြည့်၏။ ဘာမှ မထူးခြားတာကြောင့် တံခါးကို ခပ်ကျယ်ကျယ်ဖွင့်ပြီး ပေါ်တီကိုအောက် ခြေချလျှင် -

"ဝီ ဝီ ဝီ"

စူးရှတဲ့အော်မြည်သံကြီး နောက်မှာ ရေစက် လန့်ဖျပ်ကာ အသက်မဲ့သလို ခံစားလိုက်ရသည်။

ရင်ထဲမှာလည်း "သရဲ" လို့ ယောင်ယမ်း အော်မိသွားသည် ဟုတ်ပါသည်။ ဦးလူပြောတဲ့အတိုင်း အော်သံကြီးနောက်မှာ ကြောက်မက် ဖွယ်ကောင်းတဲ့ သရဲတွေ။

ညအမှောင်မှာ စူးရှတဲ့ မီးလုံးတွေ ရုတ်ခြည်းပွင့်တက်ပြီ... ပြန်မှိတ်ကျသွားသည်။ မည်းမည်းအရိပ်တွေ၊ ကြီးကြီးပါသလို သေးသေ... ...ကျာလည်း ပါသည်။





တချို့အရိပ်တွေ ခြေလက်ကားယားနဲ့ ပြေးလာနေသလား ...အောက်မေ့ရသည်။ တချို့သရဲတွေက သူမမြင်ဖူးတဲ့ အံ့ဩထူးဆန်းဖွယ် ...ကောင်းတဲ့ တိရစ္ဆာန်တွေလို။

ရေစက် ပြေးဖို့ထက် ကြောက်စိတ်နဲ့ အသက်မဲ့သလို မျက်စိ ...ဆံရုပ်နေလိုက်တာ မိနစ်ပေါင်းများစွာ။ တဝီဝီအော်သံတွေက တစ်ပြိုင် ...နက် ပေါ်ထွက်သလို တစ်ပြိုင်နက် တိတ်ကျသွားသည်။ မီးလုံးတွေလည်း ...လို့ ထိုမည်းမည်းသရဲတွေကလည်း ကျောက်ရုပ်တွေလို ဖြစ်ကာ။

နောက် နာရီဝက်လောက်ကြာရင် တဝီဝီထအော်ပြန်သည်။ ...သရဲမည်းမည်းတွေ လှုပ်လာသလို ဖန်ဂေါ်လီလောက်ရှိတဲ့ မီးပွင့်တွေ ...လည်း ရဲရဲကြီး ပွင့်၏။

ရေစက် ငြိမ်မြဲနေလိုက်သည်။ တစ်ခါ ထိုအသံတွေ တိတ်၊ ...တွေ ငြိမ်ကျသွားပြန်သည်။ နောက်ထပ် နာရီဝက်လောက်ကြာရင် ... တစ်ကြိမ် ပြန်ဖြစ်၏။ ထိုအခါ ရေစက်ခေါင်းထဲ ဒက်ခနဲ သိသွား၏။

ဒါ သရဲအစစ်တွေ မဖြစ်နိုင်တော့ပါ။ ဖန်တီးထားတဲ့ သရဲတွေ ...ဖြစ်မယ်။ ထိုအတွေးနဲ့ ကြောက်စိတ်တွေလွင့်ကာ စူးစမ်းချင်စိတ် ...သန်လာသည်။ ဒါကြောင့် ရေစက် ငြိမ်မနေတော့ပါ။

ထိုသရဲတွေနား ချဉ်းကပ်သွားကာ လက်လှမ်းမီတဲ့ သရဲကြီး ...ကောင်ကို လက်နဲ့ ဆွဲဆုပ်ကိုင်လိုက်လျှင် -

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့တဲ့ မွေးညင်းတွေနဲ့။ ဒါတင်မက အရုပ်ကြီးဖြစ်နေမှန်း လက်အတွေ့နဲ့ သိရှိသွားတဲ့နောက် ရေစက် ရယ်မောပစ်လိုက်သည်။

ထို့နောက် မီးစက် ချက်ချင်းမောင်း၏။

တစ်ခြံလုံး မီးလင်းသွားခါမှ ထင်ထင်ရှားရှား မြင်နေရတာ သရဲရုပ်တွေ။

ပုံသဏ္ဌာန်အစုံ၊ ဆိုဒ်စုံ သရဲရုပ်တွေ လေးငါးဆယ်မကပါ။ ပုံစံတွေက တအားကြောက်ဖို့ကောင်းနေသည်။ ဆံပင်ဖွာလန်ကြဲ မျက်လုံး ပြူးပြီး လျှာတစ်လံမက ရှည်တာတွေရော။

အဂ်ါမစုံတဲ့ သရဲရုပ်တွေလည်း ပါသည်။ ဦးလူမှန်မြင်လျှင် ဘယ်လောက်များ ရယ်မောလိမ့်မလဲ။

"ဟူး"

ရေစက် လေပူတစ်ချက် မှုတ်ထုတ်ရင်း ဒီအရုပ်တွေ ဘယ်က လာတာလဲ သိချင်တာမို့ တပ်ဆင်ထားတဲ့ ကင်မရာကို ကြည့်တော့မှ

✿ ✿ ✿



## အခန်း (၁၁)

"စစ်စစ် နားတော့လေ၊ ထမင်းစားချိန် ရောက်နေပြီးဟ"

သူ့ရိယ အနားလာပြီး ပြော၏။ စစ်စစ် ငုံ့မကြည့်ပါ။ ကွန်ပျူတာ [illegible]ပြင်ကို ကြည့်လျက် လက်ကလည်း ကီးဂဏန်းတွေကို အဆက် [illegible] ရိုက်နေရင်း –

"ရောက်ရောက်ဟာ၊ ဒီစာရင်းပြီးဖို့ အရေးကြီးတယ်"

"ထမင်းစားပြီးရင် ကျွန်တော် ကူရိုက်ပေးမယ်"

"နေပါစေ၊ နင့်ဘာသာနင် သွားစား"

စစ်စစ်က အလုပ်လုပ်ရင် ပြီးအောင်ပြတ်အောင် လုပ်တတ် [illegible]။ ဒီစာရင်းက ပိုပြီးအရေးကြီးတယ် မဟုတ်လား။ ဒီနေ့လယ်





www.burmeseclassic.com

www.burmeseclassic.com



အပြီးလုပ်ရမှာလေ။

စက်ရုံအတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းစာရင်းပါသ ဒယ်ဒီ့အထည်ချုပ်စက်ရုံက ထွက်တဲ့ ပစ္စည်းစာရင်းတွေလည်း ပါသ စာရင်းက နှစ်ခုမို့ ရောထွေးမသွားအောင် ဂရုစိုက်နေရသည်။

ထမင်းစားချိန်ရောက်လို့ ဗိုက်ဆာတာသိပေမယ့် ပြီးအောင် ဖို့ ဆုံးဖြတ်ထားတဲ့အတိုင်း အလုပ်သာဆက်လုပ်လျက်။

စစ်စစ်အကြောင်း သူရိယ ကောင်းစွာသိနေပြီမို့ နောက် ခေါ်မနေတော့ပါ။ စစ်စစ်နားက ချက်ချင်းခွာကာ ထမင်းစားပွဲကို စ နား ပင့်လာခဲ့သည်။

"ကဲ လုပ်စရာရှိတာလုပ်၊ ကျွန်တော် ခွံ့ကျွေးမယ်"

"အံမယ်"

စစ်စစ်ရင်ထဲ ကျေနပ်သလိုဖြစ်သွားသည်။ တစ်ချက်ငဲ့ လိုက်တော့ သူရိယက ကြည်ကြည်စင်စင်လေး ပြုံးလျက် –

"ဟုတ်တယ်လေ၊ ခွံ့ကျွေးမယ်၊ စားလည်းစား၊ အလုပ် လုပ်ပေါ့၊ မဟုတ်ဘူးလား"

"အင်း ကောင်းတယ်"

စစ်စစ် သဘောကျလို့သွားသည်။ သူရိယက စစ်စစ် လွယ်အောင် အသားတုံးသေးသေးလေးတွေဖြစ်အောင် ဖဲ့သည်။ တွေ ဘာတွေ ရောမပါသွားအောင် ဂရုစိုက်လျက်။





ထမင်းနဲ့ရောပြီး ဖွန်းနဲ့ခွံ့ကျွေး၏။

စစ်စစ်က သူခွံ့ကျွေးတာ စားလိုက်၊ လက်ကွက်တွေမှန်အောင် ိုက်လိုက်နဲ့ စည်းဝါးကိုက်နေသည်။

သူရိယက စစ်စစ်ကို ခွံ့ကျွေးပြီးရင် သူလည်း စား၏။

စစ်စစ်အတွက် အဲလိုလေးတွေ ဂရုစိုက်နေတဲ့သူရိယကို စစ်စစ် ခင်တွယ်ဘဲ မနေနိုင်။ သူရိယက ဒယ်ဒီ့အတွက် အားကိုးရတဲ့ လူငယ် လေး။ ပြီးတော့ ဒယ်ဒီကိုယ်တိုင် လိုလိုလားလား မွေးစားထားတဲ့ သား။ ယ်ဒီ့သားဆိုတော့ စစ်စစ်နဲ့ မောင်နှမပေါ့။

ဒါပေမဲ့ သွေးမတော်တာက ပတ်ဝန်းကျင်ကို အားနာစရာ ာင်းလှသည်။ နေ့လယ်စာ ဖိတ်ကျွေးတဲ့နေ့ကလည်း စစ်စစ်အပေါ် ရိယ ပို၍အလေးထားမှန်း စစ်စစ်သိသည်။

စားတာ သွားတာကအစ ဂရုစိုက်သည်။

ရုံးအလုပ်တွေဆိုလည်း စစ်စစ် နားလည်အောင် ဂရုတစိုက် င်ပေးတတ်သည်။ ဒယ်ဒီကတော့ သူရိယကို အားကိုးရတဲ့မွေးစား အဖြစ် ကြာလေ သဘောကျလေ။

သူငယ်ချင်းတွေနဲ့ တွေ့တဲ့အချိန်ကလွဲပြီး အလုပ်ထဲမှာ သူရိယ အချိန်ကုန်သည်သာများသည်။

စစ်စစ်ကို သူရိယ ထမင်းခွံ့ကျွေးနေတာမြင်တော့ ရုံးဝန်ထမ်း ဘာဘာညာညာ တွတ်ထိုးကြလေသည်။

www.burmeseclassic.com



ဘာပဲ တွတ်ထိုးတွတ်ထိုး စစ်စစ် ဂရုမစိုက်ပါ။

ဘာဆိုင်တာ မှတ်လို့။

ထမင်းခွံ့ကျွေးပြီးတော့ မပြီးသေး၊ ရေခွက်ကလေးကိုင်ပြီး ... စစ်စစ်ကို တယုတယ တိုက်လေသည်။

မမနည်းတူ စစ်စစ်ကို ဂရုစိုက်မယ့်သူ တိုးလာတဲ့အတွက် ... စစ်စစ် ပိုတောင်သဘောကျသေးသည်။

မကြာခင် မမက စစ်စစ်ကို အရင်လို ဂရုစိုက်နိုင်တော့ ... မဟုတ်ဘူး။ ကိုပိုင်နဲ့ မင်္ဂလာဆောင်ပြီးရင် စစ်စစ် ဘေးရောက်သွား ... လေ။ သူရိယ ဂရုစိုက်နေတော့ စစ်စစ်အတွက် ဖြေသာတာပေါ့။

ချောကလက်အချိုလေး ကျွေးပြီးမှ ထမင်းစားပွဲလေး ပြန် ... ထွက်သွားတဲ့ သူရိယကို သဘောကျစွာ တစ်ချက်ငဲ့ကြည့်သည်။

သူရိယ နေရာမှာ သူသာဆို။

သူသာဆိုရင် ဆိုတဲ့အသိက စစ်စစ် သွေးလည်ပတ်မှုကို ... သွားစေသည်။

✿ ✿ ✿



## အခန်း (၁၂)

"တီ တီ တီ"

အဆက်မပြတ် မြည်နေတဲ့ဖုန်းသံကြောင့် စစ်စစ် နိုးသွား၏။ ... အချိန်မတော် ဘယ်သူဆက်တာပါလိမ့်။

သတ္တုတို့လား။

ဖြစ်နိုင်တယ်။ ဒီငနဲလေးတွေက ညည့်နက်သန်းခေါင်ရှိလေ ... ကလယ် ... ပြန်နေကျ။ ကလယ်ကအပြန် မူးမူးနဲ့ စစ်စစ်ဖုန်းကိုခေါ်တတ်သည်။

ဘာလုပ်ဖို့လဲ မေးရင် –

"နင် အိပ်ရေးဆတ်သလား၊ အိပ်ပုတ်လား သိချင်လို့ ခေါ် ... တာ၊ အိပ်ရေးဆတ်သားပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"သေချင်းဆိုးလေး"

"ဟဲ ဟဲ ဟဲ့၊ ဒါပဲ"

ဆိုပြီး ဖုန်းချသွားတတ်တဲ့အကျင့်က ရှိနေသည်။ အခုလည်း ဒင်းတို့ပဲ ဖြစ်မယ်။ ညဦးက ကလပ်သွားဖို့ ဖုန်းဆက်ခေါ်သေးသည်။ အလုပ်တွေများပြီး စစ်စစ် တအားပင်ပန်းနေတာနဲ့ မသွားဘူး ငြင်းကာ။

စစ်စစ်ငြင်းလိုက်တော့ တစ်သိုက်လုံး ဆူဆူပွက်ပွက်နဲ့ ထွက်သွားကြတာ။ အခု သူတို့အုပ်စု ကလပ်က ပြန်အထွက်မှာ စစ်စစ် အိပ်ရေးပျက်အောင် နှောင့်ယှက်ဦးမှဆိုတဲ့အတွေးနဲ့ ဖုန်းခေါ်တာပဲ ဖြစ်မယ်။

အိပ်ရေးပျက်အောင် လုပ်တဲ့ငနဲလေးတွေ စစ်စစ်နဲ့တွေ့ပြီပေါ့။ အဆက်မပြတ် မြည်နေတဲ့ဖုန်း ကောက်ကိုင်လျက် –

"အဓိကလား၊ သတ္တလား၊ ဟွန်း နင်တို့အပျော်ကြူးလို့တာနဲ့ စစ်စစ်ကို အိပ်ရေးပျက်အောင် လုပ်တာပေါ့လေ၊ ဟုတ်လား"

စစ်စစ် ဒေါသမောင်းတင်ပြီး မေးချလိုက်သည်။ ဒါပေမဲ့ တစ်ဖက်က ဘာသံမှ ထွက်မလာ။

"ဟဲ့ မေးနေတယ်လေ ကောင်စုတ်လေးရဲ့"

"အဟွန်း၊ ကိုယ် ကောင်စုတ်လေး မဟုတ်ဘူး"

"ဟင်"





စစ်စစ် မှတ်မိနေတဲ့ သူ့အသံကြောင့် စစ်စစ် ဝေါက်ခနဲ ထ...သွားသည်။ အံ့ဩလွန်းပြီးလည်း –

"ဟို ဟို"

"ဘာလဲ၊ မင်းမှာ ကောင်စုတ်စုတ်အပေါင်းအသင်းတွေ ရှိနေ...လား"

"အဲဒါ ဘာဖြစ်လဲ"

စစ်စစ် ဘုတောလိုက်သည်။

"ဘာမှမဖြစ်ပါဘူး။ ကောင်စုတ်စုတ်တွေနဲ့ ပေါင်းပြီး ကောင်မ...တ်စုတ် ဖြစ်သွားမှာစိုးလို့"

"သေလိုက်ပါလား၊ လူကို ခပ်လေလေမိန်းမလို့ ထင်နေလား"

"ခပ်လေလေတော့ မဟုတ်ဘူး၊ ခပ်လွတ်လွတ် မိန်းကလေး ...တယ်"

"ဘာရယ်၊ ခပ်လွတ်လွတ် မိန်းကလေး၊ ဟုတ်လား"

"မင်းကိုယ်မင်း ပိုသိမှာပါ"

"တောက်"

စစ်စစ် ဒေါသလေးနဲ့ တောက်ခတ်လိုက်သည်။ စစ်စစ်ကိုများ ...လွတ် မိန်းကလေးတဲ့။ စစ်စစ် သည်းမခံတတ်သည့်မို့ –

"ဒီမှာ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်ရော ဘာထူးလဲ၊ ညအချိန်မတော် သူများကို ဖုန်းသ
လာလုပ်နေတာ၊ ရှင်လည်း အလေနတော မဟုတ်ဘူးလို့ ငြင်းမရ
ရှင် လုံးဝ ငြင်းမရဘူး၊ နားလည်လား”

“အံမယ်၊ သူနိုး လူပြန်ဟစ်တယ်ဆိုတာ ဒါမျိုးပဲ”

“ဘာ၊ သူနိုး လူပြန်ဟစ်တာလား”

“နောက် မဟုတ်လို့လား အမိ၊ သူများခြံထဲ ခိုးချောင်းခိုး
ဝင်ကြ၊ နောက်ပြီး သရဲခြိမ်ဖြစ်အောင် ဖန်တီးကြ၊ ပြီးတော့”

စစ်စစ် ပါးစပ်လေးကို ကမန်းကတန်း ပိတ်လိုက်မိသည်
ကြည့်စမ်း။ ညတွင်းချင်း သူဆက်တာဆိုတော့ သံပတ်ပေးထားတဲ့ သ
ရုပ်တွေ အခြောက်ခံလိုက်ရလို့ဖြစ်မယ်။

သူ အတော်လန့်သွားတယ် ဖြစ်မယ်။ ဝမ်းသာလိုက်တာ။

စစ်စစ်ရင်ထဲ ခွီးခနဲ ကျိတ်ရယ်လိုက်သည်က သဘောကျ

“အသံတိတ်မနေနဲ့၊ ပြန်ပြောလေ ကက်ကက်လန်အောင်”

“ဟွန်း၊ ရှင်က စစ်စစ်ကို သူနိုးလိုလို မြင်နေတာကိုး”

“မင်းလုပ်ပုံကရော မမြင်ချင်စရာလား”

စစ်စစ် နှုတ်ဆိတ်နေလိုက်သည်။

ဟွန်း၊ အမြင်ကတ်တယ်။

ဒါပေမဲ့ သရဲအခြောက်ခံရလို့ ချက်ချင်းလက်ငင်းကြီး စစ်စစ်
ဖုန်းဆက်လာတာကိုတော့ ရင်ထဲ ကျိတ်ပြီးကျေနပ်သည်။





နောက်ပြီး သူပြောနေတာတွေက မကျေနပ်လို့မဟုတ်မှန်း
သိသာကာ။

အသံက ကြည်ကြည်လင်လင်နဲ့ ပြောနေရင်း ရယ်သံလေးပါ
ထွက်လာတဲ့ သူ့အသံလေးက နားထောင်လို့ ကောင်းနေသည်။

“ပြောလေ၊ မင်းလုပ်ပုံက သူနိုးလို့ မမြင်ချင်စရာ”

စစ်စစ် အသံတိတ်နေတော့ သူ ပြန်မေး၏။ စစ်စစ်မျက်နှာ
လေးကို ကြည့်နူးစွာ တွန့်ချိုးလိုက်ပြီး –

“မြင်ရင်လည်း ဆောရီးဟာ”

“ဆောရီးလုပ်တိုင်း မကျေအေးနိုင်ဘူး”

“ဒါဆို စစ်က ဘာလုပ်ပေးရမလဲ”

“ကိုယ့်မှာ လိုနေတာတစ်ခုရှိတယ်”

“ဘာလဲ ရှင်လိုတာက”

“ချစ်သူ”

“ဘုရားရေ”

သူ့အသံလေးအဆုံးမှာ နားနားကပ်ထားတဲ့ လက်ကိုင်ဖုန်းလေး
ခနဲ လွတ်ကျသွားသည်။

“ချစ်သူ” တဲ့။

ဒါ ဒါ စစ်စစ်ကို သူ ရည်းစားစကား ပြောတာပေါ့။ ဟုတ်၊
တ်လား။



www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်ကိုယ်၌စစ်စစ် မေးရင်း အိပ်ရာပေါ်လွှတ်ကျသွားတဲ့ လက်ကိုင်ဖုန်းလေးကို ငေးကြည့်နေမိတာ ရင်ခုန်သံတွေ မြောင်းဆန်လျက်။

အတန်ကြာမှ လက်ကိုင်ဖုန်းလေးကို စစ်စစ် စိတ်လှုပ်ရှားစွာ ပြန်ကောက်၏။

ဖြည်းဖြည်းချင်း နားနားပြန်ကပ်ကာ။ သူ့အသံ ကြားရလို ကြားရငြား ပြန်နားဆင်မိသည်။

စစ်စစ် ဖုန်းချသွားပြီးအထင်နဲ့ သူ ဖုန်းပိတ်လိုက်မှန်းသိတဲ့အခါ စစ်စစ်နှလုံးသားမှာ သူ့အသံလေး ပြေးဝင်ကပ်ငြိသလို ခံစားလိုက်ရသည်။

"ချစ်သူ" တဲ့။



## အခန်း (၁၃)

"ဟိတ်"

"ဟင်"

မနက်ဘက်ဆို့ လှေကျင့်ခန်းလုပ်နေတဲ့ သူရိယ။ ကိုယ်လက်
ရှားမှုနားတော့မလို့ ကြိုကာရှိသေးတယ်။ အနောက်က လှမ်းခေါ်သံ
လို့ လှည့်ကြည့်လိုက်တော့ အံ့ဩရချေသည်။

မအံ့ဩဘဲ နေမတဲ့လား။ ခေါ်တာက စစ်စစ်လေ။ ကြည့်စမ်း။
ာစောစောစီးစီး သူ့ဆီရောက်လာတာ ထူးဆန်းအံ့ဩဖွယ်ကောင်း
ာက် ဝိုလွှန်းနေသည်။

"သူရိယ၊ ဘာကြောင့်ကြည့်နေတာလဲ၊ စစ်စစ်ကို"

www.burmeseclassic.com



“အံ့သြလို့ပါဟာ”

“ဟွန်း၊ အံ့သြစရာ၊ ဘာက အံ့သြစရာလဲ”

“စစ်စစ် ကျွန်တော့်ဆီလာတာလေ”

“ဟွန်း၊ အံ့သြရင်လည်း နောက်မှ အံ့သြ၊ စစ်စစ် မေးစရာ ရှိလို့ လာခဲ့တာ”

“မေးစရာရှိလို့”

“ဟုတ်တယ်”

စစ်စစ် ခေါင်းလေးပါညိတ်ရင်း ပြောကာ ရပ်ထားတဲ့ကားနား မှ ခွာပြီး သူရိယနား လျှောက်လာသည်။ သူရိယ အံ့သြတာတွေနောက် မှာ ကျေနပ်အားရလည်း ဖြစ်၏။

တွေ့စက သူ့အပေါ် မလိုလားဟန်နဲ့ ဆက်ဆံတဲ့ စစ်စစ် ခုလို ပြောင်းလဲလာတာ မြင်ရတော့ ကြည်နူးပီတိလည်းဖြစ်သည်။

“ဘာ ဘာမေးမှာလဲ”

“မေးတော့ သိမှာပါလို့၊ ကဲ ရေချိုးရင်သွားချိုး၊ တစ်ကိုယ်လုံး ချွေးတွေနဲ့”

သူရိယဝတ်ထားတဲ့ အားကစားဝတ်စုံမှာ ချွေးတွေရွှဲနေမှန်း သိလို့ စစ်စစ်ပြောလိုက်တော့ –

“အေးဟ၊ ခဏနော်၊ မကြာဘူး”

သူရိယ ဝမ်းသာသံနဲ့ ဗလုံးဗထွေးပြောရင်း စက်ရုံကိုထောင်





ဘာတက်ရှိ သူ့အခန်းလေးထဲ ပြေးဝင်သွားသည်။ ရင်ထဲမှာလည်း လွင့် လွင့်မျောမျောလေး မြူးလို့။

သူ့ကို မမ မဟုတ်ရာလိုပဲ စစ်စစ်လည်း လိုလိုလားလား အသိအမှတ်ပြုတတ်ပါလားဆိုတဲ့ အတွေးနဲ့ပါ။ ကမန်းကတန်း ရေချိုး၏။ ဆပ်ပြာတွေ ဘာတွေပင် တိုက်မနေတော့ပါ။ ချွေးစင်ရင် ပြီးရောချိုးကာ။

မွေးပွတဘက်နဲ့ကိုယ်ကို ပွတ်တိုက်၍ ရေစက်စင်အောင်သုတ်ပြီး ဆွဲကရာ ခွယ်တာတစ်ထည် ဆွဲဝတ်၏။ ရေလဲပိုင်းကို ပုဆိုးတစ်ထည်နဲ့ လဲဝတ်ပြီး ပြန်ထွက်ခဲ့တာ မှန်လည်း မကြည့်ဖြစ်၊ ခေါင်းလည်း မဖြီးဖြစ်။ ဆံပင်ကို လက်နဲ့ပဲ သ,ဖြီးရင်းပေါ့။

“လာ သူရိယ၊ တစ်ဆိုင်ဆိုင်မှာ မနက်စာ စားရအောင်၊ ပြီး တော့ စစ်စစ်မေးတာ ပြောပေါ့”

အခန်းပြင်ရောက်တာနဲ့ စစ်စစ်ခေါ်ကာ ကားပေါ်ဦးဆောင် တက်သွားလေသည်။ သူရိယကလည်း စစ်စစ်ဦးဆောင်တဲ့အတိုင်း အားရ ဝမ်းသာ ပါသွားတဲ့အဖြစ်။

စက်ရုံကိုထောင်စောင့်တဲ့ ဦးမင်းအောင် ငေးကြည့်ရင်း သက်မ ချလေသည်။ စစ်စစ်နဲ့သူရိယ။ သူဌေးသမီးနဲ့မွေးစားသား။

ဘာတွေ ဖြစ်ကြမလဲ ရှေ့တစ်လံလောက် ရင်ပူစွာကြိုတွေးရင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မောင်လေး၊ နေ နေဦး"

စာဖတ်ခန်းထဲက ပြေးထွက်ရင်း ပြောလိုက်တဲ့ သမီးကြီးအသ
ကြောင့် ဦးသိမ်းထိုက် ခြေလှမ်းက ဧည့်ခန်းအဝင်အဝမှာ တန့်သွားသည်။

ကားမောင်းထွက်လို ဖြစ်နေတဲ့ သူရိယလည်း ကားစက်သ
ရပ်ကာ –

"ကိစ္စရှိလို့လား မမ"

"ရှိတယ်"

"အရေးကြီးလို့လားသမီးရယ်၊ သားကို ဒယ်ဒီနိုင်းထားတ
ရှိနေသေးတယ်"





ဒယ်ဒီဝင်ပြောတော့ မမ အလေးအနက်ပုံစံလေးနဲ့ ခေါင်းလေး
ဆတ်ပြီး –

"ခဏလေးပါ ဒယ်ဒီရဲ့၊ မာမီရေ ဒယ်ဒီပြန်လာပြီ"

အခန်းထဲမှာရှိနေသော မာမီ့ကို ဒယ်ဒီပြန်လာကြောင်း အသံ
မြှင့်ပြောရင်း ပေါ်တီကိုအောက် သွက်သွက်လေး ထွက်ခဲ့သည်။

မာမီက ဒယ်ဒီ့ကို ကြိုပြီး နားနေခန်းထဲ ခေါ်သွား၏။

"ဘာနိုင်းမလို့လဲ မမ"

သူရိယ ကားပေါ်ကဆင်းရင်း မေးသည်။ သူရိယမေးတာကို
မမ မဖြေသေး။ အန်ကယ်တို့ဘက် နောက်ကြောင်းမအေးသလို လှည့်
ကြည့်နေသေးသည်။

အန်ကယ်တို့အရိပ်တွေ မမြင်တော့မှ –

"ကဲ လာ လာ"

မမ ခပ်လောလောပုံစံလေးနဲ့ သူရိယလက်မောင်းကိုဆွဲကာ
ခြံရှေ့ရှိ နားနေတဲ့ အဆောက်အအုံလေးဆီ ဦးတည်သွား၏။

သူရိယလည်း စိတ်လှုပ်ရှားစွာပါလာသည်။ အမိုးဝိုင်းလေးပါတဲ့
အဆောက်အအုံမှာ သူရိယကို အရင်ထိုင်စေပြီး –

"မနက်က မောင်လေးဆီ စစ်စစ်သွားတယ်ဆို"

"ဟုတ်တယ် မမ၊ ဘာဖြစ်လို့လဲ၊ မမက စစ်စစ်ကို ဆုချင်လို့
လား"



www.burmeseclassic.com

www.burmeseclassic.com



"အို မဟုတ်တာဘဲ မောင်လေးရယ်၊ မောင်လေးဆီသွားတာ ဆူစရာလားလို့"

သူရိုယ ရင်ထဲ နည်းနည်းပေါ့ပါးသွားသည်။

ဘာပဲဖြစ်ဖြစ် သူက အန်ကယ်ရဲ့ မွေးစားသားမဟုတ်လား။ ခွဲခြားချင်ရင် ခွဲခြားလို့ရတယ်။ နှိမ့်ချချင်ရင် နှိမ့်ချလို့ရတယ်။

မမက ဆူစရာလားလို့ပြောမှ ရင်ထဲပေါ့သွား၏။ သို့သော် မမ ဘာတွေသိချင်သေးလဲဆိုတာကလည်း သူရိုယအတွက် စိတ်ဝင်စားစရာ ကောင်းနေသည်။

"ဒါဆို ဘာဖြစ်လို့လဲ"

"အံ့သြနေတာ"

"ကျွန်တော်လည်း ရုတ်တရက် အံ့သြသွားတယ်၊ စစ်စစ် အဲလောက်မြန်မြန်ဆန်ဆန်ကြီး ကျွန်တော့်အပေါ် လိုက်လိုက်လျောလျော ရှိလာမယ်လို့ မထင်ဘူး"

"အေး အဲဒါပေါ့၊ မမ အံ့သြနေတာ၊ ပြီးတော့ မောင်လေးကို စစ်စစ် ဘာတွေပြောလဲ"

သိချင်တဲ့စိတ်အား ထက်ထက်သန်သန်နှင့် မမမေးတဲ့နောက် မှာ သူရိုယမျက်နှာလေး မသိမသာ လွှဲမိသွားသည်။

မမရှေ့ ထိုင်နေရတာလည်း မလုံခြုံသလို ခံစားရ၏။

"ပြောလေ မောင်လေး၊ ညီမလေး ဘာတွေမေးပြီး ဘာတွေ





ပြောလဲ မမသိချင်တာပါ၊ သိချင်တာကလည်း ညီမလေးစိတ်ကို မမ သိချင်လို့၊ ဒီကောင်မလေး ထင်ရာတွေ ရွတ်လုပ်နေမှာ စိုးတယ်လေ"

"စိတ်မပူပါနဲ့ မမရယ်၊ စစ်စစ်က မမထင်သလို ထင်ရာစွတ် လုပ်တာမျိုး မဟုတ်ဘူး၊ သူသိချင်တာ သူမေးတယ်၊ ကျွန်တော်လည်း ဖြေခဲ့တယ်၊ ဘာတွေမှန်းလည်း ကျွန်တော် သေချာမမှတ်မိတော့ဘူး၊ နောက်တော့ စဉ်းစားပြီး ပြန်ပြောပြမယ် မမ၊ လောလောဆယ် အန်ကယ် ခိုင်းထားတာရှိသေးလို့ အန်ကယ်ခိုင်းထားတာ အရင်လုပ်လိုက်မယ်လေ၊ သွား မမ"

"သြော် အေး၊ သွား သွား၊ နောက်မှ"

မမလည်း သိချင်စိတ်ကို တစ်ရစ်လျှော့ကာ ခွင့်ပြုလိုက်၏။ ခွင့်ပြုတာက သူ့စိတ်အနည်းငယ် ပေါ့ပါးသွားသည်။

ဖွတ်အတင်း ပြောပါလို့ဆိုလာရင်။

သူရိုယ ခေါင်းတွင်တွင် ခါယမ်းကာ။

အန်ကယ်ခိုင်းထားတဲ့ကိစ္စ တွေရှိရာ ကားမောင်းထွက်ခဲ့ပေမယ့် ကိစ္စတွေပေါ် အာရုံမရောက်။

အာရုံရောက်ပြီး မျက်လုံးထဲ မြင်နေတာက မနက်ကဖြစ်စဉ်၊ ကြားနေတာက စစ်စစ်အသံ။

✿



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို စစ်စစ်မေးမယ်နော်၊ မညာနဲ့"

"ဘာမေးမှာလဲ"

ရွှေမြန်မာ မြန်မာအစားအသောက်ရောင်းတဲ့ ဆိုင်ထဲ ဝင်း

ချင်း စစ်စစ် စကားစသည်။ သူရိယကလည်း စိတ်ဝင်တစား မေး

သည်။

စစ်စစ်က စားသောက်သူရှင်းနေတဲ့ ဆိုင်ရဲ့ဘယ်ဘက်ထော

စားပွဲဆီ ဦးဆောင်လျှောက်သွားရင်း –

"မိန်းကလေးတစ်ယောက်ကို ချစ်ဖူးလား"

"ဟင်"

မထင်မှတ်တဲ့မေးခွန်းမို့ သူရိယရင်ခွင် လှုပ်ခုန်သွားသ

စစ်စစ်က စတီးလက်တန်းပါတဲ့ ထိုင်ခုံလှလှလေးမှာ ဦးစွာထိုင်ချ

"ပြောလေ၊ ချစ်ဖူးလား"

"ဟို ကျွတ်"

သူရိယ ဘာပြန်ပြောရမှန်းမသိတော့ပါ။ သူ့မျက်နှာသ

အရောင်ပြောင်းကာ ပူရှရှဖြစ်သလို ခံစားရလေသည်။

"ဟင့် ဟင့် ဟင့်"

အဲဒါကိုပဲ စစ်စစ်က သဘောတကျ ရယ်၏။





သူရိယ စစ်စစ်ကို ငေးကြည့်နေလိုက်သည်။ ယူနီဖောင်းဝတ်

းတဲ့ စားပွဲထိုးလေး အနားရောက်လာတာနဲ့ စစ်စစ် အရယ်လေးရပ်

။

ငှက်ပျောသီးကော်ပြန့်ကြော်၊ ဘိန်းမုန့်နဲ့ ကောက်ညှင်းထုပ်တွေ

င်မှာလိုက်သည်။

ဒီအစားအစာတွေက သူကြိုက်တဲ့အစားအစာတွေ။ သူ့အကြိုက်

အစာတွေမှာပြီး သူ့ကို ဒီမေးခွန်းမေးနေတာ အကြောင်းမဲ့ မဟုတ်

တော့မှန်း သူရိယ တွေးမိသည်။

ဒါကြောင့် –

"နေပါဦး စစ်စစ်ရယ်၊ ဘာဖြစ်လို့ ဒီမေးခွန်းမေးတာလဲ"

"သိချင်လို့"

သူ့ကိုစိုက်ကြည့်ပြီး မြူးမြူးလေးမေးသည်က သူရိယရင်ကို

ယ်ခုန်စေသည်။

"ဘာဖြစ်လို့ သိချင်တာလဲ"

"ဟွန်း၊ သိချင်တယ်ဆိုမှတော့ အကြောင်းရှိလို့ပေါ့ဟဲ့၊ တကာတဲ

လည်း ခေတ်လူငယ်ဖြစ်ပြီး ပိန်းလိုက်တာ"

စစ်စစ် စကားမဆုံးခင်ကတည်းက သူရိယ မသိမသာ သက်မ

သည်။ စားသောက်ဖို့ မုန့်တွေရောက်လာတော့ သူ့ရှေ့ မုန့်ပန်းကန်

ထိုးပေးရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ၊ နင် ချစ်ဖူးလား မိန်းကလေးတစ်ယောက်ယောက်ကို"

သူ့ကို တည့်တည့်စိုက်ကြည့်ပြီး မျှော်လင့်တကြီး မေးနေတာက ရွှင်မြူးစွာ။ သူရိယ မညာချင်ပါ။

ဒါပေမဲ့ စစ်စစ်ကိုတော့ တည့်မကြည့်တော့။ သူ့မျက်လုံးအစုံကို မှန့်ပန်းကန်တွေဆီ လွှဲပို့ရင်း –

"အင်း ချစ်ဖူးတယ်"

"ဟယ် ကြည့်စမ်း၊ ဒါဆို နင့်ရင်ထဲမှာ ချစ်မြှားညှောက်လေး ပေါက်နေတယ်ပေါ့၊ ဟုတ်လား"

ထိုမေးခွန်းနောက်မှာ သူရိယရင်မှာ တဒိုင်းဒိုင်း ခုန်လာသည်

သူရိယ ညာလည်းမညာချင်တော့ပါ။ စစ်စစ်ကို ရွှန်းရွှန်းဝင့်ဝင့်လေး ပြန်ကြည့်၍ ခေါင်းညိတ်လိုက်သည်။

"အင်း"

"ဟယ် ဝမ်းသာလိုက်တာ၊ ဒါဆို စစ်မေးတာ နင်ဖြေနိုင်သေချာပြီးဟ၊ နင့်ရှင်ထဲ ချစ်မိနေရင် နင် ဘာဆက်လုပ်မလဲဟင်"

သူရိယ ပြောသင့်မပြောသင့် နှုတ်ခမ်းလေးကို ဆွဲစေ့ထား မှ ပြောလိုက်တော့မယ်လို့ ဆုံးဖြတ်ကာ စစ်စစ်မေးတာကို ဖြေလိုက်သ က လွှတ်ခနဲ။

"ဘာလုပ်ရမှာလဲ၊ ချစ်တဲ့သူကို ဖွင့်ပြောမှာပေါ့"





"အိုကော၊ ဖွင့်ပြောတယ်ဆိုကတည်းက အဲဒီမိန်းကလေးဆီက အချစ်ကို လိုချင်လို့ပေါ့နော်၊ နော် သူရိယ"

"လိုချင်လို့ပေါ့ဟ၊ ဒါပေမဲ့"

"ဟင်၊ ဘာ ဒါပေမဲ့ ဖြစ်ရပြန်ပြီလဲ၊ တော်ပြီ မပြောနဲ့တော့၊ စစ်စစ် အဲလောက်ပဲ သိချင်တယ်၊ ကဲ နင် မနက်စာစားတော့"

စစ်စစ်က မပြတ်ချင်သေးတဲ့ သူ့စကားကို ချက်ချင်း ဖြတ်ပစ် သူရိယ ပြောချင်သေးတဲ့စကားတွေကို ဘရိပ်အုပ်ကာ စစ်စစ် ကြွားတဲ့အတိုင်း မနက်စာ စားရတဲ့အဖြစ်။

မစားလို့မှ မဖြစ်တာ။

မဖုရားလေး အလိုကျဖို့ အရေးကြီးတယ်မဟုတ်လား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟူး"

ကားထွက်သွားသံကြားသည်နှင့် မဟူရာ လှုပ်လှုပ်ရှား
ဖြစ်ကာ ကိုပိုင့်ဘေး ထိုင်နေရာမှ ချက်ချင်းထ၏။ ပြတင်းပေါက်လိုက်
အသာဟကြည့်တော့ ညီမလေး။

"စစ်စစ် ဘာဖြစ်လို့လဲ မဟူ"

သောက်လက်စ ကော်ဖီခွက်ကို အသာချရင်း ကိုပိုင်မေး

"အပြင်ထွက်သွားပြန်ပြီ"

"အပြင်သွားတာပဲ မဟူရယ်"

"သွားတာ အရေးမကြီးဘူး ကိုပိုင်"





"အဲဒါဆို ဘာဖြစ်လို့ လှုပ်လှုပ်ရှားရှား ဖြစ်နေရတာလဲ"

သူ့မလက်ကို ဆွဲထိုင်စေရင်း ကိုပိုင်ပြောလျှင် မဟူရာ ရှင်းပြရ
ခက်တဲ့ပုံစံလေးနဲ့ သုန်မှုန်သွားလေသည်။ မပြောရင်လည်း မဖြစ်တာမို့

"ဟို ညီမလေးက ကိုပိုင်မသိပါဘူး၊ စိတ်ထင်တိုင်း လျှောက်
လုပ်နေတာလေ၊ အရင်နဲ့လည်း မတူဘူး၊ ပြီးတော့ ရည်းစားထားဖို့
စိတ်ကူးယဉ်နေပြီ၊ အဲဒါ စိတ်ပူလို့"

"မဟူရယ်၊ ဘာများလဲလို့"

ကိုပိုင် ပေါ့ပေါ့ပါးပါးလေးပြောရင်း အရေးမပါဟန်နဲ့ ရယ်လေ
သည်။ မဟူရာ မျက်စောင်းလေးထိုးကာ ကိုပိုင့်ဘေး ပြန်ထိုင်ပြီး–

"ဘာလဲ၊ ကိုပိုင်က မယားညီအစ်ကိုရမှာမို့ ကျိတ်ပျော်နေတာ
သား"

"မိန်းမရာ"

ကိုပိုင် ရယ်မောရင်း မဟူရာ့ပခုံးကို လှမ်းဖက်၏။ ထိုအခါ
မဟူရာမျက်စောင်း ပိုလို့တောင် ရင့်ရော်သွားကာ ပခုံးပေါ်က ကိုပိုင့်လက်
ကို ချက်ချင်းပုတ်ချပြီး –

"ဘာမိန်းမရာလဲ၊ ကိုပိုင်နော်"

"မဟူက ဘာဖြစ်နေတာလဲ၊ စစ်စစ်လေး အရွယ်ရောက်နေပြီ
လေ၊ အင်္ဂလန်မှာတောင် ကျောင်းတက်လို့ ဘွဲ့ရလာတဲ့ မိန်းကလေး၊
ချစ်သူထားချင်တာ ထားပစေပေါ့၊ ဒါ လိုက်ပိတ်ပင်လို့ ရတာမှမဟုတ်တာ"

www.burmeseclassic.com



"ဟွန်း၊ မဟူ လိုက်ပိတ်ပင်နေတယ်လို့ ကိုပိုင်ပြောချင်တာ လား"

"ဒါကတော့ မဟူ ပိုသိမှာပေါ့"

"ကျွတ်၊ မဟုတ်ဘူး ကိုပိုင်ရဲ့"

"ကဲပါ၊ ဘာကြောင့်ဆိုတာ ကိုပိုင်နားလည်အောင် ပြောပါဦး"

အာကာပိုင် အလျှော့ပေးသလို ပြောခါမှ မဟူရာ့မျက်ခေါ လေး လွင့်ပါးသွားသည်။ ဒီတော့မှ မဟူရာလည်း မြုံပြီးခံစားရတာ ဖွင့်ပြောလေသည်။

"ဒီလိုပါ၊ ဒယ်ဒီ့မှာ စစ်စစ်လေးအတွက် ရည်ရွယ်ထားတာ ရှိတယ်"

"ဘယ်သူလဲ"

"ဘယ်သူရှိရမလဲ မောင်လေးနဲ့ပေါ့"

"ဩော်"

အာကာပိုင် ခုမှ သဘောပေါက်တော့သည်။ အဖက်ဖက်က ယုံကြည်စိတ်ချရတဲ့ကောင်လေးမို့ သူကိုယ်တိုင်လည်း သဘောကျ ခေါင်းဆတ်မိ၏။

"မောင်လေးက မွန်မွန်ရည်ရည်ရှိတယ်၊ ဒယ်ဒီ့ကိုဆို သိပ် ကျိုးတာပဲ၊ အလုပ်ကိစ္စတွေဆိုလည်း ဒယ်ဒီနိုင်းစေသမျှကို အကောင်း ဆုံးဖြစ်အောင် လုပ်နိုင်တယ်၊ ရှေ့ဆက်ပြီး ဒယ်ဒီအလုပ်တွေကို ဦးဆော





ကြ မောင်လေးနဲ့မှ ဖြစ်မှာလေ၊ နောက်ပြီး ညီမလေးက ဒယ်ဒီ့လုပ်ငန်း ကိစ္စတွေ စိတ်ဝင်စားတာဆိုတော့ မောင်လေးနဲ့စစ်စစ်က လက်တွဲသွား ရှိတယ်၊ ဒါကြောင့် ဒယ်ဒီက မောင်လေးကို လက်သပ်မွေးထားတာ"

"မဆိုးပါဘူး၊ မဟူ့ဒယ်ဒီ အမြော်အမြင်ကြီးသားပဲ"

"ကြီးရမယ်လေ၊ ကိုပိုင်က ကိုပိုင့်အလုပ်နဲ့ကိုပိုင်၊ ဒယ်ဒီ့ကို ပိုင်းကူနိုင်တာမှ မဟုတ်တာ"

"အဲဒီအတွက် ဆောရီးပါဟာ"

"ကိုပိုင့်ကို အပြစ်ပြောတာ မဟုတ်ပါဘူး၊ အခြေအနေကို ပြောပြတာပါ ကိုပိုင်ရယ်"

"ကိုပိုင်နားလည်ပါတယ်၊ ကိုပိုင်မကူညီနိုင်တဲ့ မဟူ့ဒယ်ဒီ အလုပ်တွေ သူရိယကူညီနိုင်တာ ဝမ်းသာပါတယ်၊ ကျေလည်းကျေနပ် ပါတယ်၊ သူရိယမှာ ဘာမှ နောက်ခံမရှိပေမယ့် ကိုပိုင် အထင်မသေးပါ ဘူး၊ အခု စစ်စစ်လေးနဲ့သူရိယက ရင်းရင်းနှီးနှီး ရှိနေတာပဲ၊ ပြီးတော့ စစ်စစ်ကလည်း သူရိယကို လိုလိုလားလား ဆက်ဆံရုံမက အချိန်တိုင်း သူရိယနဲ့ တတွဲတွဲလို ဖြစ်နေတာမဟုတ်လား"

"အဲဒါက အမြင်အရ ဖြစ်နေတာလေ"

"ဘယ်လို"

"ဟုတ်တယ် ကိုပိုင်ရဲ့၊ အမြင်အရ အဲလိုဖြစ်နေတာ၊ တကယ် တော့"



www.burmeseclassic.com

www.burmeseclassic.com



မဟူရာ စကားလေး တိခနဲဖြတ်ကာ ကိုပိုင့်ပခုံးလေးမှာ ခေါင်းလေးမှေးတင်သည်။ ကိုပိုင့်ကိုလည်း မော့ကြည့်၏။ ကိုပိုင်ကလည်း မဟူ့လက်ဖျားလေးကို ဖျစ်ကိုင်ကာ ညှို့လဲ့သော ဖနီးချွေးမျက်ဝန်းလေးကို ရီဝေစွာ စိုက်ကြည့်ပြီး –

''တကယ်တော့ ဘာဖြစ်လဲ''

''ဘာဖြစ်ရမှာလဲ၊ ညီမလေးက တခြားတစ်ယောက်ဆီ စိတ်ရောက်နေတာ''

''ဘယ်သူ့ဆီလဲ''

''ဘယ်သူဆိုတာ မဟူမသိဘူး၊ မေးတော့လည်း ညီမလေးက မဖြေဘူး၊ ပန်းနုနုတို့အဖွဲ့ကို အစ်အောင့်မေးတော့လည်း ခင်းတို့တစ်ခုလုံး ဖြေကိုမဖြေဘူး။ အလကားပါမမရာ အပျော် အပျော်ဆိုပြီး စကားကို လျှောချလိုက်တာလေ၊ ဘယ်သူ့ကိုမှ မေးမဖြစ်နေလို့ စိတ်ပူနေတာ''

''သူငယ်ချင်းအားလုံး ဖုံးဖုံးဖိဖိလုပ်နေတာတော့ မဟုတ်သေးဘူး ထင်တယ်''

''အဲဒါပေါ့၊ ဒီကိစ္စ ဒယ်ဒီမရိပ်မိသေးလို့၊ ရိပ်မိရင် ဒယ်ဒီ မဟူ့ထက် ပိုပူပင်နေမှာလေ''

''ကိုပိုင် စုံစမ်းကြည့်ဦးမယ်၊ အန်ကယ့်ကိုတော့ ဘာမှမပြောဦး''

''မဟူလည်း မပြောသေးပါဘူး။ ဘာမှ တိတိကျကျ မသိ





သေးတော့လေ''

''ကောင်းတယ် အဲဒါ၊ မတိကျ၊ မသေချာဘဲပြောမိရင် အန်ကယ်တို့ စိတ်ပူပန်ရတာပဲ အဖတ်တင်မယ်''

''မဟူလည်း အဲလိုတွေးမိလို့ပါ''

''အဟင့်၊ မိန်းမက သိပ်အလိုက်သိတာပဲ''

''သိတာပေါ့၊ မဟူက သမီးကြီးလေ၊ ဒယ်ဒီ မာမီနဲ့ ဒီမိသားစုဝင်တွေရဲ့ စိတ်ကို အမြဲလေ့လာနေရတယ်၊ ပူပင်စရာမလိုအပ်ဘဲနဲ့ အပူပင်သောကတွေ မခံစားရအောင်လို့လေ''

''ဟုတ်ပါပြီ၊ ကိုပိုင်ကလည်း မဟူတို့မိသားစုအတွက် ပါရမီဖြည့်မယ့် မောင်ပါကွ''

''တကယ်''

ရွှန်းဝင့်သောမျက်လုံးလေးနဲ့ ချစ်ခင်ပွန်းကို စိုက်ကြည့်၏။ ကိုပိုင်က ချစ်ရည်ရွှန်းသောမျက်ဝန်းလေးနဲ့ ပြန်ကြည့်ရုံမက မျက်လုံးတစ်ဖက်မှိတ်ပြရင်း ခေါင်းလေးပါ ညိတ်၏။

''တကယ်ပေါ့ကွ၊ စစ်စစ်လေးကြောင့် မဟူ့ရင်ထဲမှာ သောကနည်းစေဖို့ အရေးကြီးတယ်မဟုတ်လား''

''အင်းပေါ့ ကိုပိုင်ရဲ့''

''ကိုပိုင်သိပါတယ်၊ မဟူ့ရင်ထဲမှာ သောကမရှိမှ''

ကိုပိုင် စကားစလေးဖြတ်တောက်ကာ မျက်ဝန်းချိုချိုလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မြူကြည့်ရုံမဟ လက်ကလေးကလည်း မဟူ့လည်တိုင်ကို ဖွဖွလေး
ကြင်နာသလို၊ နှုတ်ခမ်းလေးကလည်း မဟူ့မျက်နှာပေါ် ဝဲလာသည်။

မဟူ ကြည်နူးစွာ ခပ်မူမူလေး ရှောင်ဖယ်ရင်း –

"ကိုပိုင်ကတော့ ဒါပဲ"

"ဒါပဲပေါ့ မဟူရဲ့၊ မိန်းမက ကြည်ကြည်ဖြူဖြူ တုံ့ပြန်တာ
ကိုပိုင်လိုချင်တယ်၊ တာဝန်အရ ပြုတာကို မလိုချင်ဘူး"

"မဟူက တာဝန်အရထက် ပိုပါတယ်နော်"

"ကိုပိုင်သိပါတယ်၊ ဒါကြောင့် မဟူ့ကို အချစ်ကြီးချစ်နေရတာ"

"ဟုတ်လို့လားလို့"

မဟူ့နှုတ်ခမ်းပေါ် ကိုပိုင့်နှာခေါင်းချွန်ချွန်လေး ဝဲလာသည်။
မဟူ မရှောင်ဘဲ မေး၏။ ကိုပိုင်က မဟူ့နှုတ်ခမ်းလေးမှာ နှာတံလေး
မထိတထိနှင့် မွှေးကြူလျက်။

"ကိုပိုင် မညာတတ်ပါဘူး။ မဟူ့ကို ကိုပိုင်အချစ်ဆုံး၊ ကိုပိုင်
ဘဝမှာ မဟူက လွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်ခဲ့ဖူးဘူး"

"သေချာလို့လား ကိုပိုင်ရယ်"

မဟူရာ ကျီစယ်ဟန်လေးနဲ့ ကိုပိုင့်ကိုမေး၏။ ကိုပိုင်ကလည်း
အလေးအနက် ခေါင်းဆတ်ပြေသည်။

"သိပ်သေချာတာပေါ့ မဟူရဲ့၊ ကိုပိုင့်နှလုံးသားရာဇဝင်မှာ
ဘာအစွန်းအထင်းမှ မရှိဘူးဆိုတာ ယုံစမ်းပါ"





"ယုံရမယ်"

"ယုံရမှာပေါ့ မိန်းမရဲ့"

"အေးပါ၊ ကိုပိုင်က ယုံဆို ယုံပါတယ် ကိုပိုင်ရယ်"

"ယုံတယ် ဟုတ်လား။ စကားနဲ့တင် ယုံလို့မရဘူး မိန်းမရဲ့"

"စကားနဲ့မယုံရရင် ဘာနဲ့ယုံရမှာလဲ"

မဟူရာ မျက်လုံးဝိုင်းလေးနဲ့မေးတော့ ကိုပိုင်က မဟူရာ့ဆံနွယ်
လေးကို တယုတယ ကြင်နာစွာ ဆော့ကစားရင်း နားနားကပ်ကာ တိုး
တိုးလေးပြောသည်။

"အနမ်းနဲ့ ယုံကြည်ပေးစမ်းပါ"

"အလို"

မဟူရာ့နှုတ်ခမ်းလေး စုချွန်သွားလျှင် ကိုပိုင် နှုတ်ခမ်းလေး
ချပ်ပြက်သလို မြန်ဆန်သွားလေသည်။ ထိုအခါ အနမ်းတံဆိပ်လေး
ခတ်သလိုဖြစ်ကာ –

"အို"

ရင်ထဲမှာ ကြည်နူးစွာ မဟူရာပြောမိသွားသည်က –

"သွား လင်ဆိုး"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဦးလေးကြီး"

"ဟေ"

ခေါ်သံ။ ချိုရှင်နေသော ခေါ်သံလေး။

ဒိုင်းခနဲ ဝင်လာသည်နှင့် ဦးလှမှန် ဟေးခနဲထူးကာ လှည့်ကြည့် မိတာလည်း မဆိုင်းမတွပင်။

အလုံပိတ်ထားတဲ့ သံတံခါးကြီးပေါ် ကုတ်ကတ်တက်ကာ ခေါ် နေတဲ့ မိန်းကလေး။ ထိုမိန်းကလေးမျက်နှာလေးတစ်ခုသာ ဝင်းခနဲပေါ်နေ သည်။

"ဟဲ့ ဟဲ့"





ဦးလှမှန် အံ့ဩသလို စိုးရိမ်တာလည်းပါသည်။ တဟဲဟဲ အော်ရင်း တံခါးဆီ သုတ်ခနဲ ပြေးသွားကာ –

"ခုန်မတက်နဲ့လေ၊ နေဦး။ ညည်းလေး ဘယ်သူလဲ၊ ပြုတ်ပျက် ကျနေဦးမယ်၊ နေဦး၊ ငါလာပြီဟ၊ ပြုတ်ကျလို့ နာပြုနေဦးမယ်"

ဦးလှမှန် ပြောပြောဆိုဆို တံခါးနားရောက်သွားတော့ ခုန်တက်ဖို့ ကြိုးစားနေတဲ့ သူမခေါင်းလေး ပျောက်သွားသည်။ ခေါင်းလေးပျောက်သွား သော်လည်း အသံကမပျောက်။

"ဦးလေးကြီး၊ စစ်ကို တံခါးဖွင့်ပေးနော်၊ ဖွင့်မပေးရင် ခုန်ဝင် မှာ"

"အာဂမလေး၊ နေဦး ခုန်ပြီးတော့ မဝင်နဲ့"

အလုံပိတ်တံခါးကြီးက ခြောက်ပေတီတီမြင့်တာမို့ အတွင်းနဲ့ အပြင် မမြင်ရပါ။

တံခါးသော့ခတ်ရလွယ်အောင် ဖောက်ထားတဲ့ လက်တစ်ဖက် ဝင်စာ အပေါက်လေးမှ ဦးလှမှန် ချောင်းကြည့်လိုက်သည်။

ကောင်မလေးက ငယ်ငယ်နုနုလေး။ ချစ်စရာကောင်းသလို ချွတ်သွက်သွက်လေး ဖြစ်နေသေးသည်။

သေချာတာက သူမလေးကို ဦးလှမှန် မမြင်ဖူးပါ။

ဒါကြောင့် တံခါးမဖွင့်သေးဘဲ –

"ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ကိစ္စရှိလို့ပေါ့ ဦးလေးကြီးရဲ့၊ တံခါးအရင်ဖွင့်ပေးပါနော် နော်''

''ကျွတ်''

ဦးလှမှန် စိတ်ညစ်သွားသည်။ ဒီခြံထဲ ဘယ်သူမှ ဝင်ခွင့်ရတာ မဟုတ်သလို ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးခဲ့တာ သူဌေးလေးရဲ့အမိန့် အတိုင်း။

ဝင်ခွင့်ပေးလို့ မဖြစ်မှန်း ဦးလှမှန်သိတာမို့ –

''ဖွင့်လို့မရဘူး ကလေးမရဲ့၊ သော့မရှိဘူး''

''ဟင်၊ သော့မရှိဘူး ဟုတ်လား။ သော့မရှိလည်း ရတယ်လေ၊ စစ်စစ် ကျော်ဝင်လိုက်မှာနော်''

''ဟာ၊ ကျော်မဝင်နဲ့ မယ်မင်းကြီးမလေး''

စစ်စစ်က ပြောပြောဆိုဆို ကျော်ဝင်မလို့ တံခါးနားကပ်လာသည်။ ဦးလှမှန် ပျာပျာသလဲငြင်း၏။

''ကျော်မဝင်စေချင်ရင် ဦးလေးကြီး ဒီတံခါးဖွင့်ပေးလိုက်လေ၊ သော့မရှိဘူး, ဘာဘူးနဲ့ မညာပါနဲ့၊ ဦးကြီးမှာ သော့ရှိပါတယ်၊ ဖွင့်ပေးပါနော် နော်၊ ဦးကြီး''

ဦးလှမှန် ခေါင်းကုတ်ကာ ငြင်းလို့လည်းမရ၊ ညာလို့မရ ဖြစ်ချေသည်။ သော့က သူ့ခါးမှာ အတွဲလိုက်ရှိမှန်း သူကိုယ်တိုင် သိ[illegible]

ဘယ်သူမှန်း၊ ဘယ်ဝါမှန်းမသိဘဲ ဝင်ခွင့်မပေးနိုင်တာက ဒီ[illegible] ကြီးရဲ့ လုံခြုံမှုအတွက် မဟုတ်လား။





''ဖွင့်ပေးတာက အပန်းမကြီးပါဘူး၊ ဒါပေမဲ့ ဘယ်သူဘယ်ဝါ[illegible] မသိဘဲနဲ့ သူခိုးဓားပြဆို ခက်ရချည်ရဲ့''

''အံမယ်၊ ဦးကြီးက စစ်စစ်ကို သူခိုးဓားပြ ထင်နေလား၊ [illegible] စစ်စစ် သူခိုးဓားပြမဟုတ်ဘူး ဦးလေးကြီးရဲ့၊ စစ်စစ် သူခိုးဓားပြ [illegible]ဟုတ်မှန်း ဦးရေစက်သိတယ် ရှင့်''

စစ်စစ် ဆတ်ဆတ်ထိမခံပြောလျှင် –

''ဘယ်သူ''

သူ့သူဌေးလေးနာမည်ကို သိနေတာမို့ ဦးလှမှန် အံ့ဩသွားခြင်း။ [illegible]ကြာမေးလိုက်တော့ သူမလေးက သွက်သွက်လေးဖြေသည်။

''ရေစက်၊ မိုးရေစက်လေ''

''ရေ ရေစက်၊ မောင်ရေစက်ကို တူမကြီးသိတယ်၊ ဟုတ်လား''

''သိတာပေါ့ ဦးလေးကြီးရဲ့၊ သိရုံမက ဟို့ ဆယ်ဘူတာ လွှန်[illegible]ထိ ပတ်သက်တယ်''

''အလို''

ဦးလှမှန် မျက်မှောင်ကြီးကြုတ်သွားသည်။ မောင်ရေစက်နဲ့[illegible]က ပတ်သက်သတဲ့။ တစ်ခါမှ မောင်ရေစက် မပြောတာမို့ အံ့ဩ[illegible]သည်။

အင်းလေ၊ လူငယ်တွေဆိုတာ သူတို့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စ[illegible]တွေကို အသိမခံချင်တတ်ဘူး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဖွင့်မပြောတာမျိုးလည်း ဖြစ်နိုင်ပါသည်။

မောင်ရေစက်နဲ့ ဒင်းကလေး သိနေ၊ ပတ်သက်နေလို့လည်း ဘယ်သူ့မှ ဂရုမစိုက်တဲ့ ခြံထဲခုန်ဝင်မလို့ လုပ်နေတာပေါ့။ ဖြစ်နိုင်တယ်

ဦးလှမှန် သူ့အတွေးနဲ့သူ လက်ခံကာ –

"ဟုတ်တယ် ဦးလေးကြီးရဲ့၊ ဘယ်လိုပတ်သက်လဲဆိုတာ ဦးလေးကြီးကို စစ်စစ်ပြောပြမယ်၊ အခု တံခါးဖွင့်ပေးနော်၊ စစ် ကား ခြံပြင်မှာ ရပ်ထားတယ်၊ ဦးလေးကြီး တံခါးဖွင့်ပေးမှ ကား စစ်စစ်ရော ခြံထဲ တစ်ပါတည်း ဝင်ခဲ့လို့ရမှာ"

သူမလေး ပြောနေတာက ဖော်ဖော်ရွေရွေလေး ဖြစ်နေတာ ဦးလှမှန် တာဝန်တွေဘာတွေကို ဆုပ်ကိုင်မထားတော့ပါ။ မောင်ရေစ အမိန့်မပေးဘဲ တံခါးဖွင့်ပေးလိုက်သည်က သူမလေး စကားအတိုင်

အလုံပိတ် သံတံခါးမကြီးဖွင့်ပေးလိုက်တာနဲ့ မာစီးဒီးကား လေး လျှောခနဲ မောင်းဝင်လာကာ တိုက်ပုလေးရှေ့ဆင်ဝင်အောက် ကားလေး ငြိမ့်ခနဲ ထိုးရပ်လေသည်။ ဦးလှမှန် ခြံတံခါးသော့ခတ်ပြီ ပြန်လှည့်လာတော့ ကားပေါ်က မြူးမြူးလေးပြေးဆင်းလာသော သူမ နဲ့ မျက်နှာချင်းဆိုင် ဖြစ်လေသည်။

"ဦးလေးကြီး"

ရင်းနှီးကျွမ်းဝင်စွာ လေးလေးစားစား ခေါ်လိုက်တဲ့ သူမ အမူအရာက ချစ်စရာကောင်းနေသည်။





ဦးလှမှန့်ရဲ့ရင်ထဲမှာ တူမလေးလို သမီးလေးလို ချစ်ခင်စိတ်တို့ ပြေးဝင်လာသလို ခံစားရ၏။

မောင်ရေစက်နဲ့ ပတ်သက်နေတယ်ဆိုတော့ သူ့သူ့ချွေးမလေးလို လည်း လေးစားမိကာ သူမလေး ခေါ်သံဆုံးသည်နှင့် –

"ပြော တူမလေးရဲ့"

"မိုးရေစက်ကော"

"မရှိဘူးကွဲ့"

"ဘယ်သွားလဲ"

"ပဲခူးသွားတယ်"

"အဲဒါကြောင့်ဖြစ်မယ်၊ စစ်စစ် ဖုန်းခေါ်တော့ ဧရိယာပြင်ပ ရောက်နေတာချည်းပဲ ဖြစ်နေတယ်၊ အဲဒါနဲ့ စစ်စစ်လာခဲ့တာ၊ မိုးရေစက် ဘယ်အချိန်ရောက်မလဲဟင်"

"ဒီနေ့တော့ ရောက်ဖို့မရှိဘူး။ ညလောက်မှ ရောက်ချင်ရောက် မယ်၊ မရောက်ရင် မနက်မှရောက်မယ်"

"ဟွန်း"

တွေ့ချင်တာက ခုချက်ချင်း။ ခုချက်ချင်းတွေ့ခွင့်မရတော့ စိတ်ရင်မှာ မကြည်ရွှင်။ နှုတ်ခမ်းလေးစူကာ ခြေဖနောင့်လေး ဆောင့်

ငယ်ရွယ်သူတွေရဲ့ သဘောသဘာဝကို ဦးလှမှန် နားလည်သည်မို့



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ပါသည်။ ဒါကြောင့် –

"မောင်ရေစက် ပြန်လာမယ့်အချိန်ကို သေသေချာချာ ဘာ[illegible]
မသိလို့ပါ၊ တစ်ခါတစ်ခါ ခရီးထွက်ရာကနေ ဗြုန်းဆို ရောက်လာတာမျ[illegible]
တွေ ရှိတယ် တူမကြီးရဲ့"

"ဟုတ်လား"

စစ်စစ် မျှော်လင့်တကြီးမေးလိုက်တော့ ဦးလူမှန် ခေါင်းညိတ်[illegible]
ထိုအခါ စစ်စစ် လှိုက်ခနဲ ဝမ်းသာသွားကာ ဗြုန်းဆိုပြီး ရောက်လာပါစေ[illegible]
စစ်စစ်ကို မြင်သွားရင် အံ့သြပါစေ၊ ရင်ခုန်သံတွေ ပေါက်ကွဲမတတ်[illegible]
ဝမ်းသာသွားပါစေ။ ဟုတ်တယ်လေ။ စစ်စစ်အတွေးလေးနဲ့ စစ်[illegible]
ပြန်လည်မြူးကြွသွားသည်။

မြို့ထဲ ဝေ့ကြည့်မိတဲ့ မျက်ဝန်းထဲမှာ အဆောက်အအုံတွေ[illegible]
တန်းမြင်တာကြောင့် စိတ်ဝင်တစား မေးဖြစ်လျက်။

"ဒါနဲ့ ဦးလေးကြီး၊ ဟို အဆောက်အအုံတွေက ဘာလုပ်[illegible]
လဲ၊ နေတဲ့လူလည်း မတွေ့ရပါလား"

"တူမကြီး စိတ်ဝင်စားလို့လား"

"ဝင်စားတာပေါ့၊ မြို့ကြီးကအကျယ်ကြီး၊ အဆောက်အအုံ[illegible]
အများကြီး၊ လူက နှစ်ယောက်တည်းမြင်ရတယ်၊ တစ်ယောက်က [illegible]
ရေစက်၊ တစ်ယောက်က ဦးလေးကြီး၊ ဒီလူနှစ်ယောက်က ဒီအဆော[illegible]
အအုံအများကြီးနဲ့ လူမနေလည်း ငှားပြုထားရင် စည်တာပေါ့၊ ခုတော့[illegible]





စစ်စစ် ထင်မြင်တဲ့အတိုင်းပြောတော့ ဦးလေးကြီးက သဘော
[illegible]ကျ ရယ်သည်။ ဦးလေးကြီးရယ်တော့ စစ်စစ် ဘဝင်မကျဖြစ်ကာ–

"ဟွန်း ဦးလေးကြီးကလည်း ဘာလို့ရယ်တာလဲ"

"ရယ်စရာပေါ့ဟ"

"ဘာဖြစ်လို့"

"တူမကြီးက မောင်ရေစက်နဲ့ပတ်သက်တယ်ဆို"

"ဟုတ်တယ်လေ ဦးလေးကြီးရဲ့"

"ပတ်သက်တယ်ဆိုရင် အဲဒီ အဆောက်အအုံတွေထဲမှာ ဘာ
[illegible]ရှိလဲ တူမကြီးသိရမှာပေါ့"

"အဲ"

စစ်စစ် လျှာဖျားလေး တစ်လစ်ထုတ်ကာ ခေါင်းလေးပုသွား
[illegible]ည်။ ဟုတ်တော့ဟုတ်သား။ ဒါပေမဲ့ ဦးလေးကြီးယုံအောင်တော့ စစ်စစ်
[illegible]ဆက်မိအောင်ပြောဖို့ စကားလုံးရှာနေလျှင် –

"မောင်ရေစက်က တူမကြီးကို မပြောဖူးလား"

"ဟင့်အင်း၊ အခုလာတာ မေးဖို့၊ အဟိ၊ ဒါနဲ့ ဘာတွေရှိလဲ
[illegible] ဦးလေးကြီး"

စစ်စစ် ရောရောယောင်ယောင် မေးလိုက်မိသည်။ ငြိမ်သက်နေ
[illegible]ဒီအဆောက်အအုံတွေဘက် ဦးလေးကြီး တစ်ချက်လှမ်းကြည့်ရင်း
[illegible]ည်။



www.burmeseclassic.com

www.burmeseclassic.com



''တိရစ္ဆာန်တွေ''

''ဟင်''

စစ်စစ် မျက်လုံးလေးပြူးသွားသည်။ ဦးလေးကြီးက ခေါင်းလေ
ဆတ်ပြီး ပြော၏။

''ဟုတ်တယ်၊ တိရစ္ဆာန်တွေ''

''တိရစ္ဆာန်တွေ၊ တိရစ္ဆာန်တွေကို ဘာလို့ အဲဒီမှာထားတာလဲ
ဟင်''

''မောင်ရေစက်က ချစ်လို့တဲ့''

''ဘုရားရေ''

''ဟုတ်တယ်၊ တိရစ္ဆာန်အမျိုးပေါင်း ငါးဆယ်ကျော်ရှိတယ်''

''ဟယ်''

စစ်စစ်မှာ အံ့သြလွန်းလို့ ပါးစပ်ပေါက်လေး ပွင့်ဟကာ ဦးလေး
ကြီးနဲ့ အဆောက်အအုံတွေကို တစ်လှည့်စီကြည့်မိသွားသည်။ တိရစ္ဆာန်
အမျိုးပေါင်း ငါးဆယ်ကျော်ရှိသတဲ့။

ဘုရားရေ။

မယုံနိုင်စရာ ကောင်းလိုက်တာ။

''တူမကြီး မယုံရင် လိုက်ကြည့်မလား''

''ကြည့်မှာပေါ့ ဦးလေးကြီးရဲ့''

''လာ''





ဦးလေးကြီး တစ်ခွန်းခေါ်သည်နှင့် စစ်စစ်ခြေလှမ်းတွေ လျှပ်စစ်
မြန်မြန်ဆန်ဆန် ပါသွားလေသည်။ ကြိုကြိုဖန်ဖန် ကြုံရလေခြင်း။
စစ်စစ်လာခဲ့တာက သူလိုနေတဲ့ ချစ်သူဘဝကို ဖြည့်ပေးဖို့။
...ာ သူချစ်လို့ မွေးထားတဲ့ တိရစ္ဆာန်တွေဆီ သွားနေရတဲ့အဖြစ်။
ရယ်ရမလား၊ ကြည့်နူးရမလား၊ ပြောပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ည ...။

ညဖြစ်ပေမယ့် အိပ်ချင်စိတ်သွင်းမရ ဖြစ်နေတာ ထူး

နေသည်။

ဒီညမှ ဘာကြောင့် အိပ်ချင်စိတ်သွင်းမရ ဖြစ်နေတာလဲ

ရေစက် သူ့ကိုယ်သူ ပြန်မေးနေမိသည်။

မြင်လွှာတင်မက အာရုံထဲ လွှမ်းမိုးနေတဲ့ ဒင်းကလေးပုံ

ကြောင့်လား။

အဲဒါဆို ဒင်းကလေးပုံရိပ်ကို မောင်းထုတ်မှဖြစ်မယ်။

သွား သွားစမ်းပါ။





ဦးနှောက်အသိက နှင်နေပေမယ့် ခုန်နေတဲ့ နှလုံးသားမှာ စွဲ

ငြိနေတာ ခက်သားလား။

ဒီတစ်ည သူမလေးကိုမေ့ပြီး အိပ်ပျော်သွားဖို့က အရေးကြီး

တယ် မဟုတ်လား။ ဒါကြောင့် ညက နှစ်ပက်တည်းသာ သောက်ဖြစ်ခဲ့တဲ့

Green Labal ပုလင်းကို ပြန်ဖွင့်သည်။

နောက်ထပ် နှစ်ပက်သုံးပက်မက ဆင့်သောက်လျက်။ လုံ ဝ

ူးတဲ့အထိ သောက်ကာ အိပ်ရာပေါ် ပြန်လှဲချသည်။

အိပ်ပျော်စမ်း။

မြန်မြန်လေး အိပ်ပျော်စမ်းပါကွ။

ရေစက် သူ့ကိုယ်သူ အမိန့်ပေး၏။

သို့သော် နှလုံးသားက မနာခံတဲ့တပ်သားလို ပို၍ပင် ခေါင်း

ထောင်လျက်။

ပြန်လည်မြင်ယောင်လာတာ မောင်းထုတ်လို့လည်း မရတော့ပါ။

နှင်ပစ်လို့လည်း မသွားတဲ့ ပုံရိပ်။

ပုလဲစစ်ရယ် –

မင်းလေးဟာ လွှမ်းမိုးနိုင်အား သိပ်ပြင်းပါလားကွ။ ဘာကြောင့်

မောင့်နှလုံးသားကို လွှမ်းမိုးနိုင်ရတာလဲ။ သွက်လက် ရွှင်မြူးတဲ့ အမူ

အရာကြောင့်လား။

မောင့်ရှေ့ ဦးဦးဖျားဖျား ကျူးကျော်ဝင်ရောက်လာလို့လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် မောင့်စိတ်နှလုံးတွေ ချောက်ချားအောင် သရဲရုပ်တွေနဲ့ ဖမ်း စားထားလို့လား။

လားပေါင်းများစွာ နှလုံးသားထဲ ချာချာလည်နေရင်း မင်းလေးရဲ့ ရွှင်မြူးရိပ်တွေက မောင့်မြင်လွှာကို သိမ်းပိုက်ကာ။

ညနေက သူ ပြန်လာချိန်က မထင်မှတ်ဘဲတွေ့လိုက်ရတဲ့ ပုလဲစစ်။ သူ ခြံတံခါးဘဲလ်တီးတာ အတော်ကြာသည်။ ဦးလှမှန် ချက်ချင်း ရောက်မလာ။

ဘာကြောင့်ပါလိမ့်။

နောက်ဆုံး သူ့မှာပါတဲ့သော့နဲ့ပဲ ခြံတံခါးသော့ဖွင့်ဝင်ရကာ။ ပေါ်တီကိုအောက် ရပ်ထားတဲ့ မာစီးဒီးကားသစ်လေးကိုမြင်တော့ ရုတ်တရက် အံ့ဩသွားသည်။

ကားသစ်လေးဘေးမှဖြတ်ကျော်ပြီး သူ့ကားကို ဂိုထောင်ထဲ အရောက် မောင်းသွင်းလိုက်သည်။ ပြီးမှ အခြေအနေကို မသိမသာ လိုက်ကြည့်တော့မှ –

"ဟယ် ဦးလေးကြီး၊ ဒါ ဘာကောင်ကြီးလဲ ဟင်"

တိုက်အမှတ်ရုစ်ရဲ့ အောက်ထပ်အခန်းကျယ်မှာ လှောင်ထားတဲ့ ကြောင်မြင်းကို လက်ညှိုးထိုးရင်း တအံ့တဩမေးနေတဲ့ သူမအသံစာစာလေးက သိချင်စိတ်ကလေးနဲ့ လှုပ်ရှားနေသည်။

"အဲဒါ ကြောင်မြင်းတဲ့ တူမကြီးရဲ့၊ ကြောင်ပုံစံဖြစ်ပေမယ့်





မြင်းရင် မြင်းပြေးသလိုပဲ လွှားခနဲ လွှားခနဲ ပြေးတာလေ"

"ဟယ်၊ စစ်စစ် တစ်ခါမှ ကြောင်မြင်းဆိုတာ မမြင်ဖူးဘူး၊ မြင်ရတာ၊ ဆန်းတယ်နော်၊ ကိုယ်နေဟန်က ကြောင်လိုပဲ၊ အရွယ်က ကြောင်ထက် သုံးဆမက ကြီးတယ်၊ နားရွက်တို့ နှုတ်သီးလေးချွန်ပြီး မြီးက ရှည်ရှည်၊ ပြီးတော့ ပြေးတော့ မြင်းလိုပြေးသတဲ့၊ ထူးဆန်းတယ်နော် ဒီအကောင်က၊ ဒါနဲ့ ဘာစားလဲ"

"ငှက်ပျောသီး"

"ဟယ်တော်၊ ကြောင်နဲ့တူပြီး မြင်းလိုပြေးတဲ့ကောင်က လူနဲ့ တူကျက်စားတဲ့ ငှက်ပျောသီးစားတယ်၊ ဟုတ်လား"

ကြီးကြီးဖန်ဖန် သူမလေးမေးပုံက သူ့စိတ်ကို ရယ်မောသွားစေသည်။ ဦးလှမှန်လည်း ရယ်ရင်း –

"ဟုတ်တယ် တူမကြီးရဲ့၊ အသားငါးကျွေးကြည့်တာ မစားဘူး၊ ငှက်ပျောသီးတစ်မျိုးသည်း စားတာလေ"

"ဒါကြီး ဘယ်ကရလာတာလဲ"

"ပဲခူးရိုးမနဲ့နီးတဲ့ တောရွာလေးတစ်ရွာက တူမကြီးရဲ့"

"ဒီကောင်က အဲဒီတောရွာမှာ နေတာလား"

"ဘယ်က ဟုတ်ရမလဲကွယ်၊ သစ်တောကြီးပိုင်းတွေ ပြုန်းတီးတော့ သစ်တောဂေဟာစနစ် ပျက်လာတယ်၊ ဒီတော့ တောထဲ အမှီပြုနေတဲ့ တိရစ္ဆာန်တွေဟာ လူနေရပ်ဝန်းဘက် လမ်းမှားပြီး ရောက်လာ

www.burmeseclassic.com



တဲ့သဘော၊ လမ်းမှားပြီးရောက်လာတော့ လူတွေဝိုင်းဖမ်းပြီး စောင့်ရှောက်ထားတယ်၊ အဲဒါနဲ့ မောင်ရေစက်က အဲဒီလူတွေဆီက ဝယ်လာပြီး ဒီမှာ စောင့်ရှောက်ထားတာ''

''ဘာဖြစ်လို့''

''မျိုးမသုဉ်းအောင်လို့လေ''

''မျိုးမသုဉ်းအောင်လို့ ဟုတ်လား၊ ဒီတစ်ကောင်တည်းဆို မျိုးဆက်က ဘယ်လိုရှိတော့မှာလဲ၊ သူလေး မတော်တဆ သေသွားရင်''

ရှည်ရှည်ဝေးဝေးတွေးတောပြီး ပြောတတ်ရှာတဲ့ ဒင်းလေးကို ဦးလူမှန် ကျေနပ်အားရကြည့်လျက်။

''မောင်ရေစက်ကလည်း အဲဒါကို စိုးရိမ်တယ်၊ သူကလေး အဖော်မမဲ့အောင် မျိုးဆက်မတုံးအောင် သူ့အတွက် အဖော်သွားရှာနေတာ၊ အုတ်တွင်းမြို့မှာ ဒီလိုကြောင်မြင်းတစ်ကောင် ဖမ်းမိထားတယ်လို့ သတင်းအရ လိုက်သွားတာလေ''

''ဟယ်၊ ရခဲ့ရင် ကောင်းမှာပဲနော် ဦးလေးကြီး''

''ဒါပေါ့ တူမကြီးရဲ့၊ ဒီမှာရှိတဲ့ ကြောင်မြင်းက အထီး၊ အုတ်တွင်းမှာဖမ်းမိလို့ စောင့်ရှောက်ထားတယ်ဆိုတဲ့ ကြောင်မြင်းက အမလေးတဲ့''

ဦးလေးကြီးစကားအဆုံးမှာ စစ်စစ်မျက်နှာလေး ပန်းနုရောင် စိုလဲ့လို့သွားသည်။





ရင်ထဲမှာလည်း ကြည်နူးသလိုလို ဖြစ်၏။

''အဲဒီက ကြောင်မြင်းမလေးကို ဝယ်လို့ရရင် ဒီကကြောင်မြင်းထီးလေ အထီးမကျန်တော့ဘူး၊ အဖော်လည်းရမယ်၊ မျိုးသုဉ်းဖို့လည်း အခွင့်အရေး နည်းပါးသွားမယ်လေ၊ ရောက်လာရင်တော့ သေချာပြုစုစောင့်ရှောက်ထားမယ်လေ၊ ဒီတော့မှ ရှားပါးတိရစ္ဆာန်တွေ မျိုးမသုဉ်းတော့မှာ တူမကြီးရဲ့၊ ဟိုဘက်ခန်းမှာ မြွေတွေရှိတယ် လာကြည့်ဦး''

ဦးလူမှန် တစ်ခန်းဝင်တစ်ခန်းထွက် သူ့တိရစ္ဆာန်တွေနဲ့ ပေးတွေ့ပြီးတော့ ရှင်းပြလျက်။

ဦးလူမှန် ရှင်းပြတာကို သူမလေးက စိတ်ဝင်တစားမေးတာမြန်းတာတွေနဲ့ အသံလေး ညံ့ညံ့စီကာ –

''မြွေတွေကိုရော ဦးရေစက်က ချစ်တာပဲလား''

''မြွေကို အချစ်ဆုံးပဲ တူမကြီးရဲ့''

''ဘုရားရေ''

စစ်စစ် ရင်ဘတ်လေးဖိကာ မှန်အိမ်ထဲ အမျိုးအစားအလိုက် ခန်းခွဲထည့်ထားတဲ့ မြွေတွေကိုကြည့်ရင်း ဘုရားတ၏။

''ဟုတ်တယ်၊ မြွေကို အချစ်ဆုံးပဲ''

''ဘာ ဘာဖြစ်လို့လဲ ဦးလေးကြီး''

''အဆိပ်ရှိလို့ပေါ့''

''ဘုရားရေ''



www.burmeseclassic.com

www.burmeseclassic.com



ပုလဲစစ် ဘုရားတပြီးရင်း တနေမိတာကြည့်ရင်း သူ့ရင်မှာ ကြည်နူးလို့သွားသည်။

"အဆိပ်ရှိတာသိသိကြီးနဲ့ ဘာလို့ချစ်တာလဲ ဦးလေးကြီး"

"အဲဒါတော့ တူမကြီးဘာသာပဲ တူမကြီးမေးကြည့်တော့၊ လာ အပေါ်ထပ် သွားကြည့်ရအောင်၊ အပေါ်ထပ်မှာ လိပ်တို့ ဖြူကောင် တို့ သိန်းငှက်တို့ လှောင်ထားတဲ့အခန်းတွေ ရှိသေးတယ်"

ဦးလူမှန် အပေါ်ထပ်ဦးဆောင်တက်သွားတဲ့အတိုင်း သူမလေး ပါသွားသည်က စိတ်ဝင်တစား။

တော်တန်ရုံ သူ့ကိုယ်ပိုင်တိရစ္ဆာန်ရုံထဲ ဘယ်သူ့ကိုမှ ဝင်ခွင့် မပေး။ သူ့တိရစ္ဆာန်ရုံက သူ့ကမ္ဘာ။ သူ့တိရစ္ဆာန်တွေကို သူ မြတ်မြတ် နိုးနိုး စောင့်ရှောက်ရင်းနေလာတာ နှစ်တွေမနည်းတော့ပါ။

ဦးလူမှန်တောင် ပြောသေးသည်။

"မောင်ရေစက်ရယ်၊ ဒီတိရစ္ဆာန်တွေ မျိုးမသုဉ်းဖို့ထက် မောင် ရေစက်ရဲ့မျိုးဆက်တွေ မသုဉ်းဖို့ ပိုအရေးကြီးတယ်လို့ ဦးလူထင်တယ် တိရစ္ဆာန်တွေအတွက် ကြင်ဖော်ရှာသလို မောင့်အတွက်လည်း ကြင်ဖော် လေး ဘာလေး ရှာပါဦးတဲ့"

ထိုသို့ပြောစဉ်က ရေစက် နှာခေါင်းရှုံ့နေခဲ့သည်။

ကြင်ဖော် တဲ့။

တိရစ္ဆာန်တွေကို ကြင်ဖော်ရှာပေးရတာ လွယ်သည်။ တိရစ္ဆာန်





မှာ အဆင့်အတန်းခွဲခြားတာ မရှိဘူး။ မာနမရှိဘူး။ အထီးလေးရှိရင် အမလေး ရှာပေးလိုက်၊ အမလေးရှိရင် အထီးလေး ဖြည့်ပေးလိုက်။

အိုကေသွားတာချည်း။

လူမှာက ထိုသို့မဟုတ်ပါ။

သူ ခံခဲ့ရဖူးပြီးပြီမို့ ကြင်ဖော်မိန်းမရှာဖို့ ရင်နာနေခဲ့သည်။ အဆိပ်လည်း တက်ကာ ဒဏ်ရာတွေကလည်း အထပ်ထပ်။

ဒါကြောင့် ဘယ်မိန်းမကိုမှ အဆိပ်ရှိတဲ့မြွေတွေလောက် သူ ချစ်ခဲ့ပါ။

ဟော –

သူ မဖိတ်ခေါ်ဘဲ သူ့ရှေ့တည့်တည့်ရောက်လာတဲ့ သူမလေး ... ကြွလာမှ သူ့နှလုံးသားလှုပ်ရှားကာ ချစ်သူကို တောင့်တလာသည်။

ကြင်ဖော်ကို မျှော်လင့်လာသည်။ သို့သော် ဒုတိယအကြိမ် ...ခံရမှာ စိုး၏။

ခံမှန်ဖူးတဲ့စာသူငယ်ထက် စိုးလျက်။

မြင်နေရတော့လည်း ရင်ခုန်တာကို ထိန်းမရ၊ တောင့်တစိတ် ... ချုပ်ထားမရဖြစ်ကာ။

တွေးလေ မြင်ရလေ၊ ခံစားရလေဖြစ်နေတဲ့ နှလုံးသား။

ထိုညနေက သူမလေးမသိအောင် သူ ပုန်းလျှိုးကွယ်လျှိုး ...င်နေနိုင်ပေမယ့် ညဥ့်နက်လာလေ တောင့်တလေ၊ အိပ်မပျော်လေ။



www.burmeseclassic.com

www.burmeseclassic.com



အမူးလွန်နေတာတောင် အိပ်ချင်စိတ်မဖြစ်တဲ့ သူမလေးရှမ်းမိုး တာကို ခံနေရတဲ့အဖြစ်။

သူ့စိတ်တွေ သူထိန်းလို့မရတော့ဘူးထင်ရဲ့။

ချစ်တဲ့စိတ်က တာရိုးကျိုးကာ။

✿ ✿ ✿



## အခန်း (၁၈)

တစ်ရေးနိုးလာတဲ့အချိန်မှာ ဘေးနားငဲ့ကြည့်တော့ သူ့ချစ်ဇနီး က အိပ်မောကျနေဆဲ။

ပြန်အိပ်ဖို့ ကိုပိုင်စိတ်က ရှိပေမယ့် ဆီးသွားချင်တာမို့ အိပ် တ်ကို ဆွဲဆန့်ကာ အိပ်ရာပေါ်က ထရတဲ့အဖြစ်။

မဟူက အခန်းထဲမှာ အိမ်သာနဲ့ရေချိုးခန်းတွဲထားတာ မကြိုက် း မင်္ဂလာဆောင်ပြီးကတည်းက သူတို့နေတဲ့အခန်းက သီးခြား န်း။

ရေချိုးခန်း။ ဒါမှမဟုတ် ရေအိမ်တက်ချင်ရင် စတိုခန်းလေး ရှိနေတဲ့ ရေချိုးခန်း၊ အိမ်သာဆီ သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ဆီးသွားရမှာမို့ အိမ်သာထိ ခြေဦးလှည့်လျှင် –

"ဘယ် ဘယ်လို မောင် မောင် ခြံရှေ့ရောက်နေတယ်၊ ဟုတ်ဟုတ်လား"

နောက်တက်ဆီမှ ကြားလိုက်ရတဲ့အသံချိုချိုလေး။ စိတ်လှုပ်ရှားမှုတွေနောက်မှာ ခြေသံလေးလည်းကြားရ၏။

ထိုအခါ အိမ်သာဆီ ဦးတည်နေတဲ့ သူ့ခြေလှမ်းတန့်သွားကာ နောက်ပြန်လှည့်ကြည့်တော့ ရိပ်ခနဲ မြင်လိုက်ရတဲ့ မိန်းကလေး။

ညအိပ်ဂါဝန်ဖြူလေး လွင့်ခနဲဖြစ်လောက်အောင် လသာဆောင်ဆီ ဖုန်းပြောရင်း ပြေးသွားတဲ့ ခယ်မချော။

ဆီးသွားချင်စိတ်တောင် ဘယ်ရောက်သွားမှန်းမသိတော့ပါ။

ရေအိမ်ဘက် ဦးတည်နေတဲ့ခြေလှမ်းက ဆန့်ကျင်ဘက်ဆီ ဦးလှည့်သွား၏။

စစ်စစ်က ညအချိန်မတော် ဖုန်းဆက်ကာ စိတ်လှုပ်ရှားနေတာက ဘယ်သူ့အတွက်လဲ။

"မောင်" ဆိုတာ ဘယ်သူလဲ။

စကားထဲမှာ ခြံရှေ့ရောက်နေတာလည်းပါတာမို့ –

အာကာပိုင် တုံ့နှေးမနေတော့ပါ။ စစ်စစ်မရိပ်မိအောင် ခြေဖျားနင်းကာ အခန်းထောင့်နဲ့ကွယ်ပြီး စောင့်ကြည့်၏။

အတွဲချောင်းတာ ဝါသနာမပါပေမယ့် ခယ်မအတွက်မို့ အတွဲချောင်းရတဲ့ ခဲအိုဖြစ်နေပြီ။





မဟုတ်စိတ်ထဲမှာ စိုးရွံ့နေတာတွေအတွက်လည်း ဘယ်သူဘယ်ဝါဆိုတာ သိဖို့ အရေးကြီးတာလည်းပါသည်။

ခုလို တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေတော့ လိုက်မချောင်းလို့ မရတော့ပါ။ ခယ်မကလည်း သည်းနေသည်။

"စစ် ဆင်းလာခဲ့မယ်လေ"

အားတက်သရောပြောရင်း လသာဆောင်ဘေးမှာရှိတဲ့ မှော်စင်ဆီ အထပ်မြင့်လုပ်ထားတဲ့ အဆောင်တံခါးလေးဖွင့်ကာ မှော်စင်လေးပေါ် သွား၏။

ထိုမှော်စင်လှေကားမှတစ်ဆင့် အောက်အရောက် အပြေးပိုင်း ဆင်းသွားလေသည်။

အာကာပိုင်လည်း မရိပ်မိအောင် သူမနောက်က လိုက်ပါရကာ။

ခြံထဲမှာက မီးရောင်တို့ မှိန်လှသည်။ ကားဝင်လမ်းမှာပဲ အလုံးနီနီကြီးတွေ ထွန်းထား၏။ ခြံဘေးဘက်နားနေဆောင်ကလေးမှာတော့ မီးထွန်းမထား။ သို့သော်လည်း အလင်းရှိန်နဲ့မို့ သဲသဲကွဲကွဲ မြင်ရသည်။

နားနေဆောင်ရှေ့ ဆယ်ပေလောက်အကွာမှာ စတီးပိုက်လိုင်းနဲ့ ကာရံထားတဲ့ ခြံစည်းရိုး။ ထိုခြံစည်းရိုးအပြင်မှာ ရပ်နေတဲ့ လူရှယ်ဆီ ပြေးသွားတဲ့ စစ်စစ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ခြံစည်းရိုးခြားလျက် ဆုံအတွေ့မှာ အာကာ
ခြေလှမ်းတွေတန့်ကာ ရှက်လုပန်းချူနဲ့ ကွယ်လိုက်ပြီး ခြေလှမ်းရပ်လို
သည်။

သေချာတာက ခြံစည်းရိုးအပြင်ဘက်က လူရွယ်က သူ့ရို
မဟုတ်။ အရပ်မြင့်မြင့်နဲ့ အသားဖြူကာ မျက်နှာသွယ်ပြီး ဆံပင်
ကုပ်ထောက်နဲ့။

လည်ပိုက်အင်္ကျီအဖြူနဲ့ သရီးကွာတားဘောင်းဘီအဖြူရော
တွဲဝတ်လျက်။ စစ်စစ်လက်ကလေးကို စတီးပိုက်တိုင်ကြားမှ ဆွဲယူ
ကိုင်ပြီး ရီဝေရွှန်းစိုစွာ စိုက်ကြည့်၏။

"ဟင်"

သေချာလည်းကြည့်မိရော အာကာပိုင့်ရင်ထဲ ဒိုင်းခနဲ ပေါက်
ကာ အသိတို့ပြေးကပ်လာသည်က –

"မိုးရေစက်"

မင်း။

ဟာ။

အာကာပိုင့်မျက်ဝန်းထဲမှာ ပြာမှောင်မတတ် ဖြစ်လေသည်
ရင်ထဲမှာလည်း မိုးရေစက်လို့ အပြန်ပြန်အလှန်လှန် ရွတ်ရင်း မျက်လုံးတေ
စုံမှိတ်ချလိုက်သည်။

ကြံ့မှကြုံတတ်ပလေကွာ။





မိုးရေစက်ကို မြင်လိုက်ရတော့ အာကာပိုင် ခေါင်းတွင်တွင်ယမ်း
ဖြစ်နိုင်လျှင် ဟောဒီလက်နဲ့ ခယ်မကို ဖမ်းဆွဲပြီး အပေါ်ပြန်တက်ဖို့
နှိုးပေးလိုက်ချင်သည်။

ဒီကောင်နဲ့ လုံးဝဖြတ်ဟုလည်း တားမြစ်ချင်စိတ် ရှန်းကြွကာ။
ချထားတဲ့ မျက်လုံးကို ပြန်ဖွင့်ပြီးကြည့်လျှင် –

"ဟာ"

ကမန်းကတန်း မျက်လုံးကို ပြန်မှိတ်ရသည်အထိ။ ထိုနှစ်
ယောက် အနမ်းလှိုင်းတွေ ကောင်းကင်ပြာလိုက္ခုယ်ပြန့်နေသည်ကို မကြည့်
ရက်စွာ။

ဒါတင်မက အာကာပိုင့်တစ်ကိုယ်လုံး ထူပူလျက် ဘာလုပ်လို့
ကောင်းမှန်းမသိ ဖြစ်လေသည်။ မဟူရာကို သွားနိုးပြီး ခေါ်လိုက်ရင်။

ဟင့်အင်း။

ထိုအတွေးကို ချက်ချင်း ဖျက်လိုက်သည်။ မဖြစ်ဘူး။ ဒီလိုအနေ
အမျိုးတွေ့သွားရင် မဟူရာ့စိတ် ဆူပွက်သွားနိုင်သည်။ ဒါတင်မက၊
သားဆိုလားဖြစ်ကုန်ရင် ယောက္ခမနဲ့ယောက္ခထီး နိုး လာမယ်။
ခါ ပြဿနာက ပိုဆိုးမည်။

ဒီထက်မက ပတ်ဝန်းကျင်က သိကုန်ရင် အရှက်က ဖြန်းဖြန်း
ည့်အရေးကလည်း ဖြစ်နိုင်သေး။ အာကာပိုင် ဝေခွဲမရဖြစ်သလို
တ်လို့လည်း မနိုင်ဖြစ်ကာ ကျောခိုင်းရှောင်ထွက်ခဲ့သည်က အရင်



www.burmeseclassic.com

www.burmeseclassic.com



မိုးရေစက် –

မင်းနဲ့ကိုယ်.ဘယ်လိုမှ မျက်နှာချင်းဆိုင်လို့မရတဲ့ အဖြစ်ထွေ ရှိခဲ့သည်က ဟိုးလွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုကတည်းက။

ခုချိန် မျက်နှာချင်း ဆိုင်မိလို့ကတော့။

မဖြစ်ဘူး ခယ်မရယ်။ မင်းလေးအတွက် ရင်လေးတယ်။

အားလုံး အားလုံးအတွက် ရင်လေးရပြီကွ။

✿ ✿ ✿



## အခန်း (၁၉)

''ဘယ်လို၊ ချစ်သူရှိတယ်''

မမ အံ့ဩစိတ်နဲ့ လှုပ်ရှားစွာပြောတဲ့အသံနောက်မှာ သူရိယ ...်အခုန်မြန်လေသည်။ ထို့အတူ ခြေလှမ်းလည်း နေရာမှာတင် အလိုလို ...်သွားလေသည်။

မမ ဒန်ပေါက်စားချင်တယ်၊ ဝယ်လာခဲ့လို့ လှမ်းမှာတာနဲ့ ...သူရိယ စက်ရုံကအပြန် ဝင်ဝယ်ပြီး မမဆီ လာပို့ခြင်း။

ထမင်းစားခန်းထဲ လှမ်းဝင်မလို့ ခြေလှမ်းပြင်ရုံ ရှိသေးတယ်၊ ...တော့ ခြေလှမ်းက ရှေ့တိုးဖို့ခဲယဉ်းသလို ရင်ခုန်သံမြန်နေသည်ကလည်း ...ှုံလင့်ချက်ကြီးစွာ။



www.burmeseclassic.com

www.burmeseclassic.com



“ပြန် ပြန်ပြောစမ်း စစ်စစ်ရယ်၊ ဘယ်သူလဲ၊ မြန်မြန်ပြောစမ်း”

“မမကလည်း စစ်စစ်ပြောမှာပေါ့၊ ဘာလို့ လောနေရတာလဲ”

“လောရတာပေါ့ ညီမရဲ့၊ ကဲ ပြောစမ်းပါ မြန်မြန်”

စစ်မှာ ချစ်သူရှိတယ်လို့ ပြောလိုက်တာနဲ့ ထမင်းပွဲပြင်ပေးနေတဲ့ မမ ချက်ချင်း စစ်အပါးရောက်လာကာ ပန်းလေးပုတ်ခါရင်း မေးသည်က အဆက်မပြတ်။

စစ်စစ်က ကြက်သားကုန်းဘောင်ကြီးကြော်ပန်းကန်ကို စစ်စစ် ရှေ့ရောက်အောင် ဆွဲယူပြီး –

“ဘယ်သူလဲဆိုတာ မမတို့နဲ့ မိတ်ဆက်ပေးတော့ သိရမှာပေါ့”

“အလို”

မဟူရာ ကိုယ်လေးတောင့်မတ်သွား၏။ တစ်ဆက်တည်းလည်း ဒယ်ဒီကအစ သူမတို့ရည်ရွယ်ထားတဲ့ သူရိယမဟုတ်တော့မှန်း မဟူရာ ဒက်ခနဲ နားလည်သွားလျှင် –

“စစ်စစ်”

မဟူရာ ဖိခေါ်လိုက်မိသည်။ စစ်စစ်က ပုံမှန်အတိုင်း ရွှင်မြူး တက်ကြွစိတ်ကလေးနဲ့ –

“မမရယ်၊ ဘာဖြစ်လို့ မျက်စိမျက်နှာပျက်နေရတာလဲ၊ စစ်စစ်မှာ ချစ်သူရှိတာ ဘာဆန်းလဲ၊ မမလိုပဲ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်တာလေ၊ ဟင့် ဟင့် ဟင့်”





“မ မဟုတ်သေးဘူး ညီမလေး၊ စစ်အတွက် မမတို့ ဒယ်ဒီတို့ ရည်ရွယ်ထားတဲ့သူရှိတယ်”

“ဟွန်း၊ ပုံစံခွက်ထဲကစကားလုံးတွေ မသုံးပါနဲ့၊ စစ် စိတ်မဝင်စားဘူး၊ ရင်မခုန်ဘူး”

“ဘယ်လို”

“ထိုင်ပါလား မမရယ်၊ အေးအေးဆေးဆေး ထိုင်ပြောလည်း ရသားနဲ့”

ညီမက တက်ကြွနေသလောက် မဟူရာက သွေးဆုတ်ကာ ခေါင်းဘယ်မ်းယမ်းနဲ့ ကြက်သားကုန်းဘောင်ကြီးကြော်တစ်ဖွန်း ခပ်စားမလို ပြင်နေတဲ့ ညီမလက်ကို ဆွဲတားရင်း –

“စစ်စစ်ကို တခြားသူနဲ့ ဒယ်ဒီသဘောတူမှာ မဟုတ်ဘူး ညီမရယ်၊ ညီမလေးချစ်သူဆိုတာကို ဖြတ်လိုက်နော်၊ စစ်စစ်လေး”

“ကျွတ်၊ မမကလည်း မမတောင် ကိုပိုင့်ကို ဖြတ်နိုင်လို့လား”

“ဟဲ့”

“ဟုတ်တယ်လေ၊ မမတောင် မဖြတ်နိုင်ရင်”

“မိုပုလဲစစ်ရယ်၊ မမနဲ့ကိုပိုင်က လင်မယားလေ၊ ဘယ်လိုလုပ် ဖြတ်လို့ရမှာလဲ”

“ဘယ်သူနဲ့ယူယူ လင်မယားဖြစ်ကြတာပဲ၊ ဒါပေမဲ့ ချစ်တဲ့ စိတ်နှလုံးသားမရှိရင် ဖြတ်လို့ရတယ်၊ စစ်နဲ့မောင်က ချစ်သူ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့စိတ်နှလုံးသားရှိတာချင်း တူနေတယ်၊ ဒါကြောင့် ဖြတ်လို့မရဘူး မမ''

''ဘုရားရေ''

မဟူရာလက်ဖဝါးလေး ရင်ဘတ်ပေါ် ရောက်လို့သွားသည်။ စစ်စစ်က ခပ်လက်စ ကြက်သားကုန်းဘောင်ကြီးကြော်ကို ပါးစပ်ထဲ ထည့်ဝါးနေလိုက်သည်က မမှုစွာ။

''ဒါ ဒါဆို ညီမက''

''ဟုတ်တယ်လေ၊ မမတို့နဲ့ မိတ်ဆက်ပေးမယ်၊ အဲဒါ ဖြတ်ဖို့ မဟုတ်ဘူး၊ ရှေ့တိုးဖို့လို့ အသိပေးတာ၊ မောင်က လျှို့လျှို့ဝှက်ဝှက် ဖြစ်ရမယ့် ချစ်သူဘဝကို မလိုချင်ဘူးတဲ့၊ အဲဒါကြောင့် မမကို အရင် ဖွင့်ပြောတာ''

''ဟင့်အင်း၊ ဒီကိစ္စ မမလက်မခံဘူး၊ အခု စစ်ချစ်သူက စစ် စစ်ဖာတ်လမ်းစတဲ့သူ မဟုတ်ဘူး၊ ဟင် ပြောစမ်း၊ ပန်းနုနုတို့အုပ်စု အပျော်ပါလို့ပြောတဲ့သူပဲ မဟုတ်လား''

''ဟုတ်တယ်''

စစ်စစ် မညာတော့ပါ။ ခေါင်းလေးဆတ်ကာ ဝန်ခံလိုက်သည်။ ထိုအခါ မမ မာန်အပြည့်နဲ့ရပ်ပြီး –

''ကောင်းပြီ၊ အဲဒီသူနဲ့မမ အရင်သွားတွေ့မယ်''

''အိုး၊ မမ သွားတွေ့စရာမလိုဘူး၊ မောင့်ကို စစ်စစ် ခေါ်လာခဲ့





မယ်လို့ ပြောပြီးပြီပဲ''

''ညည်းစိတ်၊ ညည်းသဘောနဲ့ ဒီတိုက်ထဲ ဘယ်ယောကျ်ားကိုမှ ခေါ်သွင်းလာလို့ မရဘူး စစ်စစ်၊ ဒီကိစ္စ ဒယ်ဒီသိရင် ဒီထက်ဆိုးသွားမယ်၊ နားလည်လား''

''ဘာဆိုင်လဲ မမရယ်''

''ဆိုင်တာပေါ့ဟဲ့ ဒယ်ဒီက ဒယ်ဒီ့မိတ်ဆွေရဲ့သားတွေ စစ်စစ်ကို လိုချင်လို့ ကမ်းလှမ်းတာတောင် ငြင်းခဲ့တာလေ၊ အဲလိုငြင်းတာ အကြောင်းမဲ့ မဟုတ်ဘူး''

''အကြောင်းမဲ့ မဟုတ်ဘူး''

စစ်စစ် လက်ထဲက စားခွန်းလေးကို ဟင်းပန်းကန်ထဲ ပြန်ချရင်း မမကို မော့ကြည့်သည်။ မမက ခေါင်းကို ဆတ်ခနဲညိတ်ရင်း –

''ဟုတ်တယ်၊ စစ်စစ်ကို ဘယ်သူ့နဲ့မှ သဘောမတူတာက မောင်လေးနဲ့စစ်ကို ရည်ရွယ်ထားလို့ ရှင်းလား''

''အဟွန့်''

စစ်စစ် ထိုင်နေရာမှ ဝုန်းခနဲထလျက် ခပ်မဲ့မဲ့လေး ရယ်ချသည်။ ထိုရယ်သံက သူရိယနှလုံးသားကို တဒိုင်းဒိုင်း လာဆောင့်၏။ ဒန်ပေါက်ထုပ်လေးဆွဲကိုင်ထားတဲ့ သူရိယလက်ကလေးပင် တုန်ယင်ကား၊

''မမရယ်၊ စစ်က လမ်းပေါ်ကကောက်ရတဲ့ သူရိယနဲ့ပဲ တန်တာလား၊ ဟင် ပြောစမ်းပါ၊ ဒယ်ဒီ့ကိုလည်း ပြန်မေးလိုက်စမ်းပါ၊



www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်အတွက် ဘာအခြေအမြစ်မှမရှိတဲ့ ဒယ်ဒီနိုင်းဖတ်နဲ့ပဲ ညားသင့်တာလား။ ဟင့် ဟင့်၊ စစ်စစ်မှာ နှလုံးသားရှိတယ်၊ ဦးနှောက်ရှိတယ် မမရဲ့၊ စစ်စစ်ဘဝအတွက် စစ်စစ်ဘာသာ စစ်စစ်ရွေးမယ်၊ မမလို မိဘစီမံပေးမှ လင်ရမယ်လို့ ထင်မနေနဲ့၊ အဟင့်''

ပြောရင်း မျက်နှာလေးပါ သတ်ခနဲ မော့ခါပြီး ထမင်းစားခန်းထဲက ထွက်သွားတဲ့ ညီမလေး။

''စစ်စစ်''

မဟူရာ့နှလုံးသားကို ဆူးနဲ့ဆွဲခြစ်သွားသလို နာမျက်သွားစေသည်။ နာကျင်ခံခက်လွန်းလို့ မျက်ရည်များပင်ဆို့ကာ။ သူမက မိဘစီမံပေးမှ လင်ရသတဲ့။

ညီအစ်မချင်း ပြောလိုက်တဲ့စကားက ထိထိနိုက်နိုက် ဖြစ်ရုံမက စူးစူးနစ်နစ် ဖြစ်လေသည်။ ထိုအခါ နာကျင်တာတွေနောက်မှာ အရှက်သည်းသော မျက်ရည်တွေ ဝေါခနဲကျကာ။

တစ်ရှူးထိုးထွက်သွားတဲ့ စစ်စစ်အရိပ်က မျက်ရည်တွေကြောင့် ေဝဝါးလျက်။ သူ့ရိယ ထမင်းစားခန်းအပြင်ဘက်နံရံနှင့် ခပ်ကွယ်ကွယ် ေလးရှိနှင့်သလို အားလုံးကိုလည်း အတိုင်းသား ကြားရမြင်ရသည်။ ါကို ဘယ်သူမှမသိစွာ။

ပြောရက်လေခြင်းဆိုတဲ့ စိတ်ထိနိုက်မှုနဲ့ မမ ငိုနေတာမြင်တော့ ူရိယမျက်ရည်တွေလည်း မနိုင်ချင်ဖြစ်လေသည်။





''မမရယ်''

ရင်ထဲမှ စာနာစွာရွတ်ရင်း မျက်ရည်တွေ ခြွေချမိသည်။ ဘုတ်တာပေါ့။ စစ်စစ်က ပင်မြင့်စံနုတ်သမီးလေး။

သူက အနေမဲ့ အခြေမဲ့။

အန်ကယ်က လမ်းပေါ်က ကောက်ယူမွေးစားတဲ့ အညတြ ကောင်လေး။

ဘယ်လိုလုပ် တူတန်မှာလဲ။

ကျွန်တော်နားလည်ပါတယ် စစ်စစ်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"စစ်အိမ်ကလူတွေနဲ့ မောင့်ကို ဘယ်နေ့မိတ်ဆက်ပေးမှာလဲ"

တွေ့တာနဲ့ စစ် မေးဖျားလေးကို ဆွဲယူဖျစ်ကိုင်ကာ တယုတယ မေး၏။ ထိုမေးခွန်းနောက်မှာ စစ်နှလုံးသားလေး မွန်းကျပ်လျက်။

"ပြောလေ စစ်ရဲ့"

"ဟိုလေ မမက မောင်နဲ့သဘောမတူဘူးတဲ့"

"ဘာ၊ မောင်နဲ့စစ်ကို သဘောမတူဘူး။ ဟုတ်လား စစ်စစ်"

စစ်စစ် ဝမ်းနည်းစွာ ခေါင်းလေးညိတ်မိသွားသည်။ မောင်က ခံပြင်းစွာ ဆတ်ဆတ်ခါဖြစ်လျက်။

"ဘာလဲ၊ မောင်က ကလေကချေဖြစ်နေလို့လား"





"မ မဟုတ်ပါဘူး မောင်ရယ်၊ မဟုတ်ရပါဘူး"

"ဟွန့်၊ မောင့်ကို စိန်မခေါ်နဲ့၊ ကျွတ် နေဦး၊ တားနေလို့ မရဘူး။ လာ စစ်စစ်အစ်မနဲ့ မောင်သွားတွေ့မယ်"

"အိုး မတွေ့ပါနဲ့ဦးမောင်ရယ်၊ မမက တစ်ခွတ်ထိုးနေ၊ မောင်က သွားဆူတာနဲ့ တွေ့လို့မဖြစ်ဘူး မောင်ရဲ့၊ ဟင့်အင်း။ လောလောဆယ် တွေ့လို့မဖြစ်သေးဘူး"

စစ်လက်ကိုဆွဲပြီး စိတ်လိုက်မာန်ပါ သွားဖို့တာဆူနေတဲ့ မောင့်နောက် စစ် လိုက်မသွားပါ။ မောင့်လက်ကို ပြန်ဆွဲကာ ဟန့်တားစကားလေး ဆိုမိသည်။

ထိုအခါ မောင်က စစ်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း ကြည့်၏။

"ဒီမှာစစ်၊ မိုးရေစက်ဆိုတာ အညတြမဟုတ်ဘူးနော်၊ မောင့်ကို ဘယ်သူမှ ထိပါးလို့မရဘူးကွ၊ အထိပါးမခံချင်လို့ စစ်မိသားစုနဲ့ မောင့်ကို စစ်ရဲ့ချစ်သူဖြစ်ကြောင်း မိတ်ဆက်ပေးဖို့ပြောနိုင်းတာ အကြောင်းမဲ့ မဟုတ်ဘူး။ ဘယ်မိတမှ အသိအမှတ်မပြုတဲ့ ခိုးချောင်းခိုးဝှက်သဘောနဲ့ ကျိတ်ချစ်တဲ့ ချစ်သူမျိုး အဖြစ်မခံနိုင်ဘူးကွ၊ မောင်က ပေါ်တင်ပဲ ကြိုက်တာ၊ ပေါ်တင်ပဲ ချစ်တယ်"

"စစ် စစ် နားလည်ပါတယ်၊ မမက ဖွတ်ဖြစ်နေတာလေ၊ စစ်နဲ့ ဒယ်ဒီတို့ သဘောတူထားတာ ဘာညာရှိတယ်ဆိုပြီး ငြင်းတာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ မောင်နဲ့ ယှဉ်ရွေးရမယ့်သူရှိနေလို့လား။ အဲဒီကောင်က ဘယ်အဆင့်အတန်းထဲကလဲ"

"ဟင့် ဟင့် ဟင့်"

စစ်စစ် ပြောမထွက်တော့ပါ။ ထိခိုက်သောမျက်ရည်လေးများ ပြိုကျလာသည်။ သူ့ရိယကို ထိခိုက်နစ်နာအောင် မောင် ထုတ်ပြောမှာလည်း စစ် မလိုလားပါ။ ဒါကြောင့် ဘာမှမပြောဘဲ ငိုချလျှင် –

"ကျွတ်"

မောင် အားမလိုအားမရဖြစ်ကာ တင်းနေအောင် ဆုပ်ကိုင် ဲ့ စစ်စစ်ပခုံးထက်မှ လက်တွေကို ဖယ်ချရင်း စိတ်လှုပ်ရှားစွာ ျာက်နေလိုက်သည်။

အတန်ကြာမှ စစ်စစ်နား ပြန်လှည့်လာရင်း သူ့မလေးကို ဆွဲ ပွေ့ကာ တင်းနေအောင် ဖက်ထားမိ၏။

"စစ် တောင်းပန်တယ်မောင်ရယ်၊ မောင် စိတ်လိုက်မာန်ပါ ဘာမှမလုပ်ပါနဲ့၊ မောင့်ဘက်က စစ်ရှိပါတယ်၊ မမကို စစ်ပြောပြီးသား။ စစ်ဘဝ, စစ်နှလုံးသားအတွက် စစ် စိတ်ကြိုက်ရွေးမယ်လို့"

ပြောရင်း မောင့်လည်တိုင်လေးကို သိုင်းဖက်ကာ မောင့်ပါးပြင်လေးကို မွတ်သိပ်စွာ နမ်းရှိုက်မိသည်။

စိုစိုလေးပြူထွက်နေတဲ့ မောင့် ပါးမြိုင်းမွေးရာလေးတွေက စစ်စစ်အနမ်းလေးကို စူးရှရှဖြစ်စေကာ။





ခံစားနေတဲ့ မောင့်နှလုံးသား ပေါက်ကွဲမှုလေး တစ်ရစ်လျော့ ွားသလို စစ် ခံစားလိုက်ရသည်။

"စစ် တကယ်ပြောတာလား"

"စစ် မညာပါဘူး မောင်ရယ်၊ စစ် မညာပါဘူး၊ မောင့်ဘက်က ်ရပ်တည်မယ်၊ မောင့်ကိုပဲ စစ်ချစ်တယ်၊ ဒါကြောင့် မောင် စိတ်လိုက် ာန်ပါ ဘာမှမလုပ်ပါနဲ့နော်၊ နော် မောင်"

အနမ်းတွေပေးရင်း ချော့ချော့မော့မော့ ပြောလာတာမို့ မိုး စက်ရဲမာနကို လျှော့ချလိုက်ရတာ ကျေနပ်လို့တော့မဟုတ်ပါ။ ချစ်သူကို ကြည်လို့။ ချစ်တဲ့စိတ်က နှလုံးသားအလိုကို လိုက်ချင်လို့။

"နော် မောင်"

သွေးမျှင်ကြောလေးများ စိမ်းနေတဲ့ စစ် နားရွက်ပိုင်းလေးကို ရေစက် ဖိကပ်နမ်းရှိုက်ရင်း ကတိပေးလိုက်မိသည်။

"မောင်ရယ်"

စစ်စစ်ရင်ထဲမှ ကျေနပ်မွတ်သိပ်သံလေးဖြင့် ရေရွတ်လျှင် –

"စစ်ကိုချစ်လွန်းလို့သာ မောင် ကတိပေးလိုက်ရတာ ရင်ထဲမှာ င်းနေသေးတယ်၊ သဘောမတူဘူးဆိုတဲ့စကားလုံးက မောင့်မာနကို ်လှဲသလိုပဲ"

"မောင်ရယ်၊ စစ်ကိုသနားရင် ကတိမဖျက်ပါနဲ့နော်၊ ဘယ်သူ ယ်လိုတားတား စစ် မောင့်ရင်ခွင်ထဲ ခြေစုံပစ်ဝင်ခဲ့မယ်ဆိုတာ ယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပေးပါ မောင်ရယ်၊ နော်၊ စစ်ကို ယုံကြည်ပေးပါ''

''အေးလေ အခြေအနေကို မောင်စောင့်ကြည့်ဦးမယ်၊ အခြေအနေမှာဖြစ်ဖြစ် ရင်ခွင်ထဲ ဝင်မလာလို့ကတော့''

''စစ်ကို ယုံကြည်ရင် ဒီစကားမျိုးမပြောပါနဲ့ မောင်ရယ်''

''ယုံပါတယ်ကွာ''

''ယုံတယ်ဆိုရင် ပြီးရော၊ စစ်ပြန်မယ်''

''ကျွတ်''

နှစ်ယောက်သားတွေ့ကြတာမှ မကြာသေး။ အချစ်အကြောင်းတွေလည်း မပြောရသေး။ ချစ်သူအဖြစ်နဲ့ ကြည်ကြည်သာသာ ယယလည်း မနေရသေး။ သဘောမတူဆိုတဲ့ ပြဿနာကြားမှာ မွန်း နေရဆဲအဖြစ်မှ ယုံကြည်မှုလည်း ပေးမိရော –

ချစ်သူက ပြန်တော့မယ်တဲ့။

ဒီမောင့်ရင်မှာ ဘယ်လောက်ထိ ချစ်ဒီရေ ကျဆင်းသွား ဆိုတာ မစဉ်းစားတဲ့ကောင်မလေး။

နေဦး။

ပြန်မယ်ဆိုလာတဲ့ နှုတ်ခမ်းလေးကို အချစ်ကြိုးလေး သွယ် ပေးဦးမှ။

''မောင်နော်''

စစ်က အရှောင်မြန်သလို မောင့်ရင်ခွင်ထဲက ရုန်းထွက်





လှစ်ခနဲ ပြေးထွက်သွားလေသည်။

''စစ်''

စစ် လှည့်မကြည့်ဘဲ လက်ကလေးပြကာ ကားမောင်းထွက် သွားေ၏။ မိုးရေစက် နှလုံးသား အားမလိုအားမရဖြစ်ကျန်ရစ်ကာ မြင်ကွင်း ထဲက ပျောက်သွားသည်အထိ ချစ်စိတ်နဲ့ကြည့်နေဆဲ။

ဦးလှမွန် ခြံတံခါးသော့ခတ်ပြီးရုံမက အသစ်ရောက်လာတဲ့ ကြောင်မြင်းမလေးရဲ့ အခြေအနေကိုတောင် ကြည့်ရှုလို့ပြီးကာ အပင် အောက်က ခုံတန်းလေးပေါ်ထိုင်ပြီး အနားယူနေတဲ့အထိ မိုးရေစက် နေရာက မရွေ့သေး။

နှလုံးသားနဲ့ မှန်းမျှော်ပြီး စစ်ကို ခံစားကြည့်နဲ့ကြည့်နေဆဲ။

''မောင်ရေစက်''

ဦးလှမွန် ကြည့်မနေနိုင်တော့တဲ့အဆုံး ခေါ်လိုက်ခါမှ ဆတ် ခနဲဖြစ်ကာ လှည့်ကြည့်သည်။

''အသစ်ရောက်လာတဲ့ ကြောင်မြင်းမလေး အခြေအနေ မဆိုး ဘူးကွ၊ ထင်ထားတာထက်ကောင်းတယ်၊ သွားကြည့်ဦး''

ဘာရယ်မဟုတ်ပါ။ မောင်ရေစက်ရဲ့စိတ်ကို ထိုမိန်းကလေးဆီက ပြန်နုတ်ယူချင်လို့ အကြောင်းအရာပြောင်းကာ သတိပေးသလိုပြောလိုက် ခြင်း။

ဦးလှမွန် သံတိပေးခါမှ ချစ်တဲ့စိတ်နဲ့အတူ မလုံမလဲ ဖြစ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဦးလှမှန် မမြင်ရရင်ပြီးရောဆိုတဲ့ သဘောနဲ့ ကြောင်မြင်းရှိတဲ့ အဆောင်
အခန်းထဲ ဝင်ခဲ့မိသည်။

ဦးလှမှန် အကြည့်ကွယ်သွားမှန်းသိတော့မှ သူ့စိတ် လုံလုံခြုံခြုံ
ဖြစ်တော့သည်။

မျက်လုံးကလည်း အချိန်ကာလကြာမြင့်စွာ အထီးကျန်ဆန်
ခဲ့ရသော ကြောင်မြင်းထီးလေးဆီ လိုက်ကြည့်မိသည်။

အဖော်မဲ့နေရှာတဲ့ သူ့ရဲ့ ကြောင်မြင်းထီးလေးက ခုတော့
ရွှင်မြူးနိုးကြွကာ အသစ်စက်စက် ကြောင်မြင်းမလေးနဲ့ နှစ်ပါးကြည့်
ချစ်ရေးငင်လျက်။

စစ်စစ်ရယ် –

ချစ်သူဆိုတာလည်း နှစ်ပါးအနေနီးခါမှ အချစ်ကြိုးလေး
တွယ်ချင်တိုင်း တွယ်လို့ရမယ် မဟုတ်လား။

ခုတော့ –

✿ ✿ ✿



## အခန်း (၂၁)

"မမကလည်း မျက်ရည်လွယ်နေပြန်ပြီ"

ချယ်ရီသွေးပြောလျှင် မဟူရာ မျက်ရည်စို့စို့လေးကို တို့သုတ်၏။

"မျက်ရည်လွယ်တာမဟုတ်ဘူး ချယ်ရီရယ်၊ မမရင်ထဲမှာ ထိ
ခိုက်တာ၊ မျက်မျက်ရှရှ ထိထိခိုက်ခိုက် ခံစားရဟာမျိုးပါကွယ်"

မမအသံလေးက တကယ်ခံစားရတဲ့အတိုင်း ဖြစ်တာမို့ ချယ်ရီ
သွေးကို ပန်းနုနုလက်တို့ကာ မပြောတော့ဖို့ မျက်ရိပ်နဲ့ပြောသည်။

"မမထင်သလောက်လည်း မဟုတ်ပါဘူး"

တစ်ပိုင်းတည်းထိုင်နေတဲ့ သတ္တာ လျှော့လျှော့ပေါ့ပေါ့ ဝင်ပြော
လေသည်။ အဓိကနဲ့ဖောက မမစိတ်ပြေသာအောင် ခေါင်းလေးဆတ်ကာ။

www.burmeseclassic.com



ဒါတောင် မမက ငိုသံလေးစွက်ပြီး ပြောရှာသည်။

"ဘာဖြစ်လို့ စစ်စစ်လေးက မှုန်နေရတာလဲ၊ ညီအစ်မချင်း ပြောလိုက်တဲ့စကားက သူစိမ်းဆန်လွန်းတယ်လေ၊ ပြီးတော့"

"ကဲပါ မမရယ်၊ မမက စစ်စစ်အကြောင်းသိသားနဲ့"

"သိလို့ခက်နေတာပေါ့ ပန်းနုရဲ့၊ သိလွန်းလို့ခက်နေတာ၊ ပန်းနု တို့ပြောတော့ အပျော်ပါဆို၊ ခုတော့ သူ့လူကို သဘောမတူဘူး တစ်ခွန်း လေး ပြောမိပါတယ်၊ ဆတ်ဆတ်ခါနာပြီး အစ်မကိုတောင် ခံပက်တာ၊ ရှေ့ဆက် ဘယ်လိုရင်ဆိုင်ရမလဲ၊ ဒီကိစ္စ ဒယ်ဒီမသိသေးဘူး၊ ဒယ်ဒီသိရင် မလွယ်ဘူး၊ ဒါကြောင့် ချယ်ရီတို့ ပန်းနုတို့ကို မမလာပြောပြတာ၊ ပြီး တော့ အဲဒီလူနဲ့ပြတ်သွားအောင် ဖျောင်းဖျပေးပါကွယ်၊ နော်၊ အပျော် အပျက်သဘောမျိုးနဲ့ ဒီကိစ္စ အဆုံးသတ်စေချင်တယ်၊ ဒါမှလည်း ဒယ်ဒီ့ အစီအစဉ်မပျက်မှာ"

"စိတ်ချပါ မမရယ်၊ ကျွန်တော်တို့ ဖျောင်းဖျပေးပါ့မယ်၊ မမ စိတ်မပူပါနဲ့၊ စိတ်ထိခိုက်ပြီး ငိုမနေပါနဲ့၊ ဟုတ်ပြီလား"

ဇော အလေးအနက် ဝင်ပြောသလို ကျန်သူများကလည်း ခေါင်းလေးများဆတ်ကာ။

"ချယ်ရီလည်း သေချာ ဖျောင်းဖျပါ့မယ် မမရယ်"

"ပန်းနုတို့ပြောရင် စစ်စစ် လက်ခံမှာပါ၊ မမ စိတ်မပူနဲ့နော်"

အားလုံး ချော့မော့ပြောဖို့ စိတ်တူကိုယ်တူဖြစ်မှန်း သိရလို့





စိတ် အနည်းငယ် ဖြေသာသွားသည်။

"ဒါဆို မမသွားမယ်"

"စိတ်ချသွားပါ မမ"

အမိကပြောရင်း မမကို ကားပေါ်အရောက် လိုက်ပို့ပေး၏။

ဖျပေးဖို့ အားကိုးတကြီးဖြစ်နေတဲ့ မမကို သူတို့အားလုံး ကတိတွေ

မမကားလေးထွက်သွားမှ အမိက,က သူငယ်ချင်းတွေရှိရာ

သာက်ဝိုင်းဆီ ပြန်လှည့်သည်။

စစ်စစ်ကိစ္စ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် ဘယ့်

လို့ မျက်စနဲ့ အသံတိတ်မေးကြ၏။ အမိက ဝင်ထိုင်ရင်း–

"အစကပြောတော့ စစ်စစ်က အပျော်ပါဆို"

ဒီကိစ္စ စကားစလိုက်လျှင် အားလုံးက –

"ဟုတ်တယ်လေ၊ အပျော်ပဲဥစ္စာ"

"အပျော်ဆို ပြဿနာဖြစ်စရာလား၊ မမပြောပုံအရ အပျော် င်တော့ဘူး"

"ဟင့်အင်း။ စစ်စစ်ရင်ထဲမှာ မိုးရေစက်ကို အတည်ခံစားနေတာ ဘူး၊ ပန်းနုသိတယ်"

"ဘယ်လို"

အားလုံး စိတ်ဝင်တစားဖြစ်လျက် ဝိုင်းမေးကြသည်။

"ဟုတ်တယ် စစ်စစ်က အဲဒီငနဲကို အတည်ချစ်တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ"

"ဘယ်လို၊ အတည်ချစ်တာ မဟုတ်ဘူး၊ ဘယ်လိုချစ်တာလဲ ရှင်းအောင်ပြောစမ်းပါ"

အမိကတို့ ပိုပြီး စိတ်ဝင်စားသွားသည်။ ပန်းနုနုကလည် သူမ သိနိုင်တဲ့အကြောင်းအရာကို သူငယ်ချင်းအားလုံးသိအောင် ဖြ ဖောက်သည်ချ၏။

"စစ်စစ်ပြောတာဟ"

ပန်းနုနု စပြောလိုက်သည်က စစ်စစ်ပြောတဲ့အတိုင်း ထိုစဉ် ပြောတာလေးကို ပန်းနုနု ပြန်အမှတ်ရကာ။

✿

"နေပါဦး၊ ရှင်က အဲဒီခြံထဲ ဘာသွားလုပ်တာလဲ၊ အဖေ့ အပျော်ဆိုတာကနေ လွန်လွန်ကဲကဲ ဖြစ်မသွားနဲ့"

"ဖြစ်စရာလား ပန်းနုရဲ့၊ ဟင့် ဟင့် ဟင့်၊ သူ့စရိုက် ဆန်းတယ်ဟ၊ အဲဒီစရိုက်ဆန်းဆန်းကို စစ်စစ် တစ်ခုခု တုံ့ပြန်ချင်တယ်"

"တုံ့ပြန်ချင်တယ်"

"ဟုတ်တယ်၊ တုံ့ပြန်ချင်တယ်၊ သူ့စရိုက်ကိုက တုံ့ပြန်ချင်စ





ကြီး၊ စဉ်းစားကြည့်လေ၊ တိရစ္ဆာန်တွေကို ရှာဖွေဝယ်ယူပြီး သူ့ကိုယ်ပိုင် တိရစ္ဆာန်ရုံလုပ်ထားတာက သာမန်နဲ့မတူဘူး၊ ပြီးတော့ ဘယ်သူ့မှလည်း ခြံထဲအဝင်မခံဘူး၊ သူ့ခြံထဲက သူ့တိရစ္ဆာန်ရုံက သူ့ကမ္ဘာလေးဖြစ်တာ လေ"

"ဒါက သူ့စိတ်နဲ့သူပေါ့ စစ်စစ်ရဲ့"

"ဒါပေမဲ့ အဲလောက် သီးခြားဆန်တာ စစ်စစ်မကြိုက်ဘူး၊ သူ့ကမ္ဘာလေးထဲက သူ့နှလုံးသားကို ဆွဲထုတ်ချင်တယ်"

"အလို"

"ဟုတ်တယ်၊ ဒါမှ သူ့စိတ်နှလုံးဆောက်တည်ရာမရ ဖြစ်လာမှာ၊ အဲဒီတော့မှ သူ့ကမ္ဘာလေးထဲက သူထွက်ကြည့်ဖို့ စိတ်ဝင်စားမှာ လေ"

"စစ်စစ်ဆိုလိုတာက သူ့စိတ်နှလုံးသားကို စစ်စစ် ဆော့ကစား ချင်တာလား"

"အင်း"

ပေါ့ပေါ့ပါးပါးလေး ခေါင်းဆတ်လိုက်တဲ့ စစ်စစ်ကို ပန်းနုနု အငေးသားကြည့်ဖြစ်သွားသည်။

နောက်ပြီး ပန်းနုနုစိတ်မှာ စစ်စစ်ပြောတာကို သိပ်ဘဝင်မကျ ဖြစ်နေတာမို့ –

"နေပါဦးစစ်စစ်ရဲ့၊ စစ်စစ်ဆော့ကစားဖို့က သူက စစ်နဲ့ရွယ်တူ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တူးနော်၊ စစ်ထက် အများကြီးကြီးတယ်၊ ကိုယ့်ထက်ကြီးတဲ့သူတွေ က ကိုယ့်ထက်ပိုပြီး အတွေ့အကြုံများတယ်ဆိုတာ လျှော့မတွက်နဲ့၊ ပူ့တိရစ္ဆာန်ရုံထဲ ရှင် အလှောင်ခံရသလိုဖြစ်သွားမှ ဟုတ်ပေ့ဖြစ်နေဦး ယ်''

''အို စစ်စစ်ကို တိရစ္ဆာန်လို လှောင်လို့ရမတဲ့လား၊ စစ်စစ် ာသာ သူ့နှလုံးသားကို လှောင်အိမ်ထဲထည့်ပစ်လိုက်မှာ၊ မယုံရင် စောင့် ကြည့်လိုက်''

''ကြည့်ကြသေးတာပေါ့''

''ကြည့်လေ၊ သူ့နှလုံးသားကို လှောင်ထားပြီး ဟင့် ဟင့် င့်နဲ့ ရယ်မောလိုက်ဦးမယ်၊ အဲဒီတော့မှ ရှင် ငိုင်းမရယ်ကြနဲ့၊ စစ်စစ်ဖန် းတဲ့ ပျော်စရာလေးအတွက် စစ်စစ်တစ်ယောက်တည်းရယ်မှာ၊ ဟင့် င့် ဟင့်၊ စရန်လေးတောင် ရယ်ပြလိုက်ချင်သေး၊ ဟင့် ဟင့် ဟင့်''

မျက်နှာလေးမော့ခါထားလျက် ရယ်မောရှာတဲ့ပုလဲစစ်၊ ပန်းနုနု ်စဉ်က စောင့်ကြည့်မယ်ဆိုတဲ့ မျက်နှာပေးလေးနဲ့ ကြည့်ဖြစ်ခဲ့သည်။

''ဒါ ဒါဆို စစ်စစ်က''

''ဟုတ်တယ် ဇော်ရဲ့ မိုးရေစက်ကို လှောင်ချင်တာ၊ ရယ်ပွဲလေး ချင်တာ၊ ဒီလောက်ပဲ''

''အဲသလောက်ပဲဆို ဘာဖြစ်လို့ မမကို ပြန်ပက်တာလဲ၊ မိုး ရေစက်နဲ့ ချစ်သူပါလို့ မိတ်ဆက်ပေးမယ့်အကြောင်း ဘာလို့ အလေး





အနက် ထုတ်ပြောရတာလဲ၊ ပန်းနုရဲ့''

ချယ်ရီသွေး မေးလာတော့ ပန်းနုနု စဉ်းစားရကြပ်လေသည်။

''အင်း၊ အပျော်က အတည်ဖြစ်နေသလားမှမသိတာဟ''

သတ္တာ တွေးတွေးဆဆလေး ဝင်ပြောလျှင် အဓိက ခေါင်း ဆတ်ဆတ်ညိတ်ပြီး ထောက်ခံသည်။ ဇောကလည်း –

''ဖြစ်နိုင်တယ်နော်၊ စစ်စစ်ပြောတဲ့အတိုင်း ယုံမနေနဲ့၊ စစ်စစ် သဘောသူဆောင်နေတာ၊ ပြီးတော့ သူ့ရိုယနဲ့လည်း ရောလိုက်သေး တယ်၊ ဒီအကြောင်းတွေ သူ့ရိုယသိလို့ကတော့ ဟတ်အထိကြီးထိမှာ တွေ့''

''အင်း စစ်စစ် စစ်စစ်၊ စစ်စစ် စိတ်သဘောထားက အတော် သေး ခွဲခြားရခက်နေပါလားနော်''

ချယ်ရီသွေးပြောလျှင် အားလုံး အလေးအနက်ထောက်ခံကာ

''ဟုတ်တယ်၊ ခွဲခြားရခက်တယ်၊ ဒီထက်ပိုပြီး ခွဲခြားရခက်လာ င် ငါတို့ခေါင်း မီးတောင်ထွန်းသွားလိမ့်မယ်ကွ''

ဇောပြောလျှင် –

''သေချာတာပေါ့'' လို့ သတ္တာ ထောက်ခံလေသည်။

''အချင်းချင်းကြားမှာ ခက်တာတွေရှိနေဖို့ မလိုဘူးကွ''

အဓိက ဝင်ပြောတဲ့အခါ –

''ဟုတ်တယ်၊ အဓိက ပြောတာမှန်တယ်၊ အချင်းချင်းကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



ခက်တာတွေ ရှိနေဖို့ မလိုဘူး၊ အဲဒီခက်တာတွေကြောင့် မမ စိတ်ထိခိုက်နေရပြီ၊ ရှေ့ဆက် ဒီထက်ခက်လာရင် အန်ကယ်တို့လူကြီးတွေပါ စိတ်ထိခိုက်ရမယ်၊ ဒါကြောင့် ခက်တဲ့ကိစ္စ လွယ်သွားဖို့ ချယ်ရီတို့တွေ စစ်စစ်ကို ထုတ်မေးတော့မှ ဖြစ်မယ်''

''အိုကေ''

သူငယ်ချင်းအားလုံး ထောက်ခံကြလျှင် စိတ်နဲ့အတူ ခြေလှမ်းတွေက စစ်စစ်ဆီ ရွက်လွင့်ကာ။

✿ ✿ ✿



## အခန်း (၂၂)

''စစ်စစ်''

ဒေါသကြောင့် မိုးရေစက်ခြေလှမ်းတွေ ဦးတည်ရာမဲ့မတတ်ဖြစ်သွားသည်။ ထို့နောက် ဦးလူမှန်ကို ပြန်ငဲ့ကြည့်၏။ ဦးလူမှန်အကြည့်လွဲ၍ တောဆိတ်မိသားစုကို သဘာဝဆန်ဆန် လှောင်ထားတဲ့ တိုက်နောက် တောအုပ်ကလေးဆီ ရှောင်သလို ထွက်ခဲ့ကာ။

ထို့နောက် သက်မလည်း အကြိမ်ကြိမ်ချ၏။ နေ့ခင်းက ကြေးအိုးသွားဝယ်ရင်း လူငယ်တစ်စုပြောနေတဲ့စကားတွေ ကြားလာတဲ့ ဦးလူမှန်။

စကားလုံးတွေရဲ့အသွားအလာအရ စစ်စစ်လေးနဲ့ မောင်ခရေ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြောင်းနှင့် ပိုသေချာနေသည်။ အလူသဖြင့် ကိုယ်ပိုင်ဟိချွန် [illegible] ပါတော့ သေချာသည်ထက် ပိုသေချာကာ။

အပျော်တွေ အလျောင်တွေဆိုတဲ့ စကားလုံးတွေနောက်မှာ မောင်ရေစက် ခံရဖို့ မလွဲဘူးလို့ ဦးလှမှန် ယူဆကာ။

ပြောသင့်မပြောသင့် မစဉ်းစားတော့ဘဲ အသိပေးမိသွားသည်က အရင်။ သူမလေးကို ဒေါသဖြစ်နေတာမြင်ရတော့လည်း ဦးလှမှန် စိတ်မကောင်းနိုင်ပါ။

ဒါကြောင့် ရှောင်ထွက်ခဲ့ခြင်း။

ဘာပဲဖြစ်ဖြစ် မောင်ရေစက်ကို ဒီလိုအဖြစ်မျိုးနဲ့ မကြုံစေချင်ပါ။ သူမလေးနဲ့ ချစ်သူဖြစ်တာ သိရ တွေ့ရကတည်းက ဦးလှမှန် ဝမ်းသာနေမိသည်၊ အဖော်မဲ့နေတဲ့ မောင်ရေစက်ဘဝလေး စိုပြည်လာတော့မှာပါလား ဆိုတဲ့အသိနဲ့ပါ။

သူလေးဘဝ စိုပြည်နေမှလည်း ဦးလှမှန် စိတ်ချလက်ချဖြစ်နိုင်မယ်လေ။ သူက အသက်ကြီးလှပြီ။ သူမရှိတော့တဲ့နောက်ပိုင်း မောင်ရေစက် တစ်ကိုယ်တည်း ဖြစ်ကျန်ရစ်ခဲ့မှာကို မလိုလားပေ။

မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားတာ မောင်ရေစက် လူမမယ်လေးရယ်။ အလွန်ဆုံးရှိမှ လေးနှစ်သာသာပေါ့။

မိဘပိုင်ပစ္စည်းဥစ္စာတွေက မနည်းမနော။ ဦးလေး အဒေါ်နဲ့ ဆွေမျိုးတွေက မောင်ရေစက်မိဘပိုင်ပစ္စည်းတွေကိုမက်ပြီး မောင်ရေစက်





ကို ထိန်းသိမ်းမယ်၊ စောင့်ရှောက်မယ်နဲ့ လုကြရင်း ပြဿနာတက်ကြသည်။

မွေးကတည်းက အနီးကပ် ချိုပိုးထိန်းကျောင်းတဲ့သူ့ကို မောင်ရေစက်က မိဘပြီးရင် အခင်ဆုံး အတွယ်တာဆုံးဖြစ်လေတော့။

"ဦးလှမှန်နဲ့ပဲ နေမယ်၊ သား သား ဦးလှမှန်နဲ့ပဲ နေမယ်"

ဆိုပြီး အော်ဟစ်ငိုယိုကာ သူ့ရင်ခွင်ထဲ ပြေးဝင်လာတော့ အုပ်ထိန်းမယ့်သူတွေ ဘာမှမတတ်နိုင်။

ပိုင်ဆိုင်မှုတွေကို လူကြီးတွေရှေ့မှောက် မောင်ရေစက်နာမည်နဲ့ တရားဝင်လွှဲကာ ရှေ့နေရှေ့ရပ်နဲ့ အခိုင်အမာလုပ်ပေးပြီး သူပဲ အနီးကပ် စောင့်ရှောက်ခဲ့တာ။

သူက တစ်ကိုယ်တည်း လူပျိုကြီးဖြစ်ပေမယ့် မောင်ရေစက်ကို သူလေးရဲ့မိဘရှိစဉ်ကလို စောင့်ရှောက်လာခဲ့တာ ခုချိန်ထိ။ ဆွေမျိုးအသိုင်းအဝိုင်းထက် သူ့ကိုပိုခင်တွယ်နေတဲ့ မောင်ရေစက်ကို သူ ဘယ်တော့မှ ပစ်ခွာသွားဖို့ စိတ်မကူးပါ။

အဲ သူသေသွားရင်တော့

မောင်ရေစက်တစ်ယောက်တည်း ကျန်ခဲ့မှာစိုးရိမ်လို့ ကြင်ဖော်ရှာဖို့ အတန်တန် နားချခဲ့သည်။ ကျောင်းသားဘဝက နားချတာနဲ့ လက်ခံကာ အိပ္ပတ္တမြားသွယ်ဆိုတဲ့ ကောင်မလေးနဲ့ တွဲခဲ့သည်။

အိပ္ပတ္တမြားသွယ်က နယ်က။ ပထမနှစ်စာမေးပွဲဖြေပြီးလို့ နယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားတာ ကျောင်းဖွင့်ချိန်မှာ ကျောင်းတက်ဖို့ ရောက်မလာ။

ထိုကောင်မလေး လိပ်စာယူပြီး နယ်လိုက်တော့ အိပတ္တမြား သွယ်က သူတို့အရပ်က ကောင်လေးနဲ့ ညားနေတာတဲ့။

"ကျွတ်၊ ဘာမိန်းကလေးလဲကွာ"

မောင်ရေစက် အတော်တင်းသွားသည်လေ။ သူ့ကို ထားရစ်ခဲ့တယ်ဆိုတဲ့အသိနဲ့လည်း ဒေါသတွေထွက်၏။

"မောင်ရေစက်ရာ သူကလေး ကိုယ်နဲ့မထိုက်လို့ပဲ သဘောထားလိုက်စမ်းပါ၊ ကိုယ်နဲ့ထိုက်မယ့် မိန်းကလေးတွေ အများကြီးရှိပါသေးတယ်၊ မျက်စိကျရာလိုက်စမ်းပါ၊ တွဲစရာမိန်းကလေးများ အပုံကြီးကျန်သေးတယ်"

"ဟွန်း၊ ဦးလှုပဲ တွဲစမ်းပါ"

"ဟ၊ ငါနဲ့တွဲရင် ငါပဲ ရှုမှာပေါ့၊ ငါက ငါ့အတွက်ထက် မင်းဖို့ ပိုပြီးပူပန်နေတာ၊ ပြီးတော့ ငါက အသက်ကြီးပြီ၊ မိန်းမလိုက်ပိုးရမယ့်အရွယ် မဟုတ်ဘူး၊ မင်းအရွယ်က မိန်းမပိုးရမယ့်အရွယ်၊ တွဲရမယ့်အရွယ်၊ ကဲပါကွာ တစ်ယောက်သွားတော့လည်း နောက်တစ်ယောက်ပေါ့ကွ လူလေးရ"

ဒီလိုနဲ့ သူအားပေးတဲ့အတိုင်း နောက်တစ်နှစ်အကြာမှာ နတ်မိမယ်နဲ့တွဲ၏။ နတ်မိမယ်လေးက မဆိုးပါ။ ရုပ်ရည်လေးက နတ်သမီးများရဲ့ အခေါင်အညွန့်မိမယ်လေးနှယ်။





နောက်ခံလည်းရှိသည်၊ အသိုင်းအဝိုင်းလည်းတော်င့်၏။ မောင်ရေစက်အပေါ်လည်း အလေးအနက်ထား၏။ တွဲကြတာလည်း နှစ်ပေါက်ကာတော့ပါ။

သို့သော် နတ်မိမယ် ပိပိရိရိ ရည်းစားများနေတာကို လုံးဝဆိုမိပါ။ မောင်ရေစက်တင်မက သူမနဲ့တွဲနေတဲ့ ဘယ်သူမှ မရိပ်မိအောင် နတ်မိမယ်မလေးက ပိရိလွန်း၏။

တစ်နေ့ –

ထိုနေ့က သူ့ဘဝစာမျက်နှာထဲက ဘယ်လိုမှ ဖျောက်ဖျက်မရတဲ့နေ့။

✿

"ခွပ်"

"အား"

ထိချက်က ပြင်းစွာ။ မထင်မှတ်တဲ့ သူ့မျက်ခွက်ထဲ ပြေးဝင်လာတဲ့ လက်သီးချက်ကို မရှောင်နိုင်။ မျက်နှာတင်မက တစ်ကိုယ်လုံးပါနိုင်မတတ် ဖြစ်၏။ အမြင်အာရုံတွေလည်း ပြာမှောင်သွားသည်။

ဘယ်သူလဲ။ ဘာကြောင့်ထိုးတာလဲ။ သိချင်စိတ်နဲ့ မျက်လုံးကို အားတင်းဖွင့်ပြီး ကိုယ့်ကို ထိန်းမတ်ဖို့ ကြိုးစား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ချစ်သူကို ဘယ်တော့မှ မစော်ကားနဲ့"

"ဟင်"

ချစ်သူ အစော်ကားခံရတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ပေါက်ကွဲ မှုအတိုင်း တကယ်ပေါက်ကွဲကာ။ သူ့ကို သဲကြီးမဲကြီး စိုက်ကြည့်ပြီး နောက်ထပ်လက်သီးတစ်လုံး ချိန်ထားတဲ့ လူရွယ်တစ်ဦး။

အရပ်မနိမ့်မမြင့် ကိုယ်နေဟန် ကြံ့ကြံ့ခိုင်ခိုင်။ သူနဲ့ ရွယ်တူ သာရှိပြီး ကျောင်းသားတစ်ဦးဖြစ်မှန်း သိလိုက်၏။ တွေ့ဖူး မြင်ဖူးသော် လည်း စကားမပြောဖူးတဲ့ အာကာပိုင်။ ဒင်းက သူ့ကို စွပ်စွပ်စွဲစွဲ။

"ဘာလဲကွ၊ ကိုယ့်ချစ်သူကို ဘယ်တော့မှ မစော်ကားနဲ့ဆိုတာ"

"မင်း ကိုယ့်ချစ်သူကို အဆင့်အတန်းမရှိတဲ့ မိန်းမလို့ စကားလုံး နဲ့ စော်ကားတာ ကိုယ်လက်ပိုက်ကြည့်မနေနိုင်ဘူးကွ၊ ဒါကြောင့် ထိုးတာ မကျေနပ်ဘူးလား၊ လာ၊ ကိုယ့်ကို လာထိုးလေ၊ နောက်ထပ် ကိုယ့် လက်သီးတွေ စက်တပ်ထားသလို မင်းမျက်နှာပေါ် တစွတ်စွတ် ရောက် သွားစေရမယ်၊ လာစမ်းပါကွ"

ပြောရင်းဆိုရင်း နောက်ထပ် လက်သီးလက်မောင်းတန်းနေ တဲ့ အာကာပိုင်။ သူ ပိုပြီး နားမလည်တော့ပါ။

သူ့ခေါင်းထဲ တဝဲလည်လည်ဖြစ်နေတာက အဆင့်အတန်းမရှိ တဲ့မိန်းမလို့ စကားလုံးနဲ့ စော်ကားသတဲ့။ ပြီးတော့ အာကာပိုင်ရဲ့ ချစ်သူ ဆိုတာ ဘယ်မိန်းကလေးမှန်း သူမသိရိုးအမှန်။





သူ့ကိုယ်သူ ထိန်းမတ်ကာ လက်သီးချက်ကြောင့် ယိုစိမ့်ထွက် လာတဲ့ နှာခေါင်းနဲ့နှုတ်ခမ်းမှ သွေးစတွေကို မိုးရေစက် ပွတ်သုတ်ရင်း-

"ဒီမှာ အာကာပိုင်၊ မင်းပြောနေတာ ကိုယ် နားမလည်ဘူးကွ၊ မင်းချစ်သူဆိုတာ ဘယ်သူလဲ၊ အဆင့်အတန်းမရှိတဲ့ မိန်းမလို့ ကိုယ်က ဘယ်နေရာမှာ ပြောမိဆိုမိလို့လဲ၊ ပြောစမ်းကွာ"

"ဟား ဟား ဟား၊ အခု မသိဘူးလေး ဘာလေးနဲ့၊ ဘာလဲ မင်း သတ္တိမရှိဘူးလား၊ ယောကျ်ားပဲ ပြောရင်ပြောတယ်၊ စော်ကားရင် စော်ကားတယ်လို့ ဝန်ခံလိုက်စမ်းပါ"

"တောက်၊ မင်း ဘလိုင်းကြီး မစွပ်စွဲနဲ့"

"စွပ်စွဲတော့ ဘာဖြစ်လဲ၊ လာလေ၊ ယောကျ်ားချင်း လက်သီး ချင်းယှဉ်ဖို့တောင် သတ္တိမရှိဘူးလား"

"မင်း"

မိုးရေစက် ခံပြင်းသွားကာ နာတာတွေကို မမှုနိုင်တော့။ လက် သီးရွယ်ပြီး ရှေ့တိုးသွား၏။ ထိုအခါ နှစ်ယောက်သား သူသေကိုယ်ကျေ သတ်ကြသည်က ကြိုးဝိုင်းပေါ်က ပြိုင်ဘက်နှစ်ဦးနှယ်။

"ဖြောင်း ဖြောင်း ဖြောင်း"

ထိုစဉ် အားရကျေနပ်စွာ တီးလိုက်တဲ့ လက်ခုပ်သံ။ ထိုလက် ခုပ်သံက ဩဇာအာဏာပြင်းစွာ ပြုလိုက်သည့်နှယ်။ သူတို့နှစ်ယောက်ရဲ့ ထိုးအသတ်တွေ ရုတ်ခြည်းရပ်ကာ လက်ခုပ်တီးတဲ့မိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်တူကြည့်လိုက်၏။

ထိုမိန်းကလေးက နတ်မိမယ်ဖြစ်နေလျှင် –

"ဟင်"

သူ အံ့သြကာ မျက်လုံးပြူးသွား၏။ မယ်ဟု သူ ရေရွတ်ရုံ ရှိသေးတယ်၊ အာကာပိုင်က မှိုရသောမျက်နှာကြီးနဲ့ နတ်မိမယ်နား သွားကာ –

"မယ် မယ့်ကို စော်စော်ကားကားပြောလာတဲ့ ဘယ်သူ့ကိုမှ ကိုကို အလွတ်မပေးဘူး။ မြင်တယ်မဟုတ်လား"

"တောက်"

မိုးရေစက် ခံပြင်းတာတွေနောက်မှာ မျက်လုံးကို စုံမှိတ်ချလိုက်သည်က အကြောင်းမဲ့မဟုတ်ပါ။

"ဟင့် ဟင့် ဟင့်၊ ဒါမှပေါ့ ကိုကိုရဲ့၊ မယ်က လက်ရုံးရည်သာတဲ့သူကိုပဲ ပိုချစ်တယ်၊ ဟင့် ဟင့်၊ မိုးရေစက်ရေ ဘိုင်"

ခနဲ့သံ့သဲ့ပြောရင်း အာကာပိုင်လက်မောင်းကို တွဲချိတ်ပြီး နှုတ်ဆက်ထွက်သွားတဲ့ နတ်မိမယ်။ အသည်းနာတာထက် ခံပြင်းဒေါသတွေနောက်မှာ မိုးရေစက် ဆောက်တည်ရာမရဖြစ်ခဲ့သည်။

"နတ်မိမယ်က အဲလိုပဲ ရည်းစားတွေ အများကြီးထားပြီးရင် အဲဒီရည်းစားတွေကို ရန်တိုက်ပေးလေ့ရှိတယ်၊ ရန်ပွဲလုပ်ပြီးရင် သူတွဲချင်တာနဲ့ ဆက်တွဲမယ်၊ သူ မတွဲချင်တဲ့သူကို ခါချမယ်၊ ခါချတဲ့အထဲမှာ





မင်းပါသွားတာတော့ စိတ်မကောင်းဘူး၊ ကိုယ်လည်း ဒီလိုပဲ ခံခဲ့ရဖူးတယ်ကွ"

ဇော်ထိုက်ကျော်ရဲ့သူငယ်ချင်း ကိုသားသား ရင်ဖွင့်ပြောခါမှ အကြောင်းစုံသိရတဲ့အဖြစ်။

"ကိုယ့်တုန်းကတော့ တခြားယောကျ်ားတစ်ယောက် ထိုးကြိတ်တာ မခံရလိုက်ဘူး။ မင်းအလှည့်ကျမှ"

"တော်တော့၊ တောက်"

မိုးရေစက် ဒေါသတွေ တဟူးဟူး တဟဲဟဲ ထွက်လျက်။

"အဲဒီမိန်းမ ခါချခံရတာ တစ်ပိုင်း, ဟိုငနဲ အဆော်ခံရတာဟာ တစ်ပိုင်း။ နှစ်ပိုင်းလုံးအတွက် ကိုယ်အနာဆုံးပဲ၊ အဲဒီအတွက် နှစ်ယောက်စလုံးကို ကိုယ်တုံ့ပြန်ရမယ်"

"ဟာ၊ မင်း ဘာတွေလုပ်ဦးမှာလဲ"

သူငယ်ချင်းတွေ စိုးရိမ်တကြီးမေးလျှင် –

"စောင့်ကြည့်ပေါ့ကွာ"

မိုးရေစက် ဒါပဲပြောကာ စကားဖြတ်ပစ်လိုက်သည်က ပဟေဠိဆန်ဆန်။

✿ ✿ ✿



www.burmeseclassic.com

# အခန်း (၂၃)

"မယ်"

ခေါ်သံနက်နက်နဲ့အတူ ပက်ပင်းဆုံအတွေ့မှာ နတ်မိမယ်မျက်နှာနုနုလေး ရင့်မှိုင်းသွားသည်။

မိုးရေစက် စူးစူးစိုက်စိုက်ကြည့်ရင်း ရှေ့တိုးလျှင် နတ်မိမယ် မသိမသာ ခြေလှမ်းလေးနောက်ဆုတ်၏။

သို့သော်လည်း ဣန္ဒြေမပျက်အောင် နတ်မိမယ်ပြုံး၍ –

"မယ့်ကို မိတ်ဆွေလို ဆက်ဆံလို့ရတယ်၊ မယ်က သွေးမစိမ်းတတ်ပါဘူး၊ ဟင့် ဟင့် ဟင့်"

"အဟင့်၊ မိတ်ဆွေလို ဟုတ်လား"





"ဟုတ်တယ်လေ၊ မိန်းမတစ်ယောက်ဆီမှာ သူ့စိတ်ကြိုက်ရွေးချယ်ခွင့်ရှိတယ်ဆိုတာ "သူ" အသိအမှတ်ပြုတယ်ဆိုရင်ပေါ့"

ယောက်ျားနှစ်ယောက်ကို ရန်တိုက်ပေးတဲ့ သူမရဲ့အယူအဆက သူမအတွက် လက်ကိုင်တုတ်သဖွယ်ဖြစ်လျက်။ ပြောတာဆိုတာကအစ မိုးရေစက်ကို မထီမဲ့မြင်စွာ။

မိုးရေစက်ကလည်း ခေသူမဟုတ်ပါ။ ဒါကိုလက်တွေ့ပြဖို့ ဒီမိန်းကလေးရှေ့ တမင်လာခဲ့တာ။ ခုတော့ မိုးရေစက် နာကျင်မဲ့မဲ့ရယ်ချကာ။

"အသိအမှတ်ပြုရမှာပေါ့ မယ်ရယ်၊ ဟင့် ဟင့် ဟင့်၊ မိန်းမတစ်ယောက်မှာ စိတ်ကြိုက်ခါပစ်ခွင့်လည်း ရှိပါတယ်ကွ၊ ဒါပေမဲ့ မင်းကိုကိုယ် တစ်ခါမှမှ ထိပါးစော်ကားတဲ့စကား တစ်လုံးတစ်ပါဒမှ မပြောခဲ့ဘူးကွ"

"အဟင့်၊ ပိုင့်မှာ မယ့်အတွက် ဘယ်လောက်သွေးဆူလွယ်တဲ့သင်ရှိလဲဆိုတာ စမ်းသပ်ချင်လို့ မယ်ဖန်တီးလိုက်တဲ့ ဇာတ်ကွက်ဆန်းလေးလေ၊ ဟင့် ဟင့် ဟင့်"

ပြောရင်း ကိုယ်လေးပါ လှုပ်ခါ၍ မာယာဆန်စွာ နတ်မိမယ် ရယ်၏။ မယ် ရယ်လို့မဆုံးလိုက်ပါ။

"မင်းရဲ့ပိုင်ထက် ကိုယ်က ပိုပြီးသွေးဆူလွယ်တယ်၊ ပိုပြီးဒေါက်စွမ်းထက်တယ်ကွ၊ အကြောင်းသိအောင် အမြည်းလေးခံကြည့်လိုက်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်''

''ဖြောင်း''

စကားလုံးတွေနောက်မှာ ခွန်အားပြည့်ပါတဲ့ မိုးရေစက်လက်ပြ
ပေးချက်။

ပလတ်စတစ်အိတ် ဖောင်းဖောင်းတင်းတင်းကြီး ပေါက်
သွားသလို ဖြောင်းခနဲမြည်ဟည်းကာ နတ်မိမယ် မျက်နှာတင်မက တ
ကိုယ်လုံးလည်ပြီး ဘိုင်းခနဲ ကျသွားသည်က လူမြင်ကွင်းအလယ်မှာ

လူစည်ကားနေတဲ့ ပလာဇာရှေ့မှာဖြစ်ပေမယ့် မိုးရေစက် ဂ
မစိုက်။ ချာခနဲလှည့်ထွက်ခဲ့သည်က စာနာသနားခြင်း ကင်းစွာ။

''မိုးရေစက်''

မျက်ရည်တွေ ချောင်းစီးကာ အရှက်သည်းလျက် ကုန်းရုန်းထ
ပြီး အသံကုန်အော်ဟစ်ခေါ်ဆိုတဲ့ နတ်မိမယ်၊

''မင်း ဘယ်တော့မှ နောင်တမရနဲ့ ဘိုင့်ဘိုင်''

လက်နောက်ပြန် လက်ပြရင်း မိုးရေစက် ကျောခိုင်းခဲ့၏။ သူ့
ခါချတဲ့အတွက် နတ်မိမယ်ကို တန်ပြန်ပြုလိုက်ခြင်းပဲ။ ဒါတင်မက
အာကာပိုင်ကိုလည်း လွှတ်မထားပါ။

''အာကာပိုင်၊ မိန်းမတစ်ယောက်ရဲ့မာယာကြောမှာ မျောရုန်းမ
မရှုးစမ်းမဆင်ခြင်ဘဲ ကိုယ့်မျက်ခွက်ထဲ လက်သီးပစ်သွင်းခဲ့တဲ့ မင်းရဲ့
အညတြစိတ်ဓာတ်ကို ကိုယ် ကမ္ပည်းတင်ထားမယ်၊ အေး ကိုယ်နဲ့မင်း





နောက်တစ်ကြိမ် မဆုံမိအောင် ဆုတောင်းပေါ့''

''မင်းနဲ့ကိုယ် ဘယ်တော့မှမဆုံကြေး၊ ဆုံတဲ့နေ့ မင်းဘဝကို
ကိုယ့်လက်သီးနဲ့ ထိုးမွှေတဲ့နေ့ပဲ၊ မင်းလည်း မင်းဘဝထဲ ကမ္ပည်းတင်ထား
လိုက်၊ ကိုယ်တို့နှစ်ယောက်ကြားမှ လက်သီးရာဇဝင်ရှိနေတယ်ဆိုတာကို
လေ''

''ကျွတ်''

ဦးလူမှန်တွေးတောရင်း ရင်ထဲမကောင်းစွာ ရှုပ်ရှုပ်ထွေးထွေး
ဖြစ်လို့လာသည်။

နတ်မိမယ်နဲ့ ပြဿနာတက်ပြီးကတည်းက မောင်ရေစက် စိတ်
နှလုံးက မာကျစ်နေခဲ့တာ သူမလေးနဲ့ မတွေ့ခင်အချိန်ထိ။

မိန်းမအကြောင်းဆို လေသံတောင် ဟလို့မရတော့ပါ။

''မိန်းမတိုင်းမှာ မမြင်ရတဲ့မာယာ တစ်မျိုးစီ ရှိတတ်ကြတယ်
ဦးမှန်၊ အဲဒီမာယာကို ကျွန်တော် အရှုံးခံပဲ၊ မိန်းမထက် တိရစ္ဆာန်တွေက
ခင်တွယ်ဖို့ကောင်းတယ်၊ မိန်းမထက် အဆိပ်ရှိတဲ့မြွေကတောင် ပိုပြီး
ချစ်စရာကောင်းနေတယ်၊ မြွေကို အဆိပ်ထုတ်ပစ်လိုက်လို့ရတယ်၊ မိန်းမ
တွေရဲ့ မာယာကို ဆွဲထုတ်ပစ်လို့မရဘူး၊ အဲဒါအတွက် ကျွန်တော် ခံ
လိုက်ရတာ တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်မဟုတ်၊ တော်ပြီ၊ နောက်တစ်ခါ
မိန်းမအကြောင်း ဘယ်တော့မှ စမပြောနဲ့''

သူ့ကို ပိတ်ပင်ခဲ့တာ ဆယ်စုနှစ်တစ်စုကို တိုင်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ် အပျက်တွေ မေ့ပျောက်လုလုဖြစ်ခဲ့တာ သူ့အသိဆုံး။

သူမလေး ဘွားခနဲ ဇာတ်လမ်းစတာနဲ့ ကြုံလာတဲ့နောက်မှာ
ာကျစ်နေတဲ့နှလုံးသား ပြန်လည်ပျောင်းနွဲ့လာသည် မဟုတ်လား။

ချစ်သူဖြစ်ပြီးခါမှ အပျော်အပျက်ဆိုတာမျိုးတွေ သံသရာလည်
သာပြန်တော့ –

ဟူး။

ဦးလူမှန် ဆက်မတွေးသာတော့ပါ။

ချစ်သူတွေနဲ့ပတ်သက်ပြီး ခံလိုက်ရတိုင်း တုံ့ပြန်တတ်တဲ့ မိုးရေ
စက်စိတ်က ဒီအချိန်မှာ အပြင်းထန်ဆုံးဖြစ်ကာ။

"စစ် စစ် မောင့်ကို သစ်စိမ်းချိုး ချိုးလို့မရဘူးကွ"

အံကြိုးတင်းတင်းကြိတ်လျက် အသားတင်မက နှလုံးသားပါ
တဆတ်ဆတ် တုန်နေရှာတဲ့ မောင်ရေစက်အဖြစ်။

"တောက်"

အကြိမ်ကြိမ် တောက်ခတ်ရင်း သူမလေးဆီ ဒရောသောပါး
ဦးတည်သွားသည့် ခြေလှမ်းမှန်း ဦးလူမှန်ခန့်မှန်းမိလျှင် –

"မောင်ရေစက်"

ဟန့်တားသလို လှမ်းခေါ်လိုက်တာကြားပေမယ့် လှည့်မကြည့်။
ကားကို အရှိန်နဲ့မောင်းထွက်သွားတဲ့ မောင်ရေစက်။

ဦးလူမှန် ရင်တမမ နဲ့ စောင့်နေရတဲ့အဖြစ်။





နှလုံးသားမှာ ကျွန်းခံတာကမှ တော်ကာကျမည်။

ခုတော့ –

မာယာတွေခံနေတာက ပိုဆိုးစွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

“ဘာ၊ စစ်စစ် အိမ်ပြန်မရောက်သေးဘူး ဟုတ်လား မမ”

“ဟုတ်တယ် မောင်လေးရယ်၊ သွားရှာပါဦး၊ ဒယ်ဒီတို့ ပြန်ရောက်လို့ မေးရင် မမ ဖြေလို့မနိုင် ဖြစ်နေဦးမယ်”

မဟူရာ ပူပန်တာထက် သူရိယရင်မှာ မီးတောက်တို့ ရဲသွားသည်။

“စစ် ဘယ်သွားမယ် ပြောသွားလို့လဲ မမ”

“ကုန်စည်ပြပွဲလုပ်ဖို့ ဒယ်ဒီကိုယ်တိုင် နေရာသွားကြည့်နိုင်းလို့ ထွက်သွားတာ နေ့ခင်းကတည်းက၊ အခုပဲ ဘယ်နှနာရီထိုးနေပြီလဲ ကြည့်ဦး”





ညခြောက်နာရီကျော်နေပြီးဖြစ်ကြောင်း နာရီလက်တံက ပြလျက်ရှိသည်၊ သူရိယ ဘာမှ ထပ်မမေးတော့ပါ။ ချက်ချင်း ကားမောင်းထွက်သွားလေသည်။ မဟူရာ ပူပန်စိတ်က မငြိမ်စွာ၊ စစ်စစ်လက်ကိုင်ဖုန်းကို ဆက်ပြန်သည်။

ဆက်တိုင်းလည်း ဧရိယာပြင်ပ ရောက်နေတာချည်း။

ကျွတ်။

ဖုန်းဆက်လို့မရတော့ ဧည့်ခန်းထဲ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ခေါင်းမီးတောက်နေသည်။

“ကိုပိုင်ရေ၊ စစ်ကိုလိုက်ရှာပါဦး၊ စစ် အိမ်မရောက်ဘူး၊ ပန်းနုတို့အိမ်တွေ တစ်အိမ်ပြီးတစ်အိမ် လိုက်မေးပါဦး”

ခင်ပွန်းသည်ကိုပါ ဖုန်းဆက်ပြီး ညီမကိုရှာဖွေဖို့ အပူပေးသည်။ မဟူရာပူတာက တစ်မျိုး၊ အာကာပိုင်ပူတာက တစ်မျိုး။

စစ်စစ်နဲ့ မိုးရေစက် ဖြစ်နေမှန်းသိကတည်းက သူ့ရင်ထဲမှာ မီးလောင်နေတာ မဟုတ်လား။

သူ့ရင်ထဲက မီးငြိမ်းဖို့ မဟူ့ကိုတောင် ပြောဖြစ်သေးသည်။

“စစ်စစ်လေးနဲ့ သူရိယကို စီစဉ်မယ်ဆိုလည်း အမြန်စီစဉ်ကြလေ” ဟု အကြံပေးမိသည်။

အကြံပေးမိသည်က မိုးရေစက်နဲ့ ဘယ်တော့မှ ထိပ်တိုက်မတွေ့ဖြစ်အောင် ကာကွယ်ချင်လို့ပါ။

www.burmeseclassic.com



စံစံနဲ့ မိုးရေစက် ငြိနေရင် ရှေ့ဆက် မယားညီအစ်ကိုအဖြစ် ရင်ဆိုင်နေရမှာ သူ မျက်နှာပူလှသည်။ ဒါတင်မက သူ့ ဦးဦးဖျားဖျား ထိုးထားတဲ့အတွက် နောက်ကြောင်းမလုံ။

ပြီးတော့ မိုးရေစက် တန်ပြန်တုံ့ပြန်တတ်သည့်က မယ့်ကိစ္စမှာ လက်တွေ့။

ထိုကတည်းက နတ်မိမယ်ကို သူကြောက်လှစွာ အဆက်ဖြတ်ပြီး နိုင်ငံခြားရှောင်သွားပြီး ဟိုမှာပဲ အလုပ်လုပ်ရင်း ဘဝကို မြှုပ်နှံခဲ့ခြင်း။

အေးရာအေးကြောင်းနေတော့မယ်ဆိုတဲ့စိတ်နဲ့ မိဘစီစဉ်ပေးတဲ့ မိန်းမကို ယူပြီးခါမှ ခယ်မနဲ့နှယ်ပြီး မျက်နှာချင်းဆိုင်ရဖို့ ဖြစ်လာတာ ဘယ်နည်းနဲ့မှ ကံကောင်းခြင်း မဖြစ်နိုင်။

ဒါကြောင့် သူ့ရိယနဲ့အမြန်စီစဉ်ဖို့ မိန်းမကို အားပေးတိုက်တွန်းမိသည်အထိ။

"စီစဉ်ပါ့မယ်၊ လောလောဆယ် ညီမလေးစိတ် ဟိုဘက် ပိုယိုင်မသွားအောင် ချယ်ရီသွေးတို့ကို စည်းရုံးခိုင်းထားတယ်၊ နောက်ပြီး မာမီ့ကိုလည်း မဟူပြောထားတယ်၊ မောင်လေးနဲ့ကိစ္စ ညီမလေးကို ချော့ချော့မော့မော့ပြောဖို့နဲ့ ဒယ်ဒီ့ဆန္ဒကို မငြင်းဖို့ပေါ့၊ မာမီကလည်း ဒီရက်ပိုင်းမှာ စံစံကိုပြောမယ်တဲ့လေ၊ ကိုပိုင်လည်း စံစံလေးအတွက် မဟူနဲ့ရောပြီး ပူပန်နေပြီနော်"

"ဪ၊ ဒါ ဒါက မဟူ့ညီမကာ ကိုပိုင့်ညီမပဲ မဟုတ်လား"





သူ မလုံမလဲပြောခဲ့မိကာ။ မဟူက ဘာမှ မရိပ်မိလေ၊ သူ့တစ်ကိုယ်တည်း ကျိတ်ပူလေ။

အခုတော့ ဒီအပူက ပိုကြီးလာပြီ။

ခယ်မကလေး အိမ်အမြန်ပြန်ရောက်ပါစေလို့ ဆုတောင်းရတာ အခါခါ။

မိုးရေစက် –

မင်းပြောတဲ့အတိုင်း မဆုံကြေးကွာ။

မင်းနဲ့ကိုယ်ကြားက လက်သီးရာဇဝင်က တစ်ခန်းရပ်သွားတဲ့အတိုင်း တစ်သက်လုံးအတွက် ရပ်တံ့နေပါစေကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

''ဘာ''

ဦးသိမ်းထိုက် ထိုင်နေရာမှ ဝုန်းခနဲထလေသည်။ ဒေါ်ချို့မြမြလည်း ခင်ပွန်းသည်လို ထမိကာ ဘာဖြစ်လဲဆိုတာ နားစွင့်နေလိုက်၏။

နားနားကပ်ထားတဲ့ လက်ကိုင်ဖုန်းကို ဦးသိမ်းထိုက် တင်းနေအောင် ဆုပ်လျက် –

''ပြန် ပြန်ပြောစမ်း''

ဟု ဗလုံးဗထွေးမေး၏။ သူ့ရိယ ထိနိုက်သံလေးကို ထိန်းပြီး ခပ်တိုးတိုးဆိုသည်။

''စစ်စစ်က ချစ်သူနောက် ပါသွားပြီတဲ့''





''ဘာ ချစ်သူ''

သူ့ရိယအသံအဆုံးမှာ ဦးသိမ်းထိုက်၏အသံကြီး ပိုကျယ်သွား၏။ ဒေါ်ချို့မြမြ ကြားလိုက်ရရုံနဲ့ မျက်လုံးကြီးပြူးလျက် –

''ဟုတ် ဟုတ်ပါတယ် အန်ကယ်''

သူ့ရိယ ပြန်ပြောသံက ဆုံးရှုံးသွားပြီဆိုတဲ့အသိနဲ့ တုန်နေကာ။

''ချစ်သူ၊ ဘယ်ကချစ်သူလဲကွ''

''ကျွန်တော်လည်း မသိဘူး အန်ကယ်''

''တောက်၊ သမီးမိုက်၊ နေဦး၊ ဒင်းတို့ အခု ဘယ်မှာလဲ''

''တိတိကျကျ စုံစမ်းလို့မရသေးဘူး အန်ကယ်''

''တောက် သေချာစုံစမ်းကွ၊ သိတာနဲ့ ချက်ချင်း ဖုန်းပြန်ဆက်''

''ဟုတ်၊ ဟုတ်ကဲ့ အန်ကယ်''

''မြန်မြန်စုံစမ်းကွ၊ ဒါပဲ''

ဦးသိမ်းထိုက် ဒါပဲပြောပြီး ဖုန်းချ၏။ ဒေါ်ချို့မြမြ ခင်ပွန်းသည်အပါး တိုးကပ်ရင်း –

''ဘယ်လိုလုပ်ကြမလဲ ကိုကိုရယ်''

''ဘယ်လိုလုပ်ရမှာလဲ၊ မိဘစီစဉ်တာကို ခြေနဲ့တင်မကဘူး ဖနောင့်နဲ့ပါ ဖျက်ဖို့ ကြိုးစားတဲ့သမီး၊ ချစ်လွန်းလို့ အလိုလိုက်ထားအား ကို ကန်းတက်ချင်စိတ်နဲ့ ထင်ရာစိုင်းနေတာ၊ ကိုကို လက်ပိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



မလားကွ''

ခင်ပွန်းသည်စကားအဆုံးမှာ ဒေါ်ချိုမြမြ စိုးရိမ်သွေးတို့ တိုးလာသည်။

''သမီးကြီး''

ဦးသိမ်းထိုက်အသံမြင့်ခေါ်လျှင် မဟူရာ စာဖတ်ခန်းထဲ ငြိမ်သက်စွာနားထောင်နေရာမှ ကိုယ်လေး ဆတ်ခနဲ တုန်၏။

''ရှိ ရှိပါတယ် ဒယ်ဒီ''

အသံပေးရင်း စာဖတ်ခန်းထဲမှ တုံ့နှေးနှေးထွက်ခဲ့သည်။ သူလည်း ကိုပိုင် ဖုန်းဆက်ပြောလို့ ခုလေးတင် သိထားပြီမဟုတ်လား။

''သမီးကြီး၊ နည်းနည်းမှ မရိပ်မိဘူးလားကွာ''

အပြစ်တင်သလိုပြောတာ မဟုတ်ပေမယ့် ညီမချင်းရင်းနှီးနေလျက် ဒီလို မြန်မြန်ဆန်ဆန်ဖြစ်သွားတာကို လက်မခံချင်စွာပြောခြင်း။

မဟူရာ မလုံမလဲဖြစ်လျက်။

''သမီးလည်း ဖျောင်းဖျမလို့လုပ်တုန်း''

''ဘာရယ်''

''ဟို ဟိုလေ ဒယ်ဒီ၊ သမီးက ညီမလေးကို မောင်လေးနဲ့ကိစ္စ ဖွင့်ပြောရုံရှိသေးတယ်''

''တောက်''

ဦးသိမ်းထိုက် တောက်တခတ်ခတ်နဲ့ ခံပြင်းလို့မဆုံးဖြစ်ရလေ





သည်။ သမီးအငယ်ဆုံးလေးဆိုပြီး အလိုလိုက်မိခါမှ ရင်ဘတ်ကို ခြေစုံအကန်ခံရတဲ့အဖြစ်။

''ကိုကို''

''မြလည်း ဘာမှမပြောနဲ့၊ မအေလုပ်နေပြီးတော့ ဒီသမီးဘာတွေ ကျိတ်ကြံနေလဲဆိုတာ မရိပ်မိအောင် တုံးလွန်း၊အလွန်းတာ ကိုကို လက်မခံနိုင်ဆုံးပဲ၊ ဒီမှာ ဒီကိစ္စ ကိုကို့ဘာသာ ကိုင်တွယ်မယ်၊ သမီးကြီး''

''ပြော ပြောပါ ဒယ်ဒီ''

''သတင်းထူးတာနဲ့ ဒယ်ဒီ့ပြော''

''ဟုတ်ကဲ့''

''ကဲ မြ၊ သမီးကိုရှာဖို့ ကိုကို အပြင်သွားဦးမယ်၊ မြ တုံးတုံးအအလို လုပ်မနေနဲ့''

''ဟုတ် ဟုတ်ကဲ့ပါ ကိုကိုရယ်''

ဒေါ်ချိုမြမြ စိတ်လှုပ်ရှားစွာ ဟုတ်ကဲ့လိုက်ရသည်။ ဟုတ်ကဲ့ပြောလို့ မဖြစ်ပါ။ ခင်ပွန်းသည်စိတ်ကို သူမ အသိဆုံး။

တစ်ခုခုဖြစ်တိုင်း စိတ်နောက်မာန်ပါကာ တစ်ရှူးထိုး ပြုတတ်သည် မဟုတ်ပါလား။ ခင်ပွန်းသည်ထွက်သွားရာကို ငေးကြည့်ကာ ကျန်ရစ်ခဲ့သည့်အဖြစ်။

သမီးငယ်က ဖအေလိုစိတ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှူးထိုးဆန်ဆန် ပြုသွားတာ မိဘရင်မှာ ဘာဖြစ်ကျန်ခဲ့မယ်ဆိုတာ မစဉ်းစားဘူး။

ခုတော့ ကောင်းကြသေးရဲ့လား။

သမီးကြီးက ယူကျုံးမရစိတ်နဲ့ ငိုချသည်။

သမီးငယ်ကြောင့် သမီးကြီးလည်း ထိခိုက်ကြေကွဲနေတာ မြင်တော့ ဒေါ်ချိုမြမြ နှလုံးသားလေးလည်း မခိုင်ရှာ။

ပြီးတော့ –

သူရိယလေးရယ်။

သားရင်းလေးလို ကောင်းရှာတဲ့ ကလေး။ ကိုယ်ယုံကြည်စိတ်ချရတဲ့ သူငယ်လေးကိုမှ သမီးက မလိုချင်ဖြစ်ရတယ်လို့။

သမီးငယ်ရယ် မာမိလည်း သမီးဒယ်ဒီလိုပဲ လုံးဝလက်မခံနိုင်ဘူးကွယ်။ လက်မခံနိုင်ပါဘူး။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



## အခန်း (၂၆)

"မောင်"

ကြေကွဲစွာ ငိုချရင်း ခေါ်လိုက်တဲ့အသံက သူ့မာနနဲ့ခံပြင်းမှုတွေကို လွှမ်းမိုးသွားနိုင်စွမ်း မရှိပါ။ ခတ်လက်စသော့ကို အပြီးသတ်ခတ်ပစ်ကာ။

"မင်း မောင့်ကို အရုပ်ကလေးတစ်ရုပ်လို ဆော့ကစားသွားဖို့ ဘယ်တော့မှစိတ်မကူးနဲ့ ပုလဲစင်၊ မိုးရေစက်တဲ့ကွ၊ ဘယ်တော့မှ သစ်စိမ်းချိုး အချိုးမခံဘူး၊ မင်းနဲ့ထိုက်တန်တာ အဲဒီနေရာပဲ"

နာနာကျင်ကျင်ပြောကာ ကျောခိုင်းသွားတဲ့ မိုးရေစက်။

စစ်စစ်ဟာ တိရစ္ဆာန်တစ်ကောင်လို အခန်းကျယ်တစ်ခုထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

အလျောင်ခံလိုက်ရတဲ့ အဖြစ်။

''ဟင့် ဟင့် ဟင့်၊ မောင်''

သံတိုင်တွေကာထားတဲ့ အခန်းတံခါးကိုထုရင်း စစ်စစ် ငိုချင်း အသနားခံစွာ အော်ဟစ်ခေါ်နေပေမယ့် မောင် လှည့်မကြည့်ပါ။

ကျောခိုင်းသွားခဲ့သည်က တိုက်ပုလေးထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ။

''ဟင့် ဟင့် ဟင့်''

စစ်စစ် ရင်ကွဲမတတ် ငိုတာတွေရဲ့နောက်မှာ ကိုယ်လုံးလေး ပျော့ခွေကာ ကြွေပြားခင်းထားတဲ့ အခန်းကြမ်းပြင်မှာ ပုံလျက်ကျလေသည်။

''မောင်ရယ်၊ စစ်ကိုချစ်တယ်ဆို။ ပြောစမ်းပါ၊ စစ်ကိုချစ်တာ ဘယ်လိုပုံစံနဲ့လဲဟင်''

စစ်ရင်ထဲမှာ မေးခွန်းပေါင်းများစွာ ပလူပျံသွားလေပြီ။

အစကတည်းက ဒီလို လျောင်ပိတ်ခံရမယ်လို့ ရိပ်စားမိရင် စစ်စစ် မောင့်နောက်လိုက်ခဲ့မှာ မဟုတ်ဘူးကွယ်။

လိုက်ခဲ့တာက မောင်နဲ့ယှဉ်ဖို့ ပေါင်းဖို့ဆိုတာထက် မောင် အတင်းဆွဲခေါ်ရာနောက် ဘုမသိ ဘမသိပါလာခြင်း။

ဒယ်ဒီနိုင်းတဲ့အတိုင်း ဆိုင်ခန်းနေရာ ကြည့်နေတုန်း စစ်လက်ကို အတင်းဖမ်းဆွဲကာ -





''လာဦး''

ဟု တင်းတင်းမာမာပြောပြီး လူကြားသူကြားထဲက ဆွဲထုတ်ခဲ့တာလေ။

''ဘာလဲမောင်ရဲ့၊ ဒီမှာ ဆိုင်ခန်းကိစ္စ မပြီးသေးဘူး''

''ပြီးပြီး မပြီးပြီး၊ သောက်ဂရုမစိုက်ဘူး''

ပြောတဲ့နောက် စစ်စစ်လက်ကို မလွှတ်တမ်းဆွဲထုတ်ခဲ့တာ စစ်စစ်လုပ်ရမယ့်အလုပ်ကိစ္စတွေနဲ့ ဝေးရာဆီ။

''မောင်''

''မင်းက ယယ်ယယ်လေးနဲ့ အဆိပ်ပြင်းနေတာလား၊ စစ်စစ်''

''မောင် ဘာတွေမေးနေတာလဲ''

''မသိချင်ဟန်မဆောင်နဲ့ကွ''

''ဟင်''

နေရင်းထိုင်ရင်း ဖိန့်ပ်ဟောက်ပြနေတာက အပြစ်ကျူးလွန်သူလို။ မောင်ပဲဆွဲခေါ်လာသေး၊ မောင့်စိတ်နဲ့မောင် ဆွဲခေါ်လာပြီးတော့ ကားလည်း ကောင်းကောင်းမပြောဘူး။

စစ် ဘယ်လိုနားလည်ရမှာလဲ၊ သိချင်စိတ်နဲ့ မောင့်မျက်နှာလေးကို စူးစူးစိုက်စိုက် မော့ကြည့်လျှင် -

''မင်း မောင့်နှလုံးသားကို ဆွဲထုတ်လို့မရဘူးကွ''

''ဘာ ဘာရယ်၊ မောင် ဘာတွေပြောနေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''စစ်၊ မောင့်နှလုံးသားကို ဆော့ကစားလို့မရဘူးကွ၊ မင်း ဆော့ကစားချင်တိုင်း ခံနေမယ့်ကောင် မဟုတ်ဘူး၊ နားလည်လား။ မင်း အသွေးအသားထဲရှိနေတဲ့ မာယာတွေကို မြွေဆိပ်ထုတ်သလို ထုတ် ပစ်လိုက်မယ်ကွ''

''ဟင်''

အငြိုးတစ်ခုလို အပြင်းအထန်ရှုပ်ထွေးနေတဲ့ မောင့်စကားလုံးတွေ က ချစ်သူဆိုတဲ့ ခံစားချက်တွေနဲ့ ဆန့်ကျင်စွာ။

''မင်း မောင့်အသည်းခွဲပြီး ယူချင်တဲ့ကောင်နဲ့ယူလို့ မရဘူးကွ''

''ဘုရားရေ၊ စစ် စစ်က ဘယ်သူ့ကို ယူမယ်ပြောလို့လဲ''

''သူရိယ''

''ဟာ၊ မ မဟုတ်တာ''

စစ် လက်ကလေးတခါခါနဲ့ ငြင်းလျှင် မောင်က မဲ့မဲ့ပြုံ ရယ်မောပစ်ပြီး –

''ဒီမှာစစ်၊ မောင့်ဘဝဟာ မိန်းမတွေနဲ့ပတ်သက်လာရင် ဘယ် တုန်းကမှ ကံမကောင်းခဲ့ဘူး၊ ဒါပေမဲ့ စစ်ကိုချစ်မိကတည်းက စစ်ကို ပိုင်ခွင့်ရဖို့ပဲ မောင်တောင့်တတယ်၊ ဒါကြောင့် ပုန်းလျှိုးကွယ်လျှိုး ချစ်သူဘဝကို မဖြတ်သန်းချင်လို့ စစ်မိသားစုနဲ့ မိတ်ဆက်ပေးဖို့ တောင် ဆိုတာ၊ စစ်က အကြောင်းပြပြီးငြင်းတယ်၊ ငြင်းတာက စစ်ဘေးနား သူရိယရှိနေတာကိုး၊ ဟား ဟား ဟား၊ ပြောတုန်းကတော့ မောင့်ဘဝ





က ရပ်တည်မယ်တဲ့၊ ကြံစည်နေတာက မောင့်နှလုံးကို ဆွဲထုတ်ရုံမက မောင့်အချစ်ကို နင်းခြေပြီး ဟိုကောင့်ရင်ခွင်ထဲ တန်းဝင်ဖို့တဲ့၊ ဟင့် ဟင့် ဟင့်၊ စစ်မှာ အဲလောက်လှပသေသပ်တဲ့ မာယာတွေ ရှိနေလိမ့်မယ် လို့ မောင်မထင်ဘူး၊ မောင်မထင်တာတွေကို စစ်ပြုတဲ့အတွက် စစ် တန်ပြန်ခံစားစေရမယ်၊ တောက်''

ပြောပြီးသည်နှင့် စစ်ကို တံရွှာန်တွေလှောင်ထားတဲ့ အဆောက် အအုံထဲက အခန်းတစ်ခုထဲ သွင်း၏။

''မောင်''

''မခေါ်နဲ့ကွ''

''စစ် ပြောပါရစေ မောင်ရဲ့''

''မပြောနဲ့၊ ဘာတစ်ခွန်းမှ မပြောနဲ့ကွ၊ မကြားချင်ဘူး''

ပြတ်ပြတ်တောင်းတောင်းပြောကာ အခန်းတံခါးပိတ်ပြီး သော့ ခတ်လိုက်တဲ့အထိ မောင်ဟာ စစ်စစ်အပေါ် နိုင်ထက်စီးနင်းဆန်စွာ ပြုမူလျက်။

ဒီနေရာက စစ်နဲ့ ထိုက်တန်တဲ့နေရာတဲ့လား။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဘာ"

မဟူရာ့အသားစိုင်လေးများ တုန်သွားမတတ် အံ့ဩလိုက်ခါ သွားသည်။

ချယ်ရီသွေးတို့ ကိုယ်ရှိန်လေးများသတ်ကာ ခြေလှမ်းလေးတွေ နောက်ဆုတ်မတတ် ဖြစ်လေသည်။

"ပြန် ပြန်ပြောစမ်း ချယ်ရီ၊ ကိုပိုင်နဲ့မိုးရေစက်က ဘာ ဘာ ရာဇဝင်"

မဟူရာ မယုံနိုင်စွာ ပြန်မေး၏။

ထင်တာထက် ပိုပြီး မမ,မဟူရာ သွေးဆူနေတာမို့ ချယ်ရီသွေးတို့





တစ်ဖွဲ့လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရှေ့ဆက်ပြောဖို့ကို နှုတ်တွန့်ကုန်သည်။

"ပြောလေ၊ ပြောစမ်းပါ၊ ပန်းနုတို့ ဘာမှ ဖုံးမထားနဲ့၊ သိတဲ့အတိုင်း ပြောလေ၊ ဒါမှ မမ ဘာမဆို ရင်ဆိုင်လို့ရမယ်လေ၊ ပြောကြလေ၊ အမိက ပြော၊ နင်တို့ နှုတ်ပိတ်မနေကြနဲ့၊ ပြောစမ်း"

ပန်းနုနုတို့အားလုံး မမဆွဲလွှဲသလို ပခုံးတွေကို ပုတ်ခါပြီး အတင်းအကျပ် မေးလေသည်။

အားလုံး ပြောမရဲသလိုနေသော်လည်း မမ,မဟူရာ အတင်းအကျပ်မေးလာတော့လည်း ထိမ်ချန်ထားဖို့ စိတ်မပါနိုင်တော့ပါ။

အဲဒီကိစ္စက စစ်စစ်ကို လွှမ်းမိုးချုပ်ကိုင်ထားမယ့် ပါဝါတစ်မျိုး ဖြစ်နေတယ် မဟုတ်လား။ ဒါကြောင့် သတ္တုပဲ မပွင့်တပွင့်နဲ့ ဦးစွာ ထုတ်ပြောလေသည်။

"ဒီလို မမ,မဟူရယ်၊ နတ်မိမယ်နဲ့ပတ်သက်ပြီး ကိုမိုးရေစက်နဲ့ ကိုပိုင်တို့မှာ မကျေအေးနိုင်တဲ့ လက်သီးထိုးပွဲဇာတ်လမ်း ရှိနေခဲ့တယ်၊ အဲဒီအတွက် ကိုမိုးရေစက်က ကိုပိုင့်အပေါ် တစ်ချိန်ချိန်မှာ တုံ့ပြန်ဖို့ တေးထားခဲ့တာ၊ စစ်စစ်နဲ့ပတ်သက်ပြီး အဲဒီကိစ္စက အခုချိန်မှာ ပိုပြီး ပြင်းထန်နေတယ်လို့ ကျွန်တော်တို့ထင်တယ်"

"ဘုရားရေ"

မဟူရာ လန့်ဖျပ်သွားလေသည်။

www.burmeseclassic.com



"သူတို့ချင်း ဇာတ်လမ်းတွေရှိခဲ့တယ်၊ အဲဒီဇာတ်လမ်းတွေနောက်မှာ ညီမလေးက ဓားစာခံဖြစ်နေတာလား"

"အဲဒါတော့ ကျွန်တော်တို့လည်း မသိဘူး"

အဓိက ခန့်မှန်းလို့မရတဲ့အတိုင်း ပြောဏ်။

"ချယ်ရီတို့တော့ တွေးရခက်တာပဲ မမရယ်၊ ကိုမိုးရေစက်ခြံကို ချယ်ရီတို့လိုက်သွားသေးတယ်၊ ဒါပေမဲ့ စစ်စစ်ကို မတွေ့ရဘူး မတွေ့ဆို ဘယ်သူ့ကိုမှ မတွေ့ရဘူး။ ခြံထဲမှာလည်း လူနေတဲ့ပုံ မပေါ်ဘူး"

"တောက်"

မဟူရာ့ဒေါသက ချိန်ကိုက်ဗုံးလို ပေါက်ကွဲသွားသည်။

"တွေ့ကြသေးတာပေါ့"

မမ မဟူရာ ဘယ်သူ့ကိုကြိမ်းလို့ ကြိမ်းနေမှန်း ပန်းနုနုတို့ ခွဲခြားမသိတော့ပါ။ ဒီကိစ္စက အပျော်သဘောကနေ အတွင်းလိုက်စားနေတဲ့ ပြည်တည်နာလို၊ ဘယ်အတိုင်းအတာအထိ ကျယ်ပြောနေမလဲဆိုတာ ခန့်မှန်းလို့ မနိုင်တော့ပါ။

မမ.မဟူရာ ထွက်သွားတဲ့နောက် ကြည့်ရင်း ချယ်ရီသွေး သက်မချလေသည်။

စစ်စစ်ရယ် –

အစကတည်းက တိုင်ပင်ခဲ့ရင် အကောင်းသား။





ခုတော့ –

မိုးရေစက်အတွက်နဲ့ လှောင်ပိတ်သမျှ ခံရတဲ့ တိရစ္ဆာန်တစ်ကောင်နဲ့ မခြားတော့ပါလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"အဟင့်"

စစ်စစ်နှလုံးသားလေး ကျောက်ခဲတမျှ မာကျစ်လျက်။

ပိတ်လှောင်ခံထားရတဲ့အခန်းလေးကို နာကျင်စွာ ငေးကြည့်သည်။ ကြည့်စမ်းပါဦးကွယ်။

ဟောင်းနွမ်းနေတဲ့ ခုတင်တစ်ခု၊ စားပွဲငယ်လေး တစ်လုံး။ ထိုစားပွဲပေါ်မှာ စားသောက်စရာတချို့နဲ့ ရေဘူးတစ်ဘူး။

အဲဒါ စစ်စစ်အတွက်တဲ့။

စစ်စစ်ကို တိရစ္ဆာန်တစ်ကောင်လို ဆက်ဆံနေတာ စစ်စစ် ရင်မှာလာတယ်မောင်။





ဒါတင်မကက ဖြေရှင်းခွင့်မပေးဘဲ ရက်စက်ပြနေတဲ့ မောင့်အမူအရာတွေက စစ်စစ်နှလုံးသားကို ခါးသက်စေသည်။

အဖျားမှာ ကိုးဆယ်ဒီဂရီပုံစံ ချိုးထားတဲ့ သံချောင်းတစ် တုတ်နဲ့ မြွေလှောင်တွင်းထဲရှိ မြွေဟောက်တစ်ကောင်ကို စစ်ရှေ့ယူလာကာ။

စစ်ကို လှောင်ပိတ်ထားတဲ့ အခန်းရှေ့ကြမ်းပြင်ပေါ် ချ၏။ စစ်မှာ ကြည့်နေရင်း အသည်းတွေ အူတွေ တုန်လျက်။

"မောင်"

စစ် ကြောက်လန့်ခြင်းကြီးစွာ အားကိုးတကြီးခေါ်မိသည်။ မောင်က အရေးပင်မစိုက်။ ထိုမြွေကို ဇက်ပိုးနေရာကနေ တုတ်နဲ့ဖိ၏။ ပြီးတော့ အမြီးကကိုင်ကာ ဖမ်းချုပ်၏။

ဒါတင်မက မြွေဇက်ပိုးကို မောင် လက်နဲ့ဖျစ်ညှစ်လျှင် မြွေပါးစပ် ဟသွား၏။ ဝါဖျော့ဖျော့အရောင်ရှိတဲ့ မြွေဆိပ်တွေက မောင့်ရဲ့ ကျွမ်းကျင်တဲ့လက် လှုပ်ရှားမှုအောက်မှာ အစွယ်တွေထဲက စီးကျလာလေသည်။

"စစ် စစ်ရဲ့မာယာတွေက မောင့်အတွက် ဟောဒီမြွေလို အဆိပ်တွေ စုထားတယ်ဆိုရင် မောင်ဖောက်ထုတ်လိုက်ဖို့ ဝန်မလေးဘူးကွ"

"တောက်၊ မောင် အရှူး"

စစ် မျက်လုံးစုံမှိတ်ပြီး ချောက်ချားစွာ အော်ဟစ်ပစ်လိုက်သည်။

"ဟုတ်တယ်၊ မောင်ရူးနေတယ်၊ မောင့်အချစ်ကို သောက္ခအား



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်ဆိုတာ သိကတည်းက မောင်ရှူးနေတယ်ကွ၊ အဲဒီရှူးသွပ်မှုက စစ်ဘဝထဲက မာယာတွေကို အဆိပ်လို ဖောက်ထုတ်ပစ်ဖို့အထိ မောင် စီစဉ်ထားတယ်၊ စိတ်ချ၊ မောင့်ဘဝထဲက စစ် ထွက်ပြေးလို့မရဘူး၊ တခြားတစ်ယောက်ကို ယူခွင့်လည်း မပေးဘူး၊ တစ်သက်လုံး မောင့်နှလုံး သားလှောင်အိမ်ထဲမှာ သော့ခတ်ပိတ်လှောင်ထားဖို့ မောင်ဆုံးဖြတ်ပြီး သား၊ မောင်ရှူးသမျှက စစ်ကိုချစ်လို့ပဲ၊ တစ်သက်လုံး မောင့်အချစ် လှောင်အိမ်ထဲမှာ နေဖို့စိတ်ကူးလိုက်တော့ စစ်၊ စစ်ကို မောင် လွတ် မြောက်ခွင့် လုံးဝမပေးဘူးကွ''

''ဟင့် ဟင့် ဟင့်၊ မောင်ရှူးနေပြီ၊ ဦးမှန်၊ စစ်ကို ကယ်ပါဦး၊ စစ် ကြောက်တယ်၊ ကြောက်တယ်၊ ဦးမှန်၊ ဟင့် ဟင့် ဟင့်''

ကြောက်လန့်စိတ်ကို မထိန်းနိုင်ဘဲ ငယ်သံပါအောင် အော်ဟစ် ငိုယိုနေတဲ့ သူမလေးအသံက ဦးလူမှန်ရင်ဘတ်ကို လာရိုက်ခတ်၏။

သူမလေးငိုသံကြားလေ ဦးလူမှန် မနေနိုင်လေ။

သော့က မောင်ရေစက် လက်ထဲမှာ၊ ပေါက်ကွဲစိတ်နဲ့ လုပ်ချင်ရာ လုပ်ပြုပြီး ခြိမ်းခြောက်နေတဲ့ မောင်ရေစက်ကိုလည်း အပြစ်မတင်ရက်။

ခမျာ ခံရပေါင်းများလှပြီ။

ဒီတစ်ခါ အပြင်းရှဆုံး မဟုတ်လား။

''ဦးမှန်၊ စစ်ကို တံခါးဖွင့်ပေးပါနော်၊ စစ်တောင်းပန်တယ်၊ စစ်ကြောက်တယ်၊ ကြောက်တယ်၊ ဟင့် ဟင့် ဟင့်''





ဦးလူမှန် နားနှစ်ဖက်ဖိပိတ်ကာ ခေါင်းတွင်တွင်ယမ်းရင်း အသံ တွေကို မောင်းထုတ်နေမိတာ အကြိမ်ကြိမ်။

သူမလေးအသံက ပျောက်ကွယ်သွားတယ်လို့ မရှိ၊ အသက်ရှူ သံနဲ့အမျှ အော်ဟစ်ကာ တိမ်ဝင်ဖျော့တော့လျက် ရှိလေသည်။

ကြာလာတော့ ဦးလူမှန် လျှစ်လျူရှုမနေသာ။

မောင်ရေစက်အခန်းဘက်သွားကာ မောင်ရေစက်ကို သွား ချောင်းမိသည်။ မောင်ရေစက်လည်း သူမလေးလှောင်ထားတဲ့အခန်းဘက် ချောင်းလိုက်၊ ဂနာမငြိမ်ဖြစ်နေတဲ့စိတ်နဲ့ ခြေလှမ်းတွေ အခန်းထဲမှာ ပတ်လျှောက်လိုက်နဲ့။

ခမျာလည်း ခံစားနေရရှာသည် မဟုတ်လား။ သူမလေးကို ဘယ်လောက်ချစ်လဲဆိုတာ သူအသိ။

''အတော်စိတ်ကူးယဉ်ဆန်တဲ့ ကောင်မလေးပဲ ဦးလူရ၊ ကြံကြံ ဖန်ဖန် သရဲရုပ်တွေနဲ့ လာခြောက်ရတယ်လို့ ကြည့်စမ်းပါဦး၊ သရဲရုပ်တွေ လေ၊ ကျွန်တော့်ရင်ထဲမှာ ချစ်သွားတာ အဲဒီက စတာပဲ''

ထိုစဉ်က ရင်ခုန်လှုပ်ရှားစွာပြောရင်း ကြည့်နူးချမ်းမြေ့နေတဲ့ မောင်ရေစက် နှလုံးသား။ ဘယ်အတိုင်းအတာအထိ နက်ရှိုင်းနေသလဲ ဆိုတာ သူအသိဆုံး။ ခုလည်း သူမလေးအသံတွေက နှလုံးသားနဲ့ မခံ စားနိုင်မှန်း သိနေသည်။

''ကြောက်တယ် ဦးမှန်၊ ဟီး၊ စစ်ကို တံခါးဖွင့်ပေးပါနော်၊



www.burmeseclassic.com

www.burmeseclassic.com



စစ် ကြောက် ကြောက်လွန်းလို့၊ ဟီး ဟီး''

ဦးလူမှန် တင်းမခံနိုင်တော့ပါ။ ဒါကြောင့် အခန်းထဲ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဆူပွက်နေတဲ့ မောင်ရေစက်ရှေ့ ခပ်ကုပ်ကုပ်လေး သွားရပ်ကာ –

''မောင်ရေစက် လူလေး''

ဦးလူမှန် ချော့ချော့မော့မော့လေး ခေါ်လေသည်။ ခေါ်သံပင် မဆုံးလိုက်။

''ဦးလူ၊ ဘာမှ လာမပြောနဲ့ဗျာ၊ နေပါစေ၊ ဒင်းလေးက ကျွန်တော့်အချစ်ကို တန်ဖိုးမထားတဲ့ ဟာကလေးဗျ။ ကျွန်တော့်အချစ်ကို ဆော့ကစားဖို့ စိတ်ကူးနေတဲ့ မိန်းကလေး၊ သေလောက်အောင် ကြောက်ပါစေ''

''မောင်ရေစက်ရယ်၊ သူမလေး အကြောက်လွန်ပြီး တစ်ခုခု ဖြစ်သွားရင် ကိုယ်ကျိုးနည်းကုန်မှာပေါ့ကွ''

''မပြောနဲ့''

ပိတ်ပင်တားမြစ်တဲ့အသံတွေနောက်မှာ ဆွဲလွဲပစ်ခွဲသံတွေ ညံစီသွားလေသည်။ ထိုအခါ ဦးလူမှန် ဘာမှ မပြောသာတော့ပါ။

သူမလေး ကြောက်စိတ်ပြေအောင် သူ ဘာလုပ်ပေးနိုင်မလဲ။ အဲဒါကိုပဲ အလေးအနက် စဉ်းစားရကာ။

✿ ✿ ✿



## အခန်း (၂၉)

ညမှာသာတဲ့ လမင်းကြီးက အလင်းရောင်ရှိပေမယ့် အထီးကျန်ဆန်တဲ့ သင်္ကေတနယ်။

ဟုတ်တယ်လေ။

ကြယ်စင်တွေမှာ အဖော်တွေ၊ အပေါင်းအသင်းတွေ အများကြီးရှိတယ်မဟုတ်လား။ လမင်းကြီးကတော့ မိမိနဲ့ ဖက်ပြိုင်ပေါင်းသင်းမယ့် အဖော်အလျော်မရှိသည့်ကို တကယ်ကို အထီးကျန်ဆန်တဲ့ သင်္ကေတ။

သူ့ရှိယရင်ထဲမှာ ပူလောင်စွာ။ ထိုသို့ခံစားနေမိသည်က အကြောင်းမဲ့ ဟုတ်ရိုးလား။ သူ့ဘဝမှာ အားကိုးရာက စစ်စစ်လေးရဲ့ သားစုသာ။ အန်ကယ်နဲ့အန်တီက သူ့မိဘနယ်။



www.burmeseclassic.com

www.burmeseclassic.com



မမ မဟူရာက သူ့အစ်မကြီးနှယ်။

သူ့နှလုံးသားသခင်မလေး စစ်စစ်က သူ့အတွက် ထာဝ

အဖော်လို့ ဘဝနဲ့ရင်းပြီး သူမှတ်ယူထားခဲ့တာ။

ခုတော့ သူတစ်ပါးပိုင်ဆိုင်သွားတဲ့အဖြစ်။

အသည်းကွဲခြင်း၊ ရင်နာခြင်းထက် လက်လွှတ်ဆုံးရှုံးသွားပြ

ဆိုတဲ့အသိက ယူကျုံးမရ ဖြစ်စွာ။

''လူလေးရယ်၊ အစကတည်းက ဦးဦး သတိပေးသားပဲ၊ ဒ

လေးကို အပြည့်အဝ မမျှော်လင့်ပါနဲ့လို့''

ဦးအောင်မင်း စာစာနာနာ ဝင်ပြောသည်က သူရိယ ခံစား

သက်သာစေဖို့ပါ။ ဦးအောင်မင်းသဘောကို သူရိယ နားလည်ပါတယ်

သို့သော်လည်း လက်မခံလိုပါ။

''ဦးဦးရယ်၊ ချစ်တယ်ဆိုတာက လျှော့ပြီးပေါ့ပြီး ချစ်လို့ရတာ

မှမဟုတ်တာ၊ နှလုံးသားတစ်ခုလုံး ရင်းပြီးမှ ချစ်လို့ရတာမျိုးဗျ''

''ဒါလည်း ဟုတ်ပါတယ် လူလေးရယ်၊ နှလုံးသားတစ်ခုလုံး

ရင်းပြီးမှ ချစ်လို့ရတယ်ဆိုတာ၊ ဒါပေမဲ့ ဦးဦးပြောတာက''

''ကျွန်တော် နားလည်ပါတယ် ဦးဦးရယ်၊ နားလည်ပါတယ်

အစကတည်းက လက်လွှတ်ဆုံးရှုံးရမယ်ဆိုတာ ကြိုသိနေပေမယ့် ချစ်

စိတ်က ဒီရေကျသလို ထိုးကျမသွားဘူး ဦးဦးရယ်၊ ချစ်မြဲတိုင်း ချစ်

တယ်၊ အမျှော်လင့်ကြီး မျှော်လင့်နေတယ်၊ အဲဒါ ဘာကြောင့်လဲ





ကျွန်တော် အဖြေမထုတ်တတ်ဘူး၊ အခုချိန်ထိလည်း ချစ်နေတယ်၊ လိုချင်စိတ် ရှိနေသေးတယ်၊ ကျွန်တော့်ချစ်စိတ်နဲ့ လိုချင်စိတ်က ဘာကြောင့်မှ ပြောင်းလဲသွားမှာမဟုတ်ဘူး''

''ပြောင်းလဲမသွားတာကို ဦးဦး အပြစ်ဆိုချင်တာမဟုတ်ဘူး၊ ဒီမိန်းကလေး စိတ်ထင်တိုင်း စွတ်ရွတ်လုပ်တတ်တာတွေက လူလေးခံရဖို့ ကြိုမြင်လို့ လူလေးဆင်ခြင်နိုင်အောင် ဦးဦး သတိပေးတာပါကွ''

''ကျေးဇူးတင်ပါတယ် ဦးဦး၊ ကျွန်တော့်အတွက် ဘာကမှ အရေးမကြီးပါဘူး၊ ခံစားရတာ ချစ်လို့၊ ဝေဒနာဆိုတာကလည်း ချစ်လို့ရတာပဲ မဟုတ်လား''

ဦးအောင်မင်း ဖျောင်းဖျဖို့ အားလျော့သလိုဖြစ်ကာ သက်မလေးချလေသည်။ ယော်ရွယ်သူတို့ရဲ့ နှလုံးသားဟာ ချွန်းနဲ့လည်း အုပ်လို့မရ ဘာနဲ့မှ တားလို့ဆီးလို့ ရမှာမဟုတ်မှန်း ဦးအောင်မင်း သဘောပေါက်ကာ ဘာမှ ဆက်မပြောမိတော့ပါ။

အဝေးကပဲ ငေးရှုံကြည့်ရှုံသာ။

ဟုတ်တယ်လေ။ ဖျောင်းဖျလို့မှ မရတာ။ လမင်းကြီးထိန်ထိန်သာနေတာတောင် လွမ်းအားကောင်းနေတာ မဟုတ်လား။

တစ်ပါးသူရင်ခွင်ထဲ ရောက်နေတာ သိလျက် မျှော်လင့်နေတာက မှန်သလား၊ မှားသလား။ ဘယ်သူမှ ဝင်ရောက်ဆုံးဖြတ်ပေးလို့ မရပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မင်း ထိုသို့ သဘောပေါက်သွားလေသည်။

ထိုစဉ် စက်ရုံဝမှာ တက္ကစီကားတစ်စီး ထိုးဆိုက်လာကာ။

"သူရိယ" လို့ အားကိုးတကြီး အော်ခေါ်ရင်း ထိုကားပေါ်က ပြေးဆင်းလာတဲ့ မိန်းကလေး။ ဦးအောင်မင်းအသံတွေ တုန်မတတ် ရေရွတ်မိလေသည်က ပုလဲစစ်။

"စစ် စစ်"

သူရိယ အံ့ဩဝမ်းသာကာ လူဝင်ပေါက်တံခါးမှာ ချိတ်ထားတဲ့ သံကာလန့်ကို ဖြုတ်ပြီး ပြေးထွက်သွား၏။ နှစ်ယောက်သား ဆုံအတွေ့မှာ ဖက်ထွေးထားသည်က လွတ်ထွက်သွားမှာ စိုးကာ။

ဦးအောင်မင်း ဘာမှမပြောသာတော့ပါ။ တက္ကစီကားသမားကို ကိုယ်တိုင်ပဲ ကားခသွားပေးရင်း သူရိယက သူမလေးကို သူ့အခန်းရှိရာ ခေါ်သွားလျှင် ဦးအောင်မင်း စက်ရုံဝင်းတံခါးတွေ ဆွဲပိတ်ကာ။

ဒီအနေအခြေကို သူ ဘယ်လိုလုပ်ရမှာလဲ။ လူကြီးပေမယ့် ဦးအောင်မင်း ဘာမှ ဆန်းစစ်မနေတော့ပါ။

ငိုယိုနေတဲ့ ပုလဲစစ်ကို ထွေးဖက်ကာ ချော့မော့နေတဲ့ သူရိယကိုပဲ အငေးသားကြည့်နေရတဲ့ အဖြစ်။

ဘာတွေဆက်ဖြစ်လာမလဲ။ ရင်မောစွာ သိလိုလျက်။

✿ ✿ ✿



## အခန်း (၃၀)

"ကိုပိုင်"

မဟူခေါ်လိုက်တဲ့အသံက ချစ်စိတ်ကြောင့် တွယ်မက်တာမျိုးနဲ့ ဆန့်ကျင့်စွာ။ အာကာပိုင် မလုံတဲ့စိတ်နဲ့ ဇနီးသည်ကို လှမ်းကြည့်၏။

"ပြောလေ မဟူ"

အာကာပိုင် လေသံလေးဖျော့ပြီဆိုလျှင် မဟူရာ မနှစ်မြို့သော အမူအရာလေးနဲ့ ရှေ့တိုးလာသည်။

"ကိုပိုင်ပြောတော့ ကိုပိုင့်ဘဝမှာ မဟူကလွဲပြီး ဘယ်မိန်းမကိုမှ မချစ်ဖူးပါဘူးဆို"

မဟူ့စကားနောက်မှာ အာကာပိုင်မျက်နှာကြီး မှောင်ကျသွား၏



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ တစ်ချိန်ချိန်မှာ သူ့အိမ်ထောင်ရေးကို ထိခိုက်လာမယ်လို့ လုံး၀ ထင်မှတ်မထားပါ။

ခုတော့ ချစ်ဇနီးက မကျေနပ်နိုင်စွာ တည့်တည့်မေးချလာတော့ ဖြေရကျပ်စွာ။

''ပြောလေ ကိုပိုင်၊ နတ်မိမယ်က ဘာလဲ''

''ဟို ဟို ကျွတ်''

သူ ဘယ်လိုရှင်းပြလို့ရှင်းပြရကောင်းမှန်း မသိတော့ပါ။ ရင်ထဲမှာတော့ ကံကြမ္မာတစ်ပတ်လည်ပြီး တိုက်တိုက်ဆိုင်ဆိုင် လာဆုံရတဲ့ မိုးရေစက်ကို ကျိန်ဆဲလျက်။

''ပြောလေ ကိုပိုင်၊ ကိုပိုင် မပြောနိုင်တော့ဘူး မဟုတ်လား ဟင့် ဟင့်၊ ကိုပိုင်ညာတယ်''

''ကျွတ်''

အရေးထဲ မဟူရာက ထိခိုက်ကြေကွဲစွာပြောရင်း ငိုလေသည်။ ထိုအခါ အာကာပိုင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

''ကိုပိုင့်မှာ အချစ်ဦးရှိရှိကြီးနဲ့ မဟူ့ကိုညာတယ်''

''မ မဟုတ်ပါဘူး မဟူရယ်''

''ဘာ မဟုတ်ရမှာလဲ၊ ကိုပိုင်ရဲ့''

ဒေါသလက်ကလေး ခါးထောက်ရင်းမေးတဲ့ မဟူရာ။ အာကာပိုင် မဟူ့ပခုံးလေးကို ဆုပ်ကိုင်လျှင် –





''မကိုင်နဲ့''

နာနာကြည်းကြည်းပုတ်ချရင်း မွေ့ရာပေါ် ဆောင့်အောင့်ထိုင်ချလိုက်တဲ့ ချစ်ဇနီး။

အာကာပိုင် ဇနီးအပါး တိုးကပ်ချော့မော့ဖို့ မလုံမလဲ ဖြစ်လို့သွားသည်။ ဒေါသကြောင့် မျက်နှာလေး တင်းမာရုံမက တအင့်အင့် ရှိုက်ငိုနေတော့ သူ့နှလုံးသားလည်း နာကျင်လှသည်။

''မဟူရယ်၊ ဒါ ဒါက ကျောင်းတုန်းက အဖြစ်တွေပါကွာ''

''ဘာ ကျောင်းတုန်းကလဲ၊ ကျောင်းတုန်းကအဖြစ်ဆို ကျောင်းပြီးတာနဲ့ ပြီးရမယ်လေ၊ ခုတော့ မဟူ့ဘ၀ထဲအထိ ရောက်လာတာ ဘာသဘောလဲ၊ မဟူ့ကို ညာသလို ညီမလေးနှလုံးသားကိုလည်း ထိခိုက်အောင်လုပ်တယ်၊ အဲဒီအတွက် ကိုပိုင့်ကို မဟူ ခံစားလို့မရတော့ဘူး''

''ကျွတ် မဟူရယ်၊ ကိုပိုင်ပြောတာလည်း နားထောင်ပါဦးကွာ၊ မဟူ့ကိုလည်း ကိုပိုင်ချစ်တာပါ''

''ဘာချစ်တာလဲ၊ ဟိုမိန်းမကို အရင်ချစ်ခဲ့ပြီးတော့''

''ဒါက''

''တော်စမ်းပါ''

အာကာပိုင် ရှေ့တိုးသွားပြီး မဟူ့ဘေးနား ထိုင်ချကာ ဇနီးကို ထွေးပိုက်ချော့မလို့ ပြု၏။ ထိုအခါ မဟူရာက အချော့မခံ။ သူ့လက်ကို ပုတ်ချ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ အာကာပိုင် စိတ်မလျှော့ချင်။

ခယ်မကိစ္စနဲ့ သူတို့လင်မယား ကိန္နရာချောင်းခြား အဖြစ်မခံလိုပါ။ ပုတ်ချခံထားရတဲ့လက်က နောက်ထပ် ကြင်နာစွာပြုဖို့ ကြိုးစားမိ၏။

''မဟူရယ်၊ ကိုပိုင်ပြောတာကို နားထောင်ပါဦးကွာ၊ အဲဒီကိစ္စက ကြာခဲ့ပြီ၊ ဆယ်စုနှစ်တစ်စု တိုင်ခဲ့ပါပြီကွာ၊ နတ်မိမယ်ကို မလိုချင်လို့ ကိုပိုင် နိုင်ငံခြားရောင်ထွက်သွားတာလေ''

''အို၊ ဒါတွေ မဟူမသိဘူး''

''မဟူ အဲလိုကြီး မလုပ်နဲ့ကွာ''

''ဘာရယ်''

မဟူရာ ဖျတ်ခနဲဆို မွေ့ရာပေါ်ထိုင်နေရာမှ ထ၏။ ကိုပိုင်က ချော့မော့လို့မရပါလားဆိုတဲ့အသိနဲ့ မော့ကြည့်ပြီး –

''မဟူရယ်၊ ပြီးခဲ့တဲ့ကိစ္စ ပြီးခဲ့သလိုမျိုး မဟူ သဘောထားပေးမှပေါ့ကွ''

''မထားနိုင်ဘူး ကိုအာကာပိုင်၊ မဟူ့ကိုညာတဲ့အတွက် မဟူပိုပြီးခံပြင်းတယ်၊ ကိုပိုင့်လို ယောကျ်ားက အချစ်ခံစားချက်ထက် မိန်းမနဲ့ပေါင်းသင်းရေးက အဓိကဖြစ်နေတော့ ပြီးခဲ့တဲ့ကိစ္စ ပြီးတဲ့အတိုင်း သဘောထားဖို့ ပြောနိုင်မှာပေါ့၊ မဟူက အဲဒီကိစ္စ မပြီးနိုင်ဘူးရှင့်၊ မပြီးနိုင်ဘူး၊ ကိုပိုင့်မာယာသည်မကြောင့် မဟူလည်း ခံစားရတယ်၊ ညီမလေးလည်း ဓားစာခံအလုပ်ခံရတယ်၊ အဲဒီအတွက် ကိုပိုင့်ကို မုန်း





တယ်၊ ဒီနေ့ ဒီအချိန်ကစပြီး ကိုပိုင်နဲ့မဟူ လင်ခန်းမယားခန်း ပြတ်ပြီရှင့် ပြတ်ပြီ''

''မဟူ''

အာကာပိုင် သည်းမခံနိုင်တော့ပါ။ ချော့မော့ပြောဆိုလို့ မရတဲ့ ကြားထဲ အပြတ်စကားတွေ ပြောလာပြန်တာ။ အပြတ်စကားကို ကိုပိုင်တကယ် မခံစားနိုင်တော့ပါ။

ဆတ်ခနဲထပြီး မဟူ့အပါး တိုးကပ်သွားဖို့ပြင်လျှင် –

''ဟင့် ဟင့် ဟင့်၊ တော်ပြီးကိုပိုင်၊ မဟူ အညာမခံနိုင်တော့ဘူး၊ မဟူ့ကို မချစ်ဘဲနဲ့ မဟူ့အချစ်ကို ညာယူခဲ့တဲ့ ကိုပိုင့်ကို နာတယ်''

''မဟူရယ်၊ မဟူ့ကို ကိုပိုင်မချစ်ဘူးလို့ မစွပ်စွဲပါနဲ့၊ မဟူ့ကို ချစ်လို့ ကိုပိုင် ယူခဲ့တာ၊ တရားဝင် ပေါင်းသင်းနေတာလေ၊ မိုးရေစက်ကိစ္စနဲ့ မရောထွေးပါနဲ့၊ ကိုပိုင်တောင်းပန်တယ်ကွာ''

''မတောင်းပန်နဲ့၊ မဟူ ခွင့်မလွှတ်ဘူး၊ သွား၊ ထွက်သွား၊ မဟူ့ရှေ့ ဘယ်တော့မှ မလာနဲ့၊ ဟီး ဟီး ဟီး၊ မဟူ့ကိုမချစ်ဘဲနဲ့ ညာတယ်၊ ကိုပိုင် လူညာကြီး''

ပြောလည်းပြောရင်း ငိုလည်း ငိုကာ ကိုပိုင့်ရင်ဘတ်ကို [illegible] ဘုန်း ထု၏။ ထို့ပြင် တွန်းထုတ်ပစ်လျက် –

''သွား ထွက်သွား၊ ကိုပိုင့်ကို မဟူမုန်းတယ်၊ ဟီး ဟီး ဟီး''

အာကာပိုင် နှလုံးသားလေး ညှိုးကျသွားသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆက် တွန်းထိုးနှင်ထုတ်တာခံရတာက ပိုပြီးရင်နာလှသည်။

''ညောင်ဥတူးတာ ပုတ်သင်ညိုဥပါ ပေါ်တယ်ဆိုတာ ဒါမျိုးပဲ ကိုပိုင်ရဲ့၊ ကိုပိုင့်ကို မဟူ မချစ်နိုင်တော့ဘူး၊ ကိုပိုင့်ဟာမနဲ့ ကိုပိုင် သွားချစ်၊ သွား၊ သွားနော်၊ မသွားရင် မဟူ့အဆိုး မဆိုနဲ့၊ မာမီရေ''

သူ့ကို နှင်ထုတ်ရုံနဲ့အားမရ၊ လူကြီးတွေကိုပါ အော်ခေါ်နေတော့ အာကာပိုင် ရှက်လှသည်။ ဒီကိစ္စ မယားကတစ်ဆင့် ယောက္ခမသိသွားရင် မလွယ်။

ခယမအတွက် ခေါင်းမီးတောက်နေတဲ့ ယောက္ခမရင်ထဲ မိုးရေစက်နဲ့ ဓာတ်လမ်းငြိခဲ့တဲ့ သူဖြစ်စဉ်က လောင်နေတဲ့မီးပုံထဲ ဓာတ်ဆီ ဖျန်းပက်သလို ဖြစ်သွားမယ့်အနေအထား။

''တော်တော် တော်ပါတော့ မဟူရယ်၊ မဟူ မမြင်ချင်ဘူး၊ မချစ်ချင်ဘူးဆိုရင် ကိုပိုင်ပဲ ရှောင်ပေးပါ့မယ်၊ လူကြီးတွေ စိတ်အနှောင့် အယှက်ဖြစ်အောင် မလုပ်ပါနဲ့၊ ကိုပိုင်သွားမယ်''

''ဟီး ဟီး ဟီး''

နောက်ဆုံး အာကာပိုင်ပဲ ထွက်ခဲ့ရသည်။ သူထွက်လာတော့ မဟူရာက ဟီးခနဲ ငိုချသည်က ကျယ်လောင်စွာ။

မဟူရယ် ။

ကိုပိုင့်ကို မချစ်ဘူးလို့ နောက် ဘယ်တော့မှမပြောပါနဲ့။ ကိုပိုင့် နှလုံးသားထဲမှာရှိနေတာ မဟူရာဆိုတဲ့ မိဖုရားလေးတစ်ဦးတည်းပါ။





နတ်မိမယ်ဆိုတာ ရင်ခုန်တတ်စက ခံစားမိတဲ့ သာမန်မိန်းကလေးပါကွာ။ မဟူသာ ကိုပိုင့်ဘဝ၊ မဟူသာ ကိုပိုင့်နှလုံးသား။

ဒါတင်မက

မဟူသာ ကိုပိုင်အချစ်ဆုံးပါကွာ။

မဟူရေ –

မဟူမရှိတဲ့ ညတွေက ကိုပိုင့်နှလုံးသားလေး ဝဋ်ဆင်းရဲခံရတဲ့ည။ မဟူမရှိတဲ့ နေ့တွေက ကိုပိုင့်ဘဝအတွက် အဓိပ္ပာယ်ကင်းမဲ့တဲ့ နေ့တွေပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"စစ်စစ်လေး မကြောက်ပါနဲ့နော်"

"ဟင့် ဟင့် ကြောက်တယ် ဦးမှန်၊ စစ်စစ်ကြောက်တယ်၊ မောင်က စစ်ကို ချစ်တာမဟုတ်ဘူး။ လက်စားချေတာ၊ ဟင့် ဟင့် ဟင့်၊ ကိုပိုင်နဲ့ပတ်သက်ပြီး လက်စားချေတာ၊ စစ်စစ် သိတယ်၊ ဟင့် ဟင့်"

စစ်စစ် တငိုတည်း ငိုနေမိသည်က ကြောက်အားပိုစွာ။

ဒီအချိန်မှာ ချစ်တာထက် မောင့်စိတ်ကို လန့်ဖျပ်တာပဲသိတယ်။ တိရစ္ဆာန်လို သဘောထားပြီး စစ်စစ်ကို လှောင်ပိတ်ထားတဲ့အတွက် စစ် ခံပြ[illegible]ယ်။





ဒါကြောင့် ဦးလှမှန်ကို စစ်စစ် အသနားခံကာ လွတ်မြောက်ခွင့်ရဖို့ ကြိုးစားမိသည်။

ဦးလှမှန်က မောင့်သြဇာခံ။

ဘာဖြစ်ဖြစ် လွတ်မြောက်ခွင့်က ဦးလှမှန်လက်ထဲမှာ ရှိတယ် မဟုတ်လား။

"ဦးလှ စစ်စစ်ကို ကူညီနော်၊ ဟင့် ဟင့် ဟင့်"

စစ်စစ် ငိုယိုပြီး ဒါပဲ တောင်းဆိုနေမိသည်။ နောက်ဆုံးတော့

"ဦးလှမှန် နိုင်တဲ့ဘက်က ကူညီပါ့မယ်၊ ရော့ အသီးလေး ဘာလေး စားနှင့်ဦး"

အသီးစုံထည့်ထားတဲ့ ဗန်းတစ်ချပ်ကို သံတိုင်တွေကြားက အလှောင်ခံထားရတဲ့ စစ်စစ်အခန်းထဲ ထိုးထည့်ပေးသည်။

"ဟင့်အင်း"

စစ်စစ် စားချင်စိတ် မရှိပါ။ ခေါင်းလေးယမ်း၏။

"ထမင်းဟင်းလည်း မစား, ရေလည်းမသောက်နဲ့ဆို ဘူမလေး အားပြတ်သွားပါ့မယ်ကွယ်၊ စားစရာရှိတာ စားစမ်းပါ၊ ဦးလှကူညီပါ့မယ်၊ ဟုတ်ပြီလား"

ချော့ချော့မော့မော့ပြောကာ ပြန်ထွက်သွားတဲ့ ဦးလှမှန်။

"ဟင့် ဟင့် ဟင့်"

စစ်စစ် အလိုမကျစွာ ငိုချ၏။ အခန်းထဲက ဘယ်လိုမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မရတာ မောင့်အတွက်ကြောင့်လေ။

မောင့်ကို ချစ်တာထက် ကြောက်လှသည်။

စစ်စစ်အဖြစ်ကိုလည်း စစ်စစ် ပြန်ဆန်းစစ်မိ၏။ အစကတည်းက မောင့်ကို ဖာတ်လမ်းစပြီး မပတ်သက်မိရင် အကောင်းသား။

စစ်စစ် ဖာတ်လမ်းစတဲ့အတိုင်း မောင် အလိုက်သင့်ပါလာသည်က အကြောင်းမဲ့မဟုတ်ပါ။

ကိုပိုင့်ကို လက်စားချေဖို့ ခုတုံးလုပ်ပစ်ဖို့ အခွင့်အရေးရသလိုဖြစ်ကာ။

ဖာတ်လမ်းအစက စစ်စစ်ကြောင့်ဖြစ်ရတာ၊ စစ်စစ် မဆင်ခြင်လို့ ဖြစ်ရတာ။ ခုဆို ဒုယ်ဒီ မာမိလည်း ခေါင်းမီးတောက်ရပြီ။

မမလည်း ခံရမယ်လေ။ ဒါတင်မက သူရိယ။

သူရိယရယ်

ဒီအချိန်မှာ နင်ရောက်လာရင် သိပ်ကောင်းမှာပဲ။ ဒါထက်မက ဒီအခန်းထဲက ကယ်ထုတ်သွားမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲကွယ်။

အရေးအကြောင်းဆိုမှ သူရိယကို သတိရကာ။

သူရိယကို သတိရခါမှ စစ်စစ် ခွန်အားရသလိုဖြစ်လာသည်။ ဟုတ်တယ် သူရိယရယ်။

လွတ်မြောက်ဖို့က ခွန်အားရှိဖို့တယ်၊

ဘာမှမစားမသောက်တဲ နေလာတာ စစ်စစ် အားအင်လေးများ





ရှည်နဲ့လှပြီ။ ဒီထဲက လွတ်မြောက်အောင်ကြိုးစားဖို့က အင်အားလိုတယ်မဟုတ်လား။

စစ်စစ် အင်အားပြည့်စေဖို့ ကြောက်စိတ်ကို အရင်ဖယ်ကာ သစ်သီးစုံထည့်ထားတဲ့ စတီးဗန်းထဲက ပန်းသီးတစ်လုံးကို ဆွဲယူ၏။

ထိုအခါ ချွင်ခနဲအသံ ကြားရသည်။ ပန်းသီးကိုကိုက်ရင်း ချွင်ခနဲ အသံကြားတဲ့ သစ်သီးထည့်ထားတဲ့ စတီးဗန်းလေးကို ဆွဲယူကြည့်လျှင် –

“ဟင်”

ငွေရောင်သော့ကြီးတစ်ချောင်း။ ဒီသော့။ စစ်စစ်မျက်ဝန်းထဲ မြင်ယောင်လာသည်။ ကြေးသော့ခလောက်ကြီးကို ဒီသော့တံမျိုးနဲ့ မောင်ကိုယ်တိုင် ခတ်သွားတာမဟုတ်လား။

စစ် အားရဝမ်းသာဖြစ်သွားလျှင် ကိုက်လက်စ ပန်းသီးလေးပါ စစ်လက်ထဲက လွတ်ကျသွားသေးသည်။

ထို့နောက် သော့တံလေးကို ဆုပ်လျက် တံခါးနားပြေးသွား၏။

ကြေးသော့ထဲ သော့တံလေးထည့်ကာ လှည့်ပတ်ဖွင့်ကြည့်လျှင် “ချောက်” ခနဲအသံမြည်ကာ သော့ခလောက်ကြီးပွင့်သွား၏။

စစ် ထခုန်မတတ် ဝမ်းမြောက်သွား၏။

မောင့်ဆီက သော့လေးခိုးယူလာပြီး မသိမသာလာပေးရင်း ကူညီရှာတဲ့ ဦးမှန်ကိုလည်း ကျေးဇူးတင်စွာ။



www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်ပြီဆိုတဲ့အသိနဲ့ ခြစည်းရိုးတံတိုင်းကို ကုတ်တက်ပြီး မောင့်ခြံဝင်းထဲက လွတ်အောင် အားသွန်ကြိုးစားခဲ့တဲ့ စစ်စစ်။

လွတ်မြောက်သွားပေမယ့် အိမ်ကိုမပြန်ရဲ၊ ညည့်ကလည်း နက်လှသည်။

ထို့ပြင် ဒယ်ဒီ့ကိုလည်း ကြောက်လှတာမို့ ဖြစ်ချင်ရာဖြစ် သူရိယဆီ အပြေးကလေး လာခဲ့မိသည်က အားကိုးယုံကြည်စွာ။

✿

''သူရိယရယ်၊ စစ်စစ်ကို ယုံကြည်ပေးပါနော် နော်''

မျက်ရည်စီးကြောင်းလေးနဲ့ အလေးအနက် စစ်စစ်ဆိုလေသည်။ သူရိယ ခေါင်းညိတ်၍ –

''စစ် တောင်းဆိုဖို့ မလိုပါဘူး၊ စစ်စစ်ကို ကျွန်တော် နားလည်ပါတယ်၊ စစ်စစ် ဘာမှတွေးပြီး ဝမ်းနည်းမနေပါနဲ့ကွယ်''

''သူရိယရယ်''

စစ်စစ်အားကိုးတကြီးပင် သူရိယ ရင်ခွင်ထဲမှာ ခေါင်းလေးတိုးဝင်ကာ သူရိယကလည်း စာနာစွာ ပခုံးလေးဖက်ရင်း သူ့အခန်းလေးထဲ နေရာပေး၏။





စစ်စစ်ရဲ့ ကြောက်စိတ်နဲ့ ဝမ်းနည်းစိတ်က သူရိယအရိပ်အောက်မှာ တစ်စစ လွင့်ပါးကာ။

တစ်ယောက်အိပ်ခုတင်လေးပေါ် အိပ်မောကျနေရှာတဲ့ စစ်စစ်လေးကို ကြင်ကြင်နာနာ ငေးကြည့်ရင်း –

''အချစ်ဆိုတာ ချစ်နေခြင်းပါ စစ်စစ်ရယ်'' လို့ နှလုံးသားနဲ့အမျှ သူရိယ ရေရွတ်မိလေသည်။

ဦးအောင်မင်းကတော့ သူရိယနှလုံးသားလေး လန်းပါစေလို့ အားမြဲတဲ့လမင်းကြီးကို ငေးမောကြည့်ရင်း တောင်းဆိုမိသည်။

သူရိယ ယှဉ်ဆတဲ့ အထီးကျန်သင်္ကေတ လမင်းကြီးကတော့ သာနေဆဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"သမီးငယ်"

ဒယ်ဒီ ဖိခေါ်တဲ့အသံနောက်မှာ စစ်စစ် ခေါင်းလေးပုလျက်။ သူရိယကိုယ်နဲ့လည်း အကာအကွယ်ယူသလို ပုန်းနေလိုက်သည်။

တော်သေးတာပေါ့။

သူရိယခေါင်းက စစ်စစ်ခေါင်းထက် မြင့်နေလို့။ ဒယ်ဒီ တိုက်ရိုက်မမြင်အောင် စစ်စစ် ကွယ်လိုက်နိုင်သည်။ သူရိယကလည်း စစ်စစ်ရှေ့က တံတိုင်းကြီးသဖွယ် ကွယ်ရပ်လျက်။

"အန်ကယ်" လို့

ဦးစွာခေါ်လိုက်သည်က စစ်စစ်ကို မဆူမပြောဖို့ ရှယ်ကာ။





သူရိယမျက်နှာကို ထောက်ထားပြီး ဦးသိမ်းထိုက်ရင်ထဲမှ ဒေါသတစ်ရစ်လျှော့လိုက်ရသည်။

ဒါပေမဲ့ မျက်နှာထားနဲ့လေသံကို မောင်းတင်းထားဆဲ။

"သား၊ မင်း အသာနေစမ်းပါ၊ ရှေ့ကဖယ်"

အန်ကယ်အမိန့်ပေးသလိုပြောတော့ သူရိယ ကာဆီးနေခွင့်မသာ။ နောက်ကို မသိမသာ ငဲ့ကြည့်တော့ စစ်စစ်က ဖခင်ကိုကြောက်တဲ့စိတ်ကလေးနှင့်။

မျက်ရည်လေးများ ပြိုကျသည်အထိ အင့်ခနဲ ရှိုက်ကာ။

"သမီး ဒယ်ဒီ့ရှေ့ လာစမ်း"

အန်ကယ် ထပ်ဆင့်အမိန့်ပေးပြန်တော့ စစ်စစ်လေး ကြောက်စိတ်နဲ့ ကိုယ်ကလေးလှုပ်ခါမတတ် ရှိုက်၏။ လက်ချောင်းလေးတွေကိုလည်း အချင်းချင်း ဆုပ်ထွေးလျက် ခေါင်းလေးကို ငုံ့ချ၏။

သေချာတာက ဒယ်ဒီရှေ့ကို မသွားရဲ။ ဒေါသနဲ့ ခက်ထန်နေတဲ့ ဒယ်ဒီ့အကြည့်နဲ့လည်း ရင်မဆိုင်ရဲ။

အန်ကယ်နဲ့သူ့ကြားမှာ သူရိယ ပိုရှုပင် စစ်စစ်လေးကို သနားလို့နေသည်။ သူကိုယ်တိုင်ကလည်း အန်ကယ်ကို လေးစားစိတ်နဲ့ ခပ်ရွံ့ရွံ့။

"သား ရှေ့ကဖယ်၊ သမီးမိုက် ဒယ်ဒီ့ရှေ့ လာရပ်စမ်း"

နောက်ထပ် အမိန့်ပေးလာပြန်တော့ သူ့မရှေ့က သူရိယ ဖယ်ရသလို စစ်စစ်ခြေလှမ်းလေး ရှေ့တိုးရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"လာစမ်း အမိုက်မလေး"

တုံ့နှေးနှေးဖြစ်နေတဲ့ စစ်စစ်ကို ဒယ်ဒီ စိတ်ရှည်ဟန်မတူတော့ပါ။ ကြောက်စိတ်နဲ့ ဆုပ်ထွေးထားတဲ့ သူမလက်ကို ဆွဲယူလျှင် ဒယ်ဒီ့ရှေ့ တစ်ကိုယ်လုံး ပါလေသည်။

"ဟင့် ဟင့် ဟင့်"

စစ်စစ် အသံလေးထွက်ကာ ငိုချလိုက်သည်။ ငုံ့ချထားတဲ့ ခေါင်းကို ဒယ်ဒီ ခပ်တင်းတင်း စိုက်ကြည့်ပြီး –

"အမိုက်မလေး မျက်နှာကိုမော့စမ်းပါ"

"ဟင့် ဟင့် ဟင့် ဒယ်ဒီ"

ကြောက်စိတ်တွေက ဒယ်ဒီဆူမှာ သိလေမို့ စစ်စစ် ပိုကြောက်လေ ဖြစ်၏။ ငိုချနေတာနောက်မှာ ဖခင်ခါးကို ဝင်ဖက်လျက် –

"စစ်ကိုခွင့်လွှတ်ပါ ဒယ်ဒီရယ်၊ ခွင့်လွှတ်ပါ ဒယ်ဒီ၊ ဟင့် ဟင့် ဟင့်၊ စစ်မိုက်တဲ့အတွက် ခွင့်လွှတ်ပေးပါ"

ဆူမယ်ပြောမယ်ဆိုတဲ့စကားလုံးတွေ လည်မျိုမှာ အဆင်သင့်ရှိနေသော်လည်း သမီးက ဦးဦးဖျားဖျား ခွင့်လွှတ်ခိုင်းတော့ ဦးသိမ်းထိုက်စကားလုံးတွေ အောက်သို့လျှောကျသလို ဖြစ်လေသည်။

"သမီးရယ်၊ သမီး သိပ်မိုက်တယ်ကွယ်"

သမီးကို ချစ်တဲ့စိတ်နဲ့ ဦးသိမ်းထိုက်အသံတွေ ဗလုံးဗထွေးဖြစ်သွားသည်။





"ဟင့် ဟင့် ဟင့် ဒယ်ဒီ"

အသနားခံတဲ့မျက်နှာလေးကို ဖခင်ရင်အုံမှာ ထိုးဝှက်ငိုချလျှင်

"သမီး ဒီလိုအမိုက်အတတ်ခင်းမယ်လို့ ဒယ်ဒီမထင်ဘူး သမီးရယ်၊ ဖြစ်ပြီးသွားတာကို ဒယ်ဒီ ခွင့်မလွှတ်ချင်ပေမယ့် ခွင့်လွှတ်ပေးပါ့မယ် သမီး။ ဒါပေမဲ့"

ဦးသိမ်းထိုက်စကားကို ခေတ္တဖြတ်ထားလိုက်သည်။ လည်မျိုအောက် လျှောကျသွားတဲ့စကားလုံးတွေကို ဟန်အပြည့်နဲ့ ပြန်ဆွဲတင်ကာ

"ဒယ်ဒီ"

ဒယ်ဒီ့ရင်ခွင်ထဲမှ စစ်စစ်မျက်နှာလေးကို မော့ကြည့်၏။ ဦးသိမ်းထိုက် သမီးဖြစ်သူကိုမကြည့်ဘဲ ရင်ခွင်ထဲက သမီးကို ဖယ်ရှားပြီး ဖခင်ပီသစွာပြောသည်။

"သမီးငယ်လေးကို အရွယ်လွန်မှရတဲ့ သမီးဆိုပြီး ဒယ်ဒီတို့ အစစအရာရာ အလိုလိုက်ခဲ့တယ်၊ သမီးသူငယ်ချင်းအားလုံး အင်္ဂလန်မှာ ကျောင်းသွားတက်ကြပြီး သမီးလည်း သွားတက်ချင်တယ်လို့ တစ်ခွန်းပူဆာတာနဲ့ ဒယ်ဒီ ခွင့်ပြုခဲ့တယ်၊ ဒါတွေဟာ သမီးကို ချစ်တဲ့စိတ်နဲ့ ဖြစ်သလို သမီးရဲ့အတွေးအမြင် ကျယ်လေခြင်းဆိုတဲ့စိတ်နဲ့ ဒယ်ဒီ ကျေနပ်ခဲ့တယ်၊ မိသားစုနဲ့ခွဲပြီး သမီး အင်္ဂလန်မှာတောင် ကျောင်းသွားတက်ခွင့်ပေးခဲ့တာ သမီးစိတ်, သမီးအတွေးအခေါ်တွေ တိုးတက်စေဖို့ပါ၊ ဒါပေမဲ့ ဒယ်ဒီရည်ရွယ်တာ တခြား၊ သမီးပြုလိုက်တာ တလွဲ"

www.burmeseclassic.com



"ပြောပါ ဒယ်ဒီရယ်၊ မရည်ရွယ်ဘဲ ခုလိုဖြစ်သွားတာပါ"

"အဲဒါ ဘာကြောင့်ဖြစ်တာလဲ သမီး"

စစ်စစ် မျက်ရည်လေးများသုတ်ကာ ဒယ်ဒီ့ကိုမော့ကြည့်မိလေသည်။ ဒယ်ဒီက စစ်စစ်ရှေ့ကနေ မာန်အပြည့်နဲ့ ဖြတ်လျှောက်နေရင်း ဆက်ပြော၏။

"ပြောလေ သမီး၊ အဲဒါဘာကြောင့်လဲ"

စစ်စစ် မပြောရက်ပါ။ နှုတ်ခမ်းကို တင်းတင်းလေးစေ့ထားမိသည်။ သူရိယက အန်ကယ်နဲ့စစ်စစ်ကို တစ်လှည့်စီကြည့်ရင်း ရင်မှာ မောလျှနေသည်။

စစ်စစ် ဘာမှ ပြန်မပြော။ အင့်ခနဲသာ ရှိုက်လျက်၊ ဦးသိမ်းထိုက် ခေါင်းတစ်ချက်ယမ်းပြီး –

"သမီး ပြန်မပြောနိုင်ဘူး မဟုတ်လားဟင်၊ ပြန်ပြောစမ်းပါ၊ ထင်သလို မြင်သလို ပက်ခနဲ ပက်ခနဲ ပြန်ပြောစမ်းပါ၊ အခုမှ မထုံ တက်တေးပုံစံ ဖြစ်မနေပါနဲ့၊ သမီးက ဒါဆို ခုချက်ချင်း ဒါ လိုက်လုပ်တဲ့ ဗီဇကြောင့်၊ ဘာကိစ္စမဆို ရှေ့နောက်မစဉ်းစားတဲ့အကျင့်ကြောင့်၊ စိတ်က ဖြစ်တဲ့အတိုင်း တစ်ရှူးထိုး လုပ်တတ်တဲ့ သမီးအကျင့်ကို ပြုပြင်ဖို့ အချိန်တန်ပြီးသမီးရဲ့၊ သမီး ပြုပြင်စမ်းပါ၊ ပြုပြင်ဖို့ကော အသိတရားရှိရဲ့လားဟင်"

တစ်သက်နဲ့တစ်ကိုယ် ဒယ်ဒီ့ဒေါသကို စစ် မမြင်ဖူးပါ။ စစ်စစ်





က ဒါဆို ဒယ်ဒီကအစ မမအဆုံး ဒါပဲဖြစ်ကာ အစစအရာရာ အလို လိုက်ကြသည်။

အခုဆို တစ် နှစ်ကျော်အောင် ဒေါ်နဲ့မောနဲ့ မပြောဖူးခဲ့။

ဒီတစ်ခါ အပြင်းထန်ဆုံးဖြစ်နေတဲ့ ဒယ်ဒီ့စကားလုံးတွေကို စစ်စစ် မချေပရဲတော့ပါ။

"ပြောလေ သမီး၊ ပြုပြင်ဖို့ အသိတရားရှိလား၊ သမီးခေါင်းထဲ မှာ"

ခွန်အားအပြည့်နဲ့ ဖိမေးနေတဲ့ ဒယ်ဒီ့မေးခွန်းကို စစ်စစ် နှုတ်နှင့် မဖြေနိုင်ရှာ။ ခေါင်းလေးသာ အသာညိတ်၏။

"အေး အသိတရားရှိတယ်ဆိုရင် အသိတရားရှိတဲ့အတိုင်း ဒယ်ဒီစီစဉ်သမျှ နာခံဖို့ ခေါင်းထဲထည့်ထား"

စစ်စစ် ခေါင်းလေးမတ်ခနဲ ဖြစ်သွားသည်။ ဒယ်ဒီက ဘာကိုမှ အားမနာ။ သူရိယကို တစ်ချက်ကြည့်ကာ စစ်စစ်ဘက်လှည့်ပြီး ပြောသည်။

"သားနဲ့စီစဉ်ထားတဲ့ကိစ္စ သမီး တစ်လုံးတစ်ပါဒမှ ငြင်းဆန်ဖို့ စိတ်မကူးနဲ့"

စစ်စစ် မျက်လွှာလေး စင်းကျသွား၏။ သူရိယက စစ်စစ်ကို စာနာစွာငဲ့ကြည့်ကာ သက်မညင်ညင်ချသည်။

"အဲဒါ ဒယ်ဒီရဲ့နောက်ဆုံးအမိန့်ပဲ၊ ဒယ်ဒီ့အမိန့်ကို ဒီတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



လွန်ဆန်လို့ကတော့ ဒယ်ဒီ့အဆိုးမဆိုနဲ့ သမီးငယ်၊ သမီးငယ်ကြောင့် ဒယ်ဒီတို့ မိဘရင်မှာ မီးဟုန်းဟုန်းတောက်ခဲ့ပြီးပြီ၊ သမီးမလည်း မျက်ရည်လည်ရွဲနဲ့ ဒါတွေကို သမီးမဆင်ခြင်ဘဲ ထင်ရာစွတ်ရွတ်လုပ်ဦး မယ်ဆိုရင်''

ဒယ်ဒီ့စကားလေးကို စစ်စစ် ဆုံးအောင် နားမထောင်ရက်တော့ပါ။ ခေါင်းလေးတွင်တွင်ယမ်းကာ ဒယ်ဒီ့အမိန့်ချပြီး ထွက်သွားတဲ့အခါ စစ်စစ်နှလုံးသားလေး တဆတ်ဆတ် တုန်ခါလေပြီး။

သူရိယ ချော့မော့နှစ်သိမ့်တဲ့သဘောနဲ့ စစ်စစ်ပခုံးလေးကို ဖွဖွဆုပ်ကိုင်၏။ စစ်စစ်မျက်ရည်တွေကိုလည်း ကြင်နာစွာ သုတ်ပေးကာ။

ဟင့် ဟင့် ဟင့်။

စစ်စစ် ရင်ကွဲမတတ် ငိုချလျက်။

✿ ✿ ✿



## အခန်း (၃၃)

''စစ်စစ်ရယ် အရင်လို အလန်းလေးဖြစ်အောင် နေစမ်းပါ''

ပန်းနုနု အားမလိုအားမရပြောသည်က ထိုင်ကြေကွဲနေတဲ့ စစ်စစ်မျက်နှာလေးကိုကြည့်ကာ။

''ဟုတ်သားပဲ ရှင်ကလည်း''

ချယ်ရီသွေးလည်း ဝင်ပြောသည်။ သတ္တတို့သုံးယောက်က အသားကောင် ကိုယ်စီဝါးရင်း ခေါင်းလေးများဆတ်၏။

စစ်စစ်က ကြေကွဲနေဆဲနှင့် –

''ရင်ထဲမှာ ညှိုးနေတာလေ၊ ဘယ်လိုလုပ် လန်းနိုင်မှာလဲ''

''ညှိုးနေတာတွေ ဖယ်ထုတ်လိုက်ပေါ့ဟဲ့''



www.burmeseclassic.com

www.burmeseclassic.com

ချယ်ရီသွေး ပြောပြန်တော့ စစ်စစ် စိတ်ထိခိုက်စွာ ထိုင်နေရာမှ ထသွားလေသည်။ သူငယ်ချင်းအားလုံးက မေးလေးထိုးကာ မလွယ်ပါလားဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ကြည့်သည်။

စစ်စစ် နားနေဆောင်လေးနားကခွာပြီး သစ်ခွတိုင်တွေနားက အုတ်ခုံလှလှလေးမှာ သွားထိုင်၏။ ထိုအခါ ပန်းနုနု မနေသာ။

သူငယ်ချင်း အားလုံးထက် ရှေ့က ထလေပြီး –

"စစ်"

ခေါ်လည်းခေါ်ရင်း စစ်စစ်ဘေးမှာ ဝင်ထိုင်သည်။ စစ်စစ် မျက်နှာလေးကိုလည်း အမိအရကြည့်လျက်။

"သူရိယမှာ ဘာနောက်ခံမှမရှိဘူးဆိုလို့ ရှင် စိတ်ထိခိုက်နေဘာလား"

"မဆိုင်လိုက်တာ"

"မဆိုင်လိုက်တာလို့ ပြောမနေပါနဲ့ မမ,မဟုရာပြောလို့ ပန်းနုတို့ အားလုံး သိပြီးပါပြီ၊ လမ်းပေါ်ကကောက်ယူမွေးစားထားတဲ့ ကောင်နဲ့ တန်သလားဆိုတာလေ"

"ကျွတ်"

စစ်စစ်ရင်ထဲ ခံခက်ဖြစ်သွားသည်။ ပန်းနုနုက ပြောစရာရှိတာကို ဆက်တိုက်ပြောလေသည်။

"စစ် ရင်ထဲမှာ အဲလို ဖြစ်မယ်ဆိုလည်း ဖြစ်စရာလေ၊ သူရိယ





မှာ ဘာနောက်ခံမှမရှိဘူး၊ စစ်စစ်ဒယ်ဒီရဲ့ အလုပ်ထဲ ဝင်လာတာ ခြေမဲ့လက်မဲ့၊ ဒါပေမဲ့ သူရိယမှာ အရည်အချင်းရှိတယ်၊ အားကိုးရတဲ့ စွမ်းအားစစ်တွေရှိလို့ စစ်စစ်ဒယ်ဒီက လက်သပ်မွေးလိုက်တာ၊ ဒါပေမဲ့ အားလုံးသိထားတဲ့သူရိယက ခြေမဲ့လက်မဲ့ အညတြကောင် မဟုတ်ဘူး"

စစ်စစ် မလုံမလဲဖြစ်ကာ ပန်းနုနုအပါးက ထထွက်သွားဖို့ပြင်သည်။ သို့သော် ထွက်သွားခွင့်မရပါ။ သတ္တုတို့အုပ်စု တန်းစီလာကာ စစ်စစ်ပတ်လည်ဝိုင်းရံသလို ထိုင်သူထိုင် ရပ်သူရပ်နှင့်။

ဇော်က ပန်းနုနုစကားကို ဆက်ပြောသည်။

"ဟုတ်တယ် စစ်စစ်ရဲ့၊ သူရိယက အခြေမဲ့အနေမဲ့ မဟုတ်ဘူး၊ သူရိယမိဘက အခြေကြီးအနေကြီးထဲက၊ သူရိယ ဒယ်ဒီဆုံးသွားတော့ သူရိယ မာမီက နောက်အိမ်ထောင်ပြုတယ်၊ သူရိယက သူ့မာမီကို စိတ်ဆိုးပြီး သူ့မာမီရှိတဲ့ မိုးကုတ်ကဆင်းလာတာ၊ ဒီမှာ အခြေမဲ့အနေမဲ့ပုံစံမျိုးနဲ့နေပြီး ရှာလုပ်မယ်ဆိုတဲ့စိတ်နဲ့ အလုပ်ရှာရင်း စစ်ဒယ်ဒီနဲ့ စက်ရုံမှာ အလုပ်ရလို့ ဝင်လုပ်တာလေ၊ စစ်ဒယ်ဒီက သူရိယအရည်အချင်းကို သဘောကျလို့ မွေးစားတဲ့သဘောနဲ့ စောင့်ရှောက်ထားတာ၊ သူရိယရဲ့နောက်ခံအကြောင်းတွေ သိရတာ မနေ့ကတင်"

"ဟုတ်တယ် စစ်စစ်ရဲ့၊ သူရိယ မာမီနဲ့ သူရိယပထွေးက သူရိယသတင်းကို စုံစမ်းနေခဲ့တာ၊ သူရိယအိမ်ကထွက်သွားကတည်းက သူရိယအဆက်ပြတ်ပြီး ဖာတ်မြုပ်နေလိုက်တော့ စုံစမ်းလို့မရခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲနေခဲ့တယ်၊ ခက်ခဲနေပေမယ့် သူရိယမာမိက အရှာမပျက်ဘူး မတွေ့ တွေ့အောင် ရှာနေတာလေ၊ ဘယ်ကဘယ်လို သတင်းရသွားတယ် မသိဘူး၊ သတင်းရရချင်း ရောက်လာကြတာ၊ အဲဒီအကြောင်းတွေ စစ်စစ်ဒယ်ဒီ မပြောဘူးလား''

စစ်စစ် ယောင်ယမ်းကာ ခေါင်းခါမိ၏။

မနေ့က စစ်စစ်ကို ဒယ်ဒီဆူတယ်။ ဒယ်ဒီ့အစီအစဉ်အတိုင်း နာခံဖို့ပြောတယ်။ ဒီလောက်ပဲ။

သူရိယလည်း ဘာမှမပြောဘူး။

''လောလောဆယ် မပြောသေးတာက စစ်စစ်ပြဿနာနဲ့ ရှုပ်နေလို့ ဖြစ်မယ်၊ ကိုယ်တို့လည်း သိသိချင်း အံ့သြသွားတယ်၊ ဘာပဲဖြစ်ဖြစ် သူရိယက စစ်စစ်အတွက် အခြေအနေမဲ့တဲ့ လမ်းပေါ်ကကောင်လေး မဟုတ်ဘူး၊ အခြေအနေနဲ့ ဂုဏ်တူဒြပ်တူ၊ ပြီးတော့ ရွယ်တူတန်းတူ လေ''

အမိကနဲ့ဇော်လည်း သူရိယအကြောင်းတွေ ဝင်ပြောကာ အရွယ်တူ တန်းတူတာပါ ထည့်ပြောသည်က အကြောင်းမဲ့မဟုတ်မှန်း စစ်စစ် သဘောပေါက်ပါသည်။ ဒါပေမဲ့ စစ်စစ် ခေါင်းယမ်းကာ –

''သူရိယ ဘာကြီးဖြစ်ဖြစ် စစ် ခံစားချက်နဲ့မဆိုင်ဘူး''

''မမ,မဟူရာပြောတုန်းက စစ်စစ်ပဲ တန်သလား မေးတယ် မဟုတ်လား''





''အို ဒါက မမ ပြောတာကို လက်မခံနိုင်လို့ပြောတာ''

''ဘယ်လိုကြောင့်ပဲ ပြောပြောလေ၊ အခုလက်ရှိ အနေအထား အရ သူရိယကို စစ်စစ် ငြင်းလို့မရဘူး၊ သူရိယကလည်း စစ်ကို ချစ်နေတဲ့သူ''

''အဲဒီအချစ်အကြောင်းတွေ ထားလိုက်စမ်းပါ သတ္တုရယ်''

''အချစ်အကြောင်း ထားလိုက်တဲ့လား၊ အဲဒါဆို ထားလိုက်မယ် လေ၊ တစ်ခုတော့ မေးမယ်၊ စစ် အမှန်အတိုင်းဖြေ''

''ဘာလဲဟာ''

စစ် ဆံပင်တွေ လွှဲခါမိရင်း စိတ်ရှုပ်စွာမေးလေသည်။ ပန်းနုနုက အမိကကို မျက်စပစ်၍ မေးလိုက်လေလို့ဆိုလျှင် အမိက,ကလည်း တဲ့ မေးလေသည်။

''ဟိုညကပေါ့၊ မိုးရေစက်ခြံထဲက လွတ်မြောက်ခဲ့တဲ့ညက စစ် ဘာဖြစ်လို့ ကိုယ်တို့သူငယ်ချင်းတွေဆီ ပြေးမလာဘဲ သူရိယဆီ ပြေး သွားတာလဲ''

''ဟာ''

စစ်စစ်မျက်နှာလေး ဖြန်းခနဲ ပူသွားသည်။ သူငယ်ချင်းတွေ ဝန်းရံထိုင်နေတဲ့ကြားက ရုတ်ခြည်း ထထွက်ခဲ့သည်အထိ စစ်စစ် ရှက်မိ လေသည်။

''စစ်စစ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် သူရိယကို စစ်စစ် အားကိုးလို့, ယုံကြည်လို့ မဟုတ်လား"

သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်းပြောတာကို စစ် ဘာမှ ပြန်မပြောတတ်တော့ပါ။

သတ္တပြောသလို အားကိုးယုံကြည်လို့ဆိုတာ ဖြစ်နိုင်ပါသည်။ ဒါပေမဲ့ ချစ်လို့မဟုတ်မှန်းတော့ စစ်နှလုံးသားက တပ်အပ်သိသည်လေ။

"အားကိုးယုံကြည်မှုကလည်း အချစ်ရဲ့ ရှေ့ပြေးသင်္ကေတ တစ်မျိုးပဲ စစ်စစ်ရဲ့"

ချယ်ရီသွေး အသံကျယ်ကျယ်လေး အော်ပြော၏။ စစ်စစ် ခေါင်းတွင်တွင်ယမ်းကာ။ သူရိယကို မြင်ယောင်လာသည်။

စစ်စစ်ကို အစစအရာရာ ဂရုစိုက်ရုံမက ကြင်ကြင်နာနာ ရှိတတ်တာလေးတွေပေါ့။ စစ်စစ် အသိအမှတ်မပြုခင်က ဝမ်းနည်းနေတာလေးတွေ။

စစ်စစ် အသိအမှတ်ပြုပြီး တတွဲတွဲနေခဲ့တော့ ပျော်ရွှင်မြူးကြနေတာလေးတွေကို မြင်ယောင်ရင်း။

သူရိယရယ် နှလုံးသားနဲ့ ဆုံးဖြတ်ခွင့်ပေးပါနော်။

နော်လို့။

✿ ✿ ✿



## အခန်း (၃၄)

"ကိုပိုင်နော်၊ မဟူ့ကို လုံးဝမဆက်သွယ်နဲ့ အပြတ်လို့ ပြောပြီးသား"

မမကြည်ဖြူလာဖို့ ကိုပိုင် အသနားခံရှာပါသည်။ ဒါပေမဲ့ မမဟူရာ လုံးဝလက်သင့်မခံ။ ငြင်းတာက ဘာကိုမှ အားမနာနိုင်စွာ။

မမငြင်းလေ ကိုပိုင့်မျက်နှာလေး ငယ်လေ။ နောက်ဆုံး ကိုပိုင့်အသံ မမကို တောင်းပန်စကားဆိုလာသည်။

လူကြီးတွေက လင်မယား ပြန်သင့်မြတ်ရေးသာ အလေးထားကြသည် မဟုတ်လား။ ကိုပိုင့်ဒယ်ဒီ အန်ကယ်မြင့်မိုရ်နဲ့ အန်တီဒေါ်မေရီ ခင်ကို ဒယ်ဒီနဲ့မာမီကပဲ လိုက်လျောညီထွေနှင့် ပြေလည်ရာပြေလည်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောရဲတဲ့အထိ။

"သမီး စိတ်ဆူနေတာမို့ပါ။ သွေးအေးသွားတဲ့အချိန်အထိ သည်းခံပြီး စောင့်ပေးပါ ကိုမြင့်မိုရ်၊ သမီးစိတ်ကို ကိုယ်သိတယ်၊ စစ်စစ်လေးကိုချစ်တဲ့စိတ်နဲ့ မောင်ပိုင့်အပေါ် ရမယ်ရှာနေရှာတာ၊ ဟိုကောင် မိုးရေစက်ကို မကျေနပ်တာလည်း ပါနေလို့ပါ၊ ခဏလေး သည်းခံထားနော် မမေရီ"

ဒယ်ဒီကလည်း ကိုပိုင့်အပေါ် အပြစ်မတင်ပါ။ စစ်စစ်ကြောင့် မမရဲ့ပြင်းထန်မှုက ကိုပိုင့်အပေါ် ပုံကျနေတာမို့ ကိုပိုင့်ကို စစ်စစ် သနားမိပါသည်။

မမကို ကိုပိုင် သိပ်ချစ်တာလေ။ စစ်သိတာပေါ့၊

မမ ငြင်းပယ်ထားလို့ နှလုံးသားချောင်းလေးခြားနေတဲ့ ကိုပိုင့်အဖြစ်ကို စစ်စစ် စာနာလှသည်။

စစ်စစ်လည်း မောင့်ကို ချစ်တတ်နေတယ်မဟုတ်လား။ မောင် ရက်စက်လို့သာ စစ်စစ် မောင့်ရင်ခွင်ထဲက ပြေးထွက်ခဲ့မိတာ။

ကိုပိုင့်လို မမကို ရင်ခွင်ထဲထည့်ပြီး တယုတယ ချစ်နေမယ်ဆိုရင် ဒယ်ဒီ မာမီနဲ့ မမတို့ကိုလည်း စစ် ပြန်ငဲ့ကြည့်ဖြစ်မှာမဟုတ်ဘူး

မောင့်အချစ်တွေကြားမှာ ပျော်မြူးနေမှာလေ၊ အကြောင်းကြောင်းကြောင့်သာ မောင့်ဆီ ခြေဦးမလှည့်သာ။

စစ်ကြောင့် ကိုပိုင်နဲ့ မကို ဝေဒနာတွေ မခံစားရစေချင်ပါ။





အချစ်တွေနဲ့ ရင်ခုန်လိုက်မောမွယ် နှလုံးရသကို အပြည့်အဝ ခံစားခွင့်ရစေချင်သည်။

ဒါကြောင့် ဘယ်လိုကူညီရမလဲ စဉ်းစားနေတုန်း မမကို နတ်မိမယ် လာတွေ့တယ်လေ။ မမကို လာတွေ့တာကလည်း အထူးအဆန်းရယ်။

"မဟူရာဆိုတာ"

"ကျွန်မပဲ၊ ဘာကိစ္စလဲ၊ လာလေ ဧည့်ခန်းမှာလာထိုင်"

မမက ဧည့်သည်ကို ဧည့်ဝတ်ကျေစွာ ဖိတ်ခေါ်လျှင် –

"ရပါတယ် မထိုင်တော့ပါဘူး၊ ပြောစရာလေးရှိတာ ပြောဖို့ပါ"

"ဘာပြောမှာလဲ၊ ဒါနဲ့ ရှင်ကဘယ်သူလဲ"

"နတ်မိမယ်"

"ဟင်"

မမကိုယ်လေး တောင့်မတ်သွားကာ နတ်မိမယ်ကို ပြူးပြူးပျာပျာ ကြည့်မိလေသည်။ နတ်မိမယ်က နာမည်နဲ့လိုက်ဖက်စွာ လှပခမ်းနားခြင်းတွေနဲ့ ပြည့်စုံတဲ့မိန်းမလှပါ။

အသားအရေကို ကြည့်မလား၊ မှန်သားလို ကြည်လင်လျက်၊ မျက်နှာအစိတ်အပိုင်းအသီးက ပုံသွင်းထားသည့်နှယ်၊ တကယ့်ကို အော်ရီဂျင်နယ် အလှသွေးတို့ ကြွယ်လျက်။

အရပ်နဲ့ကိုယ်လုံးကလည်း ပြောစရာမလို၊ အာမနာသည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် မမထက် အများကြီးလှ၏။ ဘယ်နေရာကြည့်လိုက်ကြည့်လိုက် ချေးချင်စရာဖြစ်နေတဲ့ နတ်သမီးလေး။ တစ်ချိန်တုန်းကတော့ မာန် တဝင့်ဝင့်နဲ့ အောင်လံလွှင့်ထူခဲ့မယ့်ပုံ။

ခုတော့ ထိုဟန်တွေနဲ့ ဝေးကာ တအံ့တသြကြီး ဖြစ်နေတဲ့ မမကို ကြည့်ဖြူလိုက်လှဲ့စွာ ပြုံးပြ၍ –

''ဟုတ်တယ်၊ နတ်မိမယ်ပါ၊ ကိုပိုင်, မိုးရေစက်နဲ့ မယ်တို့ရဲ့ အချစ်ဇာတ်က ယ်ရွယ်စဉ် လူငယ်တိုင်း ကြုံတတ်ဆုံတတ်ခဲ့တဲ့ ခပ်ရိုးရိုး ဇာတ်လမ်းတစ်ပုဒ်ပါ၊ အဲဒီတုန်းက မယ့်မှာ မာန်မာနကြီးနေတာပဲ သိ တယ်၊ ယောကျ်ားတွေကို တစ်ယောက်ပြီးတစ်ယောက် ခါချပစ်နိုင်တာ ကို ဂုဏ်တစ်ခုလို ယူဆခဲ့တယ်''

အတိတ်ကို မျှော်ရည်ပြောရင်း နတ်မိမယ်မျက်လုံးထဲမှာ သံဝေဂမှိုင်းတွေ ညို့လို့နေသည်။

''အဲဒီ အယူအဆက မယ့်ကို ကောင်းကောင်းကြီးတန်ပြန် တော့တာပဲ၊ ပိုင်က အဲ အာကာပိုင်ပစ်ပြေးသလို မယ်တွဲနေတဲ့ သူ တွေလည်း အလိုလို မယ့်ကို ရှောင်ခွဲပြေးသွားကြတယ်လေ၊ အဲဒါ ဘာ ကြောင့်လဲဆိုတော့ မယ့်ကို မြတ်နိုးစိတ်နဲ့ချစ်ကြတာ မဟုတ်လို့ပေါ့''

မမဘေးနားမှာရပ်ပြီး တိတ်ဆိတ်စွာနားထောင်နေတဲ့ စစ်စစ် သက်မညင်ညင်လေး ချမိသည်။

''အဲဒီကိစ္စက ဒီက မမဟူရာနဲ့ကိုပိုင်ရဲ့ အိမ်ထောင်ရေးကို





ထိပါးစေတယ်ဆိုရင် မယ် တောင်းပန်ပါတယ်၊ ကိုပိုင့်က မယ့်ကို ချစ် နေတာ မဟုတ်ပါဘူး၊ မဟူရာ့ကိုပဲ ချစ်တာပါ''

မမ မဟူရာ မျက်နှာလေးမသိမသာ လွှဲလိုက်မိသည်။

''မယ်နဲ့ကိုပိုင်ကိစ္စက မိုးရေစက်နဲ့ ပတ်သက်ပြီး မဟူရာ့ညီမ အအစ ဖြစ်လာတာကို မယ့်သူငယ်ချင်းတွေက တစ်ဆင့်ကြားလို့ မယ် ရှင်းပြဖို့ လာတာပါ၊ ကိုပိုင်ရော မိုးရေစက်ကော မယ့်ကို စုံစုံမက်မက် ချစ်ခဲ့တာမဟုတ်ပါဘူး၊ မစုံမက်လို့လည်း သူတို့မာနတွေနဲ့သူတို့ ကျောခိုင်း သွားကြတာပေါ့ မဟူရာရယ်၊ မယ်အမျှော်လင့်ဆုံး မယ်အမက်မောဆုံး သူတွေက မယ့်ကိုကျောခိုင်းသွားတော့ မယ် နောင်တရလို့ မဆုံးပါဘူး၊ အဲဒီအတွက် ခုချိန်ထိ မယ်ခံစားရပါတယ်၊ ဟင့် ဟင့် ဟင့်''

နတ်မိမယ်ပြောရင်း ယူကျုံးမရ ငိုချလေသည်။ ကိုပိုင့်ကို ခုချိန်ထိ မျှော်လင့်နေတဲ့ နတ်မိမယ်ကို သနားရမလိုဖြစ်လေသည်။ မမမှာ နတ်မိမယ်ကို သနားနေသလို ကိုပိုင့်ကိုလည်း ပို၍ တန်ဖိုးထား စိတ်နဲ့ ဘမ်းတနေမှန်း မျက်နှာအမူအရာက သိသာနေသည်။

''ဒါပါပဲ မဟူရာ၊ မယ့် သွားပါဦးမယ်''

နတ်မိမယ် မျက်ရည်လေးသုတ်ကာ လှည့်ပြန်သွားသည်။ မမ လုံးသား ကိုပိုင့်အပေါ် ပြန်လည်သွား၏။

ဟုတ်တယ်လေ။

ကိုပိုင်က မမကို တကယ်ချစ်လို့သာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကိုစွာသာ ရောပါမနေရင် မမလည်း ကိုပိုင့်အပေါ် ဒေါသ ဖြစ်ပြီး ခွဲခွာနေနိုင်ရက်မှာ မဟုတ်တာ။

ဘာပဲဖြစ်ဖြစ် မမ ကံကောင်းပါတယ်၊

ဒါကြောင့် ကိုပိုင့်ဆီ စစ်စစ်ပဲ ဖုန်းဆက်ကာ -

''မမဆီ ပြန်လာလှည့်'' လို့။

✿ ✿ ✿



## အခန်း (၃၅)

''စစ်စစ်လေး၊ ဒီမှာ ဖတ်ကြည့်ဦး။ ဖိတ်စာရိုက်ဖို့ စာကြမ်း ဝိထားတာ၊ ညီမလေး ဘာထပ်ထည့်ချင်သေးလဲ''

ဒယ်ဒီ့လက်ရေးနဲ့ စာကြမ်းလေးကို မမ ယူလာပေး၏။ စစ်စစ် မဖတ်ချင်တော့ပါ။

ဘာလဲဆိုတာ စစ်စစ် သိနေတယ်မဟုတ်လား။

မိုးကုတ်မြို့နေ (ဦးသိန်းလွင်)+ဒေါ်မာမာကြည်တို့၏ တစ်ဦး တည်းသောသား သူရိယ။ ပြီးတော့ သူရိယရဲ့ဘွဲ့တွေ။

ဒါတင်မက စစ်စစ်မိဘနဲ့ မမမဟူရာနှာမည်ပါ မကျန်။ စစ်စစ် ရထားတဲ့ဘွဲ့တွေကို တန်းစီရေးထားတဲ့ မင်္ဂလာဖိတ်စာမူကြမ်းက ...



www.burmeseclassic.com

www.burmeseclassic.com



ပကာာသနတွေ ထုံမွှမ်းနေမှန်း စစ်စစ်သိပါသည်။

စစ်စစ် ခေါင်းလေးယမ်းကာ -

''မဖတ်တော့ပါဘူး'' လို့

ပြောရင်း ထွက်ခဲ့သည်က နှလုံးသား ထိခိုက်စွာ။ ချစ်တဲ့သူနဲ့ ကွေကွင်းပြီး မချစ်တဲ့သူနဲ့ ပေါင်းရမယ့်ဘဝ။

စစ်စစ် အချစ်တွေ နာကျင်ရပါပြီး မောင်ရယ်။

မောင့်ကို စစ် တကယ်ချစ်ခဲ့တာပါ။ သူငယ်ချင်းတွေ ဟန့်တားမှာစိုးလို့ မောင့်နှလုံးသားကို ဆော့ကစားမယ်လို့ စစ် ညာပြောခဲ့တာပါ။ အဲဒါကို မောင်က အတည်ထင်ပြီး စစ်ကို -

''ဟင့် ဟင့် ဟင့်''

တွေးမိရင်း ကြေကွဲစိတ်လေးနှင့်အတူ မျက်ရည်လေးများ စီးချေသည်။

''သမီး မင်္ဂလာကိစ္စအတွက် သမီးစိတ်ကြိုက် ပြင်ဆင်နော်။ ငွေ ဘယ်လောက်ကုန်ကုန် အန်တီ မငြိုငြင်ပါဘူး သမီးရယ်''

သူရိယမာမီ ဒေါ်မာမာကြည်ကလည်း စစ်စစ်ကို လိုလိုလားလား ပြော၏။

''အန်တို့သား အန်တို့ကို စိတ်ဆိုးနေတာ ပြေသွားတဲ့အတွက် အန်တီ ဝမ်းသာပါတယ်ကွယ်၊ သမီးကျေနပ်တဲ့အထိ အန်တီ လိုက်လျောပေးမှာပါကွယ်၊ နော် သမီး''





''ရပါတယ်''

စစ်စစ် ဒါပဲပြောကာ အန်တီ့အပါးက ခွာ၏။ သူရိယပတွေးကလည်း ဖခင်တစ်ယောက်အသွင်နှင့် လိုလေသေးမရှိ ဖြည့်ဆည်းပေးကာ ဒယ်ဒီ မာမီတို့နှင့်လည်း စကားပြော အဆင်ပြေနေသည်။

သူရိယက အားတက်သရောပင် -

''လာ စစ်စစ်၊ ကိုယ်တို့ မင်္ဂလာဝတ်စုံ သွားအပ်ရအောင်လို့''

စစ်စစ်လက်ဖျားလေးကို တယုတယ ဆွဲခေါ်သည်။ စစ် ခေါင်းခါငြင်းဖို့လုပ်တော့ မမက -

''လိုက်သွားလေ စစ်စစ်လေး၊ စစ်စစ်လေးပါမှ ဝတ်စုံချုပ်ရ အဆင်ပြေမယ်''

''လာ၊ ကိုပိုင်ကားမောင်းလိုက်ပို့မယ်''

မမအလိုကျ ကိုပိုင်ပြောသလို ကားမောင်းသူနေရာလည်း ဝင်ထိုင်လေသည်။ စစ်စစ် ငြင်းလို့မရတော့ပါ။ သူရိယဆွဲခေါ်တဲ့အတိုင်း ကားပေါ်တက်ရလေသည်။

''ကိုယ်တို့တွေက သတို့သားအရန် လုပ်မယ့်သူတွေလေ၊ ချန်သွားလို့ ဘယ်ရမလဲ''

''ဟုတ်တယ်၊ အဓိကပြောသလိုပဲ ချယ်ရီတို့ကိုလည်း ထားသွားလို့မရဘူး။ သတို့သမီးအရန် လုပ်ပေးရမယ့်သူတွေလေ၊ တစ်ပါတည်း လိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



အမိက အားတက်သရော ပြောတဲ့နောက် ချယ်ရီသွေးလည်း ဝင်ပြောကာ –

"ဟုတ်တယ် ကိုယ်တို့အားလုံး ဝတ်စုံတွေချုပ်ဖို့လိုတယ်"

"သတို့သား သတို့သမီးနဲ့ လိုက်သွားရမှာပေါ့ကွ၊ ဒါမှ ဖက်ရှင်ကျကျဖြစ်မှာ"

ပန်းနုတို့အားလုံး အားရဝမ်းသာ ဖြစ်လျက်၊ စစ်စစ်တို့နောက်က တစ်ပါတည်း လိုက်ပါခဲ့ကြသည်က တပျော်တပါးကြီး။ ဒါပေမဲ့ စစ်မပျော်ပါ၊ ဒယ်ဒီတို့အစီအမံအတိုင်း စစ်စစ် လှုပ်ရှားရပေမယ့် ခံစားမှုတို့ ကင်းမဲ့နေသည်။

"စစ်စစ်ရယ်၊ စစ်သဘောကျ မိုးရေစက်ကို ချစ်သူတော်ကြည့်တယ် မဟုတ်လား၊ စစ်နှလုံးသားအတွက် ရာသက်ပန် ချိုမြိန်တဲ့ချစ်ခြင်းတွေပေးနိုင်ခဲ့လို့လား၊ စစ်လေးဘဝအတွက် ချိုမြိန်တဲ့ချစ်ခြင်းတွေ မပေးနိုင်တဲ့သူကို စစ်လေး မေ့လိုက်ပါတော့ကွယ်"

မမ ဘယ်လိုပြောပြော စစ်နှလုံးသားက မောင့်ဆီမှာ။ မင်္ဂလာဆောင်ခံပွဲဖြစ်မြောက်ဖို့ မမတို့လူကြီးတွေအားလုံး ရှုပ်ထွေးနေချိန်မှာ စစ်က မောင့်ဆီ တိတ်တဆိတ်လေး ခိုးလာမိသည်။

မောင့်ခြံဝင်းကြီးက အပြင်ကကြည့်ရင် အရင်လိုပဲ တိတ်ဆိတ်ကာ။ အရင်ကလို မြူးကြွတဲ့နှလုံးသားနဲ့ ခြံဝင်းထဲ ခုန်ဝင်ဖို့ စစ်မှာ သတ္တိမရှိတော့ပါ။ ဒါပေမဲ့ မောင့်အရိပ်လေးများတွေ့မလားလို့ တံခါးနား





ကပ်ကာ အတွင်းဘက်ချောင်းကြည့်၏။

"ဟင်"

ခြံဝင်းထဲမှာ သရဲရုပ်တွေက စစ်လာထားစဉ်ကအတိုင်း နေရာတကျ ပြန်ချထားလေသည်။

ဒါ ဘာကြောင့်လဲကွယ်။

စစ်ကို မောင် လွမ်းနေတာလား။

"နေပါဦး ဦးလှမှန်၊ မိုးရေစက်က စစ်စစ်ထွက်သွားလို့ ရအောင် သစ်သီးဗန်းထဲ ဘာဖြစ်လို့ သော့ထည့်ပေးလိုက်တာလဲ"

နတ်မိမယ်ရဲ့မေးသံလေး ကြားရတော့ စစ်စစ် မျက်လုံးလေးပြူးသွား၏။ မောင်က စစ်လက်ထဲ သော့ရောက်စေဖို့ ပဟေဠိဆန်စွာ ပေးလိုက်တာမျိုးလား။

အသံလာရာဆီ စစ်စစ် ချောင်းကြည့်လျှင် ခြံထောင့်ဘက် သရဲရုပ်ကြီးနဲ့ ခပ်ကွာကွာမှာ ရပ်နေတဲ့ နတ်မိမယ်။ သရက်ပင်အိုအောက်က သစ်သားခုံတန်းမှာ စိတ်ပင်ပန်းစွာထိုင်နေတဲ့ ဦးလှမှန် ခေါင်းတစ်ချက်ယမ်းလျက် –

"ဦးလှလည်း မပြောတတ်တော့ဘူး နတ်မိမယ်ရယ်၊ စစ်စစ် ထွက်သွားတဲ့ ညကတည်းက မောင်ရေစက်လည်း အဲဒီ သရဲရုပ်တွေကို ခြံထဲ ပြန်ကြသလိုထားပြီး ငေးကြည့်နေတာ တစ်ညလုံး"

"အခု မိုးရေစက် ဘယ်မှာလဲ"

www.burmeseclassic.com



"ဘယ်သွားမယ်လို့ ပြောမသွားဘူး"

"ဖုန်းဆက်သေးလား"

"ဖုန်းတော့ဆက်တယ်၊ သူ့ကို စိတ်မပူနဲ့ အဲ သူ့ရဲ့တိရစ္ဆာန်တွေကို တိရစ္ဆာန်ရုံကို သွားလှူလိုက်ပါတယ်တဲ့"

"ဒါ ဒါဆို မိုးရေစက်စုဆောင်းထားတဲ့ တိရစ္ဆာန်တွေကို ဦးလူ သွားလှူရမှာပေါ့"

"အကြောင်းကြားထားပြီးပြီ၊ တာဝန်ရှိတဲ့လူတွေ လာယူကြမယ်၊ ပြီးရင် ဦးလူက မောင်ရေစက်ဆီ လိုက်သွားရမယ်"

"ကျွတ်၊ မယ် စိတ်မကောင်းလိုက်တာ"

"ဟုတ်တယ်၊ ဦးလူလည်း စိတ်မကောင်းဘူး။ မောင်ရေစက် ကံဆိုးရှာတယ်၊ မိန်းကလေးတွေနဲ့ပတ်သက်ရင် ကံဆိုးသလို အချစ်နဲ့ ပတ်သက်ပြီး ကံအဆိုးပဲ"

နတ်မိမယ် မလုံခြုံတဲ့ စိတ်နဲ့ သက်မလေးချရင်း –

"မယ် ကူညီပေးချင်တယ် ဦးလူရယ်၊ မယ်တို့ရဲ့အတိတ်ဂတ်လမ်းကြောင့် မိုးရေစက်နဲ့ ပုလဲစစ် နားလည်မှုလွဲပြီး ကွဲရတာကို လေ"

"ဟုတ်တယ်၊ အစက နားလည်မှုလွဲနေကြတာ၊ မောင်ရေစက်က စစ်စစ်လေးကို တအားချစ်ရှာတာ၊ စစ်စစ်လေးက အပျော်သဘောနဲ့ချစ်တာ သိလိုက်ရတော့ အတော်ခံစားရပြီး ပေါက်ကွဲသွားတာ၊ ဒါပေမဲ့





မောင်ရေစက်က ချစ်နေရသူမဟုတ်လား။ စိတ်လိုက်မာန်ပါနဲ့ စစ်စစ်လေးကို ချုပ်နှောင်ထားလိုက်တာလေ၊ စစ်စစ်လေး တငိုငိုဖြစ်နေတော့ မောင်ရေစက် မခံစားနိုင်တော့ဘူး။ အဲဒါကြောင့် သစ်သီးဗန်းထဲ သော့ချောင်းလေးထည့်ပြီး ဦးလူကိုပေးခိုင်းလိုက်တာလို့ ဦးလူထင်တယ်"

"ဖြစ်နိုင်တယ်၊ နေဦး၊ ဒီအကြောင်းတွေ စစ်စစ်နားလည်အောင် ပြောပြပြီး မိုးရေစက်အချစ်ကို အသိအမှတ်ပြုဖို့ မယ် သွားပြောပေးမယ်လေ"

"သွားပြောလို့ ဘာထူးမလဲ နတ်မိမယ်ရယ်၊ စစ်စစ်လေးက မောင်ရေစက်ကို တကယ်ချစ်တာ မဟုတ်ဘူး။ ပြီးတော့ သူမလေးမိဘ စီစဉ်တဲ့ မောင်သူရိယနဲ့ လက်ထပ်ဖို့ ဖိတ်စာတောင် လိုက်ဝေပြီးပြီလေ"

"ဟင့် ဟင့် ဟင့်"

ဦးလူပြောသံလေးအဆုံး စစ်စစ် လက်ဖဝါးလေးနဲ့ ပါးစပ်ကို ဖိပိတ်ပြီး ကျိတ်ငိုမိ၏။ ခေါင်းကိုလည်း ခါယမ်းမိကာ –

"မောင့်ကို စစ် တကယ်ချစ်ခဲ့တာပါ" လို့ ရင်ကွဲမတတ် အော်ဟစ်ပြောချင်စိတ်တို့ လှိုင်းထန်၍ သွားလေသည်။

မောင်ရယ်၊ စစ်စစ်ကို ဝန်ခံခွင့်ပေးပါကွယ်။ မောင့်ကို တကယ် ချစ်ခဲ့တယ်ဆိုတာ စစ်နှလုံးသားနဲ့ ဝန်ခံချင်ပါတယ်။

ဝန်ခံခွင့်လေးပေးပါ မောင်ရဲ့။ ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဘာ ဘယ်လို၊ မောင့်တိရစ္ဆာန်တွေကို အများပြည်သူအတွက် လှူဖို့၊ ဟုတ်လား"

"ဟုတ်တယ်လေ မောင်ရဲ့"

"ဟာ မဖြစ်နိုင်တာ စစ်ရယ်၊ လုံးဝမဖြစ်နိုင်တာ၊ ဒီတိရစ္ဆာန်တွေကို မောင်ဘယ်လောက်ချစ်လဲဆိုတာ စစ်မသိပါဘူး။ တိရစ္ဆာန်တွေကို ပေးလိုက်ရရင် မောင့်အသည်းနှလုံးကို ထုတ်ပေးရတာနဲ့အတူတူပဲ၊ မောင် မလှူရက်ဘူး။ မောင်ပိုင်တဲ့တိရစ္ဆာန်ရုံလေးက မောင့်ဘဝ မောင့် နှလုံးသား စစ်ရဲ့"

မောင့်နှလုံးသားလေးနဲ့ ဆတ်ဆတ်ထိမခံ ပြော၏။





"စစ်ပြောတာက မောင်တစ်ယောက်တည်း ဒီတိရစ္ဆာန်တွေကို နေ့စဉ်ရက်ဆက် ပြုစုစောင့်ရှောက်နေရတာ တာဝန်ကြီးလွန်းပါတယ်၊ ပြီးတော့ ဘယ်သူမှလည်း မမြင်ရဘူး၊ ဘယ်သူမှလည်း ကြည့်ခွင့်မရဘူးလေ၊ အဲဒီတော့ ဘာထူးမှာလဲ၊ လူအများကြည့်ခွင့်ရတာနဲ့ မောင်တစ်ယောက်တည်း ကြည့်တာနဲ့ ဘယ်ဟာကမလဲ၊ လူအများကြည့်ရတော့ ပိုမကောင်းဘူးလား"

"ဘာလဲ၊ စစ်က မောင့်တိရစ္ဆာန်တွေကို အများပြည်သူကြည့်ဖို့ လွှဲစေချင်တာလား"

"ဟုတ်တယ်"

"အဲဒါဆို မောင့်ဘဝ မောင့်နှလုံးသား ဟာလာဟင်းလင်း ဖြစ်သွားမှာပေါ့"

"စစ်စစ်ကို ချစ်တယ်ဆို"

"ချစ်တာပေါ့ စစ်ရယ်"

စစ်ပခုံးလေးကို ဖွဖွသိုင်းဖက်သလို စစ် ဆံနွယ်လေးကို ရှိုက်နမ်း၍ လှိုက်လှိုက်လှဲလှဲ ဆိုလေသည်။

စစ်က မောင့်တိရစ္ဆာန်ရုံဘက်ကို မျက်နှာလေးလှည့်ထားရာမှ မောင့်ဘက်ပြန်လှည့်၍ -

"ချစ်တယ်ဆိုရင် စစ်အလိုလိုက်ရမှာပေါ့၊ မောင့်တိရစ္ဆာန်တွေ ရှိလို့ မောင့်နှလုံးသားနဲ့ မောင့်ဘဝ ဟာလာဟင်းလင်းဖြစ်မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်ကို မောင့်ရင်ခွင်ထဲ တစ်သက်လုံးထည့်ထားပေါ့''

''တကယ်လား''

''တကယ်ပေါ့ မောင်ရဲ့''

''အဲဒါဆို ပြီးရောလေ၊ မောင့်တိရစ္ဆာန်တွေကို စစ်သဘော အတိုင်း အများပြည်သူအတွက် လှူနိုင်ဖို့ သံယောဇဉ်ဖြတ်နိုင်အောင် မောင် ကြိုးစားမယ်''

''ဒါမှပေါ့ မောင်ရဲ့''

''တစ်ခုတော့ရှိတယ်နော်၊ မောင်လှူပြီးမှ စစ် မောင့်ဘဝထဲ မဝင်ဘူးဆိုရင်''

''မောင်ရယ်၊ စစ်ကို မယုံမကြည်ဖြစ်နေတာလား''

''ချစ်လွန်းလို့ ယုံကြည်ပါတယ် ကလေးရယ်''

''ယုံကြည်တယ်ဆို မြန်မြန်လှူလိုက်ပေါ့ မောင်ရဲ့၊ ဒါမှ စစ် ကို မောင် ဘယ်လောက်ချစ်လဲဆိုတာ သက်သေထူသလို ဖြစ်နေမယ် လေ မောင်ရဲ့၊ ဟုတ်ဘူးလား၊ ဟင့် ဟင့် ဟင့်''

နှစ်ယောက်သား ချစ်စကားတွေ ပြောစဉ်က ထိုအကြောင်းလေး အမှတ်မထင်ပါသွားမှန်း ခုမှ စစ်စစ် သတိရလာသည်။

ဟော ခုတော့ –

မောင်က တကယ်ပဲ စစ်စစ်ပြောတဲ့အတိုင်း အများပြည်သူ အတွက် လှူလိုက်ပြီးတဲ့။





ဒါဆို မောင်ပြောသလို –

''မောင့်ဘဝနဲ့ နှလုံးသား ဟာလာဟင်းလင်း ဖြစ်သွားမှာပေါ့''

ပြီးတော့ စစ်ကို တကယ်ချစ်ကြောင်း သက်သေထူတာပေါ့ ဟုတ်လား မောင်။

အဲဒီအတွက် မောင့်ဘဝနဲ့နှလုံးသား ဟာလာဟင်းလင်း မဖြစ် စေရပါဘူး။

စစ်စစ် ကတိပေးပါတယ် မောင်ရဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ဟင်"

မင်္ဂလာဝတ်စုံလေး အစမ်းဝတ်ကြည့်နိုင်းနေတဲ့မမ။ စစ်စစ် စိတ်မဝင်စားနိုင်။ "ဟင့်အင်း" လို့ ခေါင်းခါရင်း ထိုမင်္ဂလာဝတ်စုံလေးနဲ့ ဝေးရာသို့ ပြေးထွက်ခဲ့သည်။

ထိုအခါ သူရိယနဲ့ ပက်ပင်းဆုံလေသည်။

စစ်စစ် မလုံမလဲ ဖြစ်လျက်။

သူရိယဆီမှ ဦးစွာ အကြည့်လွှဲလေသည်။ သူရိယ ချစ်စိတ်နဲ့ပဲ သက်မမျှင်မျှင်ချ၏။

"ကိုယ်နားလည်ပေးပါတယ် စစ်ရယ်"





ဒါပဲ တိုးတိုးဖွဖွပြောရင်း –

"လာ" ဟု

စစ်လက်ဖျားလေးကို ဆွဲယူဆုပ်ကိုင်ရင်း မမတို့ရှေ့က ခေါ်ထုတ်သွားလေသည်။

စစ်စစ်ရင်ထဲမှာ ထိနိုက်လွန်းလို့ ငိုချချင်စိတ်သာ ကြီးနေသည်။ သို့သော်လည်း မငိုမိအောင် ထိန်းထားကာ။

"စစ်ရင်ထဲမှာ ဘာရှိလဲဆိုတာ ကိုယ်ပိုသိတယ်၊ ကိုယ့်ကြောင့် စစ်နှလုံးသားလေး ဝေဒနာမခံစားစေရပါဘူး"

"စစ် စစ်လေ ဟင့်"

စစ်စစ် ပြောရင်း တစ်ချက်ရှိုက်လျှင် –

"စစ်စစ် ဘာမှမပြောပါနဲ့တော့၊ ကိုယ်သိတယ်၊ စစ်ကို ကိုယ်ချစ်တာ ပိုင်ဆိုင်ဖို့ စွန့်လွှတ်ဖို့ဆိုတာထက် စစ်နှလုံးသားက တောင်းဆိုတာကို ဖြည့်ဆည်းပေးမယ့် ချစ်စိတ်မျိုးဆို ပိုမှန်လိမ့်မယ်"

"ဘယ် ဘယ်လို"

"အချိန်တန်တော့ စစ်သိပါလိမ့်မယ်၊ ကားပေါ်တက်"

သူရိယ ဒါပဲပြောကာ ကားမောင်းသူနေရာ တက်ထိုင်သည်။ စစ်စစ်လည်း သူရိယပြောတဲ့အတိုင်း ကားပေါ်တက်ကာ။

သူရိယမောင်းတဲ့ကားလေးပေါ် စစ်စစ် တငြိမ့်ငြိမ့်နဲ့ပါလာလေသည်။ ကားလေးက မြို့ပြင်ဘက် ဦးတည်လာမှန်း သိတော့ စစ်စစ်



www.burmeseclassic.com

www.burmeseclassic.com



သူရိယကို ငုံ့ကြည့်သည်။

သူရိယက ကားကိုသာ အာရုံစိုက်မောင်းနှင်နေလျှင် –

"သူရိယ"

စစ်စစ် ခပ်တိုးတိုးခေါ်သည်။ သူရိယ ငုံ့ကြည့်၏။ စစ်စစ် လေသံတိုးတိုးလေးနဲ့ မေး၏။

"ဒါက ဘယ်သွားနေတာလဲ"

"စစ်ချစ်သူဆီ စစ်စစ် သွားချင်နေတယ်မဟုတ်လား"

စစ် မညာချင်၊ ခေါင်းလေးညိတ်မိသွားသည်။

"ကိုယ်လိုက်ပို့ပေးမယ်"

"ဟင်"

"ဟုတ်တယ်"

သူရိယ တည်ငြိမ်စွာပြောနေပေမယ့် စစ်စစ် စိတ်နှလုံးသား လေး လှုပ်ရှားကာ –

"မောင် မောင့်ဆီ၊ ဟုတ်လား။ လိုက်ပို့မယ်၊ စစ်ကိုညာနေတာ လား, တကယ်ပြောနေတာလား"

"တကယ်ပြောနေတာပါ စစ်ရယ်၊ စစ်ချစ်သူဆီ ကိုယ် တကယ် လိုက်ပို့မှာ"

"ဘုရားရေ"

စစ်စစ် မယုံနိုင်စွာ ဘုရားတရင်း သူရိယကို ငေးကြည့်မိသည်





"တကယ်ပြောတာ စစ်ရဲ့"

သူရိယ ကားလမ်းကြောင်းကို အာရုံစိုက်ကြည့်ရင်း ကားကို အရှိန်မှန်မောင်းလျက် ဆက်ပြောသည်။

"စစ်နဲ့မိုးရေစက် တကယ်ချစ်ကြတယ်ဆိုတာ မမနတ်မိမယ် ပြောလို့ ကိုယ်သိရတယ်လေ"

"မမနတ်မိမယ်"

"ဟုတ်တယ်၊ မမနတ်မိမယ်က ကိုယ်နဲ့ သုံးဝမ်းကွဲမောင်နှမ တော်တယ်၊ နိုင်ငံခြားထွက်မယ်ဆိုပြီး မိုးကုတ်ကနေ ဆင်းလာတာ၊ ဒီမှာ ကိုပိုင်တို့ကိုစွတွေ့ကြားတော့ စိတ်မကောင်းဖြစ်ရတယ်လေ၊ တစ်ချိန် က မမတို့ရဲ့အချစ်ဇာတ်လမ်းက ကိုပိုင်နဲ့ကိုမိုးရေစက်အတွက် နစ်နာ နေတယ်ဆိုတာ သိရလို့ပါ၊ ကိုပိုင်က မမ,မဟူရာကို တကယ်ချစ်သလို မိုးရေစက်ကလည်း စစ်စစ်လေးကို တကယ်ချစ်တာတဲ့၊ ဒါကြောင့် ကိုယ်လည်း စစ်ကိုချစ်တဲ့စိတ်နဲ့ပဲ စစ်ချစ်တဲ့သူရင်ခွင်ထဲ ပို့ပေးဖို့ ဆုံး ဖြတ်လိုက်တာ"

"သူရိယရယ်"

စစ်နှလုံးသားမှာ လှုပ်လှုပ်ရှားရှားလေးဖြစ်ကာ ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင် သူရိယကို အားနာသွားလေသည်။

"မိုးရေစက်ဘဝက ငယ်ငယ်ကတည်းက အထီးကျန်ဆန်လွန်း ပါတယ် စစ်ရယ်၊ အထီးကျန်ဆန်လွန်းလို့ သူ့ဘဝ သူစည်ပင်အောင်



www.burmeseclassic.com

www.burmeseclassic.com



အဖော်ရှာပေမယ့် အကြောင်းကြောင်းတွေကြောင့် လွဲရတယ်၊ ချစ်သူနဲ့ ပြန်တော့လည်း ချစ်သူနဲ့ကွဲနေရတယ်၊ အဲဒီအတွက် သူ့ရင်မှာ အတော်လေး ထိခိုက်နေတယ်၊ သူ့တိရစ္ဆာန်တွေကို သူချစ်ပေမယ့် စစ် တောင်းဆိုတဲ့အတိုင်း အများပြည်သူအတွက် လှူသလို စစ်ကိုလည်း လွတ်မြောက်ခွင့်ပေးလိုက်တယ်လေ၊ အဲဒီအတွက် ကိုမိုးရေစက်နှလုံးသားကို ကိုယ်ခံစားလို့ရပါတယ်''

စစ်စစ် မျက်ရည်လေးအဝဲသားနဲ့ သူရိယကို လေးလေးစားစား ကြည့်နေမိသည်။ သူရိယကတော့ ပြောနေဆဲ။

''မိုးရေစက်တောင် သူ့ကိုမချစ်တဲ့ မိန်းကလေးကို အတင်းအဓမ္မ ပိုင်ဆိုင်ဖို့မကြိုးစားဘဲ ကိုယ့်ရင်ခွင်ထဲရောက်အောင် စစ်ကို လွတ်မြောက်ခွင့်ပေးသလို ကိုယ်လည်း ကိုယ့်ကိုမချစ်တဲ့စစ်ကို မိသားကိုးနဲ့ ပိုင်ဆိုင်ဖို့ မကြိုးစားချင်တော့ဘူး၊ ပြီးတော့ ကိုယ့်ကို သားအရင်းလိုစောင့်ရှောက်ခဲ့တဲ့ စစ်မိဘနဲ့ မမရဲ့ကျေးဇူးတွေ ကိုယ့်အပေါ်မှာ အများကြီးရှိပါတယ်၊ စစ်တို့ ချစ်ကြသူချင်း ပေါင်းနိုင်ဖို့ တံတားတစ်ခု လိုတယ်ဆိုရင် အဲဒီတံတားက ကိုယ့်အချစ်ပဲ ဖြစ်ရမယ်လို့ ကိုယ်ယူဆတယ်၊ ဒါကြောင့်''

''တော်ပါတော့ သူရိယရယ်၊ ဟင့် ဟင့် ဟင့်''

သူရိယရင်ဖွင့်စကားတွေကို စစ် နားထောင်နိုင်စွမ်း မရှိတော့ပါ။ သူရိယဆီမှ အကြည့်လွှဲကာ စစ်စစ် ထိခိုက်စွာ ငိုချမိ၏။





''စစ်ရယ်၊ စစ်စစ်တို့ချစ်ခြင်းတွေ ကိုယ့်ကြောင့် ကွေကွင်း မနေစေရပါဘူး၊ စစ်နှလုံးသားအတွက် မိုးရေစက်အချစ် လိုသလို မိုးရေစက်ဘဝအတွက်လည်း စစ်စစ်နှလုံးသားခံစားချက်တွေ လိုအပ်နေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိုးရေစက်ဘဝက သိပ်ကို အထီးကျန်လှပါတယ်၊ ဒါပေမဲ့ လေးစားဂုဏ်ယူဖို့လည်း ကောင်းတယ်၊ သူက တိရစ္ဆာန်တွေအပေါ်မှာတောင် မေတ္တာစေတနာထားနိုင်တယ်၊ တိရစ္ဆာန်တွေကို ပြုစုစောင့်ရှောက်တတ်တဲ့ နှလုံးသားပိုင်ရှင်ဖြစ်ရုံမကဘူး သူ့လိုပဲ အထီးကျန်ဆန်တဲ့ ခိုကိုးရာမဲ့ ကလေးထောင်ကျော်ကို စောင့်ရှောက်တဲ့ ဂေဟာကြီးတစ်ခုလည်း ဖွင့်ထားသေးတယ်''

''ဟင်''

''ဟုတ်တယ် စစ်ရဲ့၊ ဒီနေ့က မိုးရေစက်ရဲ့ ကလေးပြုစုထိန်းသိမ်းတဲ့ဂေဟာ ဆယ်နှစ်ပြည့်မြောက်တဲ့နေ့၊ မိုးရေစက် အဲဒီဂေဟာမှာ ရှိနေတယ်၊ စစ်ကိုတွေ့ရရင်''

''မောင်ရယ်''

သူရိယစကားတွေ မဆုံးခင် စစ်ရင်မှာ လှိုက်လှိုက်လှဲလှဲ ခရေ ရှုတ်မိလေသည်။ ဒီတစ်ခါ ရှုရှုတ်မိခြင်းက ချစ်ခြင်းထက်ပိုတဲ့ ဂုဏ်ယူလေးစားခြင်းတို့ ပျော်ဝင်လျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"တောက်"

ဦးသိမ်းထိုက် ဒေါသတကြီး ဟုန်းခနဲ ပေါက်ကွဲလေသည်။

မပေါက်ကွဲဘဲ နေမတဲ့လား။

"ဒယ်ဒီ၊ စစ်ကို ဒီတစ်ကြိမ် ခွင့်လွှတ်ပါနော်၊ စစ်လေ မောင်နဲ့ မခွဲနိုင်လို့ပါ၊ မောင့်ကိုပဲ စစ် ချစ်တယ်၊ ဟင့် ဟင့် ဟင့်"

ဖုန်းနဲ့ပြောရင်း နောက်ဆုံးမှာ ငိုချလိုက်တဲ့သမီး။ ဦးသိမ်းထိုက် တောက်တခေါက်ခေါက်နှင့်။ ချက်ချင်း သူ့ရှိယဖုန်းကို ခေါ်မိသည်။

"သား၊ ဟိုအမိုက်မ ထင်တိုင်းလုပ်တာ သား ဘာမှမပြော တော့ဘူးလား"





"အန်ကယ် စစ်ကို ကျွန်တော်ပဲ မိုးရေစက်ဆီ လိုက်ပို့ပေးနေ တာပါ"

"ဘာကွ"

"စစ်က ကျွန်တော့်ကိုမှ မချစ်ဘဲ"

"တောက်"

ဦးသိမ်းထိုက် ဒေါသတကြီး တောက်ခေါက်လို့မဆုံးနိုင်ကော့ပါ။

"ဘာအချစ်လဲကွ"

ဦးသိမ်းထိုက်ဒေါသက လူငယ်တွေရဲ့အချစ်ဆီ လှည့်သွားပြန် သည်။

"မင်းတို့နှစ်ယောက်လုံးကို ခွင့်မလွှတ်ဘူးကွ"

ဦးသိမ်းထိုက် ပြောရင်း လက်ထဲက ဖုန်းခွက်ကို ဂျလောက်ခနဲ ပစ်ချကာ။

ဘယ်လိုတွေးတွေး မပြေနိုင်တဲ့ဒေါသနဲ့ တောက်ခေါက်နေတာ အကြိမ်ရေ တစ်သိန်းမကတော့ပါ။

"သမီး မိုက်တယ်၊ သိပ်မိုက်တယ်၊ တစ်ကြိမ်မဟုတ် နှစ်ကြိမ် မဟုတ်ဘူး၊ ဒင်းကို ခွင့်မလွှတ်နိုင်ဆုံးပဲ"

"ဦးသိမ်းထိုက်ရယ် ကျွန်မလည်း တော်တော်စိတ်မကောင်း ဖြစ်ရပါတယ်"

ဒေါ်ကြည်ကြည်မာလည်း စိတ်ထိခိုက်စွာ ဝင်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချိုမြမြက ခင်ပွန်းသည်ကိုတစ်လှည့်၊ တော်ရခါနီး ခမည်းခမက်ကို တစ်လှည့် ကြည့်ရင်း စိတ်လှုပ်ရှားလို့နေသည်။

ဖြစ်စေချင်တာ တစ်မျိုး။ ဖြစ်လာတာ တလွဲမဟုတ်လား။

''တောက်''

ဦးသိမ်းထိုက် တောက်ခတ်ပြန်သည်။

''ဘာတတ်နိုင်မှာလဲဗျာ''

ဒေါ်ကြည်ကြည်မာရဲ့ ခင်ပွန်း၊ သူရိယရဲ့ပထွေးတော် ဦးခင်မောင်ကလည်း စိတ်အားပျက်စွာပြောလျှင်–

''သားပါ သမီးဘက်က လိုက်ပြီး ဝိုင်းမိုက်နေတာ ကျွန်တော်ခံပြင်းတယ်ဗျာ''

''ကြည်မာလည်း စိတ်ထိခိုက်ရပါတယ် ဦးသိမ်းထိုက်ရယ်၊ သားစိတ်က အဲလိုပဲ၊ သူဖြစ်ချင်တာထက် သမီးလေးဖြစ်ချင်တာကို ဦးစားပေးလိုက်တာ၊ ဘာကြောင့်မှန်း ကြည်မာလည်း မခန့်မှန်းတတ်တော့ဘူး''

''အခု ဖိတ်စာတွေ ဝေထားပြီးပြီ၊ ဒါ ဘယ်လိုလုပ်ကြမလဲ''

''ဘယ်လိုလုပ်ကြမလဲ၊ ဟုတ်လား''

ဖနီးသည်ဒေါ်ချိုမြမြ မေးလာတော့ ဦးသိမ်းထိုက်နားထဲမှာ ခါးသီးလွန်းကာ ဖနီးသည်ကို စူးစိုက်ကြည့်ရင်း ပြန်မေး၏။

ဒေါ်ချိုချိုမြ ပြန်မဖြေတတ်တော့ပါ။





သမီးကို ဒေါသဖြစ်လို့ အားမရနိုင်တဲ့စိတ်က ဖနီးမယားကိုပင် ပစ်မှတ်ထားသလို မေးခြင်းဖြစ်တာကြောင့် –

''ဟိုလေ၊ သားနဲ့သမီးကို ဖျောင်းဖျပြီး ပြန်သွားခေါ်ကြရင် မကောင်းဘူးလားဟင် ကြည်မာ၊ ကြည်မာ့သဘော ဘယ်လိုရှိလဲ''

ဒေါ်ချိုမြမြ ခင်ပွန်းသည်ဒေါသကို ကြောက်ရွံ့ကာ ဒေါ်ကြည်ကြည်မာဘက် လှည့်မေးသည်။

ဒေါ်ကြည်ကြည်မာ ဖြေရခက်စွာ ဦးသိမ်းထိုက်ကို ကြည့်၏။ ဦးသိမ်းထိုက်က –

''ဘာလို့ချော့မော့ခေါ်ရမှာလဲ၊ နှစ်ယောက်လုံးကို ကုပ်ပိုးဆွဲပြီး ခေါ်ရမှာပေါ့ကွ၊ မိဘကို အရှက်ခွဲလို့မရဘူး။ အသိုင်းအဝိုင်းကို ထင်ရာ စိုင်းနေကြတာ၊ ဒါကို လက်ပိုက်ကြည့်နေရမလားကွ''

''ဦးသိမ်းထိုက်သဘောပါ''

ဒေါ်ကြည်ကြည်မာက ဒါပဲပြောရဲ့သာ။

''ကောင်းပြီ၊ ဒေါ်ကြည်ကြည်မာ စိတ်အေးအေးထားပါ၊ သားနဲ့သမီးကို ကျွန်တော်ကိုယ်တိုင် သွားခေါ်ခဲ့မယ်''

ဦးသိမ်းထိုက် ယတိပြတ်ပြောပြီး ချာခနဲ ထွက်သွား၏။

''ကိုကို''

ဖနီးသည်က ပျာယီးပျာယာနဲ့ ခင်ပွန်းသည်နောက် လိုက်သွားရင်း ခေါ်သည်။

www.burmeseclassic.com



"နေခဲ့"

ဦးသိမ်းထိုက် လှည့်မကြည့်ဘဲပြောကာ ကားကို ကိုယ်တိုင် မောင်းထွက်သွားလေသည်။

ဒေါ်ချိုမြမြ မျက်နှာလေးငယ်ကျကာ မျက်ရည် ဝဲခနဲကျ လေသည်။

"ကဲပါ မြရယ်၊ ဝမ်းနည်းနေလို့ ဘာထူးမလဲ၊ သားကိုက သမီးဘက် ပါနေတာကိုး"

"အဲဒါပေါ့ ကြည်မာရယ်၊ အဲဒါပေါ့"

ဒေါ်ချိုမြမြ ပြောရင်း ငိုချပြန်သည်။ ဒေါ်ကြည်ကြည်မာလည်း ခမည်းခမက်လောင်းကို ချော့မော့ဖျောင်းဖျဖို့ လက်ဖဝါးလေးကို နွေး ထွေးစွာ ဆုပ်ကိုင်လျက်။

"ဒီလောက်လည်း စိတ်ထိခိုက်မနေပါနဲ့၊ သားနဲ့သမီးက ကိုသိမ်းထိုက်ကို မြင်ရင် မိဘတွေပြောတဲ့ ဆန္ဒအတိုင်း ခေါင်းညိတ်ပြီး ပါလာပါလိမ့်မယ်၊ ကြည်မာ အဲလိုထင်တယ် မြရယ်"

"ကြည်မာထင်တဲ့အတိုင်း ဖြစ်ပါစေကွယ်၊ ဟင့် ဟင့် ဟင့်"

ဒေါ်ချိုမြမြ ပြောရင်း ငိုချပြန်သည်။

"ဖြစ်မှာပါ မြရယ်၊ ဖြစ်မှာပါ"

ဒေါ်ကြည်ကြည်မာ စိတ်အားထက်သန်စွာ ပြောရင်း သားနဲ့ သမီး အမြန်ပြန်လာပါစေလို့ ဆုတောင်းရသည်။





သူ့မမှာလည်း ဒီသားကိစ္စအတွက် ရင်မှာ သုံးလေးနှစ်မကာ တော့ပါ။

ဒီမီးတွေ ငြိမ်းစပြုနေခါမှ–

"ကြည်မာ ကိုယ်တို့လည်း လိုက်သွားကြရင်ကောင်းမယ်"

ဦးခင်မောင်ဝင်းပြောတော့ ဒေါ်ကြည်ကြည်မာနှင့်တူ ဒေါ်ချို မြမြလည်း မျှော်လင့်ကြီးစွာ ခေါင်းလေးထောင်၏။

"ဟုတ်တယ် ကို၊ လိုက်သွားကြမယ်၊ မြလည်း လိုက်ခဲ့ လာ"

ဒေါ်ချိုမြမြကိုပါ ဒေါ်ကြည်ကြည်မာ လက်ဆွဲခေါ်သည်။ ဒေါ်ချို မြမြ စဉ်းစားမနေတော့ပါ။

စိတ်အားထက်သန်စွာ ခေါင်းညိတ်လျက်။

သားနဲ့သမီးဆီ တက်ညီလက်ညီ လိုက်ကြလေသည်။

သားနဲ့သမီးရယ် မာမီတို့တွေရဲ့ဆန္ဒကို မဆန့်ကျင်ပါနဲ့ကွယ်။

နှစ်ဖက်မိဘရင်မှာ ဒါပဲ ထပ်တလဲလဲ ဆုတောင်းလျက်။ ဦးတည် နေသည်က မင်္ဂလာပွဲမပျက်ရေး။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



အထီးကျန်ဘဝတွေကလေးသူငယ်များရဲ့ ကဗျာရေရွတ်သံတ စ်စစ်နှလုံးသားကို ထိရှကာ။

မျက်ရည်များ တအိအိ ပြိုကျလာတဲ့အထိ မောင်နဲ့ပတ်သက်ပြီး ခံစားရလေသည်။ မောင့်ကို အားကိုးမှီတွယ်နေတဲ့ ကလေးငယ်များကြား မောင့်ဘဝ မြှုပ်နှံဖို့ ခြေစုံပစ်ဝင်လိုက်တဲ့ သဘောလား မောင်ရယ်။

မောင်က အဲဒီအထီးကျန်ကလေးတွေရဲ့ဘဝ ခမေတ္တာတွေပေးဝေပြီး ဝင်သလို စစ်ကလည်း မောင့်နှလုံးသားထဲ အချစ်တွေပေးပြီး တိုးဝင်ပါ့မယ် မောင်ရယ်။

စစ်ကို ဝင်ခွင့်ပြုပါနော်။

စစ် နှလုံးသားနဲ့တောင်းဆိုရင်း မောင့်ဂေဟာထဲ ခြေလှမ်းလေး သွင်း၏။

✿ ✿ ✿



## အခန်း (၃၉)

"ယိမ် ယိမ့် ယိမ်း
သစ်ပင်ကြီးကယိမ်း။
တောင်လေပြည်တိုက်တော့် မြောက်ကိုယိမ်းတယ်၊
မြောက်လေပြည်တိုက်တော့ တောင်ဘက်ကိုယိမ်းတယ်၊
နောက်ကတိုက်ပြန်တော့ ရှေ့ကိုယိမ်းတယ် ယိမ်းတယ်၊
ရှေ့ကတိုက်ပြန်တော့ နောက်ကိုယိမ်းတယ် ယိမ်းတယ်၊
ယိမ် ယိမ့် ယိမ်း
မေတ္တာထုတွေ ယိမ်း"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"ယိမ် ယိမ့် ယိမ်း
သစ်ပင်ကြီးကယိမ်း။
တောင်လေပြည်တိုက်တော့ မြောက်ကိုယိမ်းတယ်၊
မြောက်လေပြည်တိုက်တော့ တောင်ဘက်ကိုယိမ်းတယ်၊
နောက်ကတိုက်ပြန်တော့ ရှေ့ကိုယိမ်းတယ် ယိမ်းတယ်၊
ရှေ့ကတိုက်ပြန်တော့ နောက်ကိုယိမ်းတယ် ယိမ်းတယ်၊
ယိမ် ယိမ့် ယိမ်း
မေတ္တာထုတွေ ယိမ်း"





အရွယ်စုံရှိသော မိဘမဲ့ကလေးလေးတွေ မတ်မတ်ရပ်ပြီး လက်ကလေးတွေ မြှောက်ကာ၊ ကဗျာစာသားလေးတွေ ရွတ်နေကြသည့် အသံက နှလုံးသားကို ဖမ်းဆုပ်ထားသည့်နှယ်။

ကဗျာစာသားတွေအတိုင်း လက်ကလေးတွေ ယိမ်းနွဲ့၊ ကိုယ်လက်လေးများ လှုပ်ရှားနေသည်က မြင်ရသူစိတ်နှလုံးကို ယိုင်နဲ့သွားစေသည်။

အထူးသဖြင့် မေတ္တာထုတွေ ယိမ်း ဆိုတဲ့ ရေရွတ်သံလေး နောက်မှာ ဒေါ်သကြီးနေတဲ့ ဒယ်ဒီ့ခြေလှမ်းတို့ တန့်သွားသည်။

မေတ္တာထု တဲ့။

"အန်ကယ် ကျွန်တော်မှားချင်လည်း မှားတယ်လို့ပဲ သတ်မှတ်ပေးပါ၊ မေတ္တာလိုချင်တဲ့သူကို မေတ္တာပေးရမယ်၊ အချစ်လိုချင်တဲ့ သူကို အချစ်တွေပေးရမယ်လို့ ကျွန်တော်ယူဆတယ်"

"သားရယ်"

ဦးသိမ်းထိုက် မျက်ရည်အဝိုင်းသားနဲ့ သူရိယကို ငေးကြည့်မိသည်။ လာခဲ့တာက ဒေါသနဲ့၊ ကုပ်ပိုးဆွဲပြီး ခေါ်သွားမယ်ဆိုတဲ့ ခံပြင်းမာန်နဲ့။ ခုတော့ သူရိယကို ကြည့်ရင်း မျက်ရည်တို့ စို့ချေသည်။

"သူတို့လိုချင်တာ ပေးမိတာကလည်း ချစ်လို့ပဲမဟုတ်လား"

"သားရယ်"

မိသားစုဝင်တွေအားလုံး သူရိယအတွက် ဝမ်းနည်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရိယခံစားချက်တွေက ထိုမျှထိ လေးနက်နိုင်မာနေလိမ့်မယ်လို့ သူတို့ နှစ်ဖက်မိဘတွေ မရိပ်မိကြပါ။

လူငယ်ပီပီ ချစ်တဲ့သူကို မရအရ ယူမယ်ဆိုတဲ့ သွေးဆူမှုမျိုးနဲ့ ဖြစ်နေရမယ်မဟုတ်လား။

ခုတော့ သူတို့လူကြီးတွေထက် လေးနက်တဲ့စိတ်ကူးနဲ့ ပြော၏။

"ကျွန်တော် စစ်ကို ချစ်ပါတယ်၊ ချစ်လွန်းလို့ စစ်စစ်ချစ်သူနဲ့ စစ်စစ်ကို ပို့ပေးလိုက်တာပါ၊ အဲဒီအတွက် အန်ကယ်တို့လည်း ကျေနပ်ပေးပါ၊ နောက်ဆို စစ်စစ် စိတ်ဆင်းရဲနေရမယ်၊ ဒါကြောင့်ပါ၊ မင်္ဂလာပွဲပျက်လို့လည်း ကျွန်တော် ဝမ်းမနည်းပါဘူး၊ ဟောဒီဂေဟာလေး ပျက်စီးသွားမှာပဲ ကျွန်တော် စိုးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိုးရေစက်ကြောင့် ဒီဂေဟာလေး ရှင်သန်နေတာလေ၊ မိုးရေစက် စိတ်ထိခိုက်ပြီး ဒီဂေဟာလေးကို ကြည့်ရှုစောင့်ရှောက်ဖို့ အားမဲ့နေရင်"

မောင်လေးရဲ့စကားမဆုံးခင် မဟူရာ ရင်နင့်စွာ အကြည့်တွေ့မိသည်အထိ စိတ်နှလုံးသား မခိုင်ဖြစ်သွားလေသည်။

အသီးသီး မျက်ရည်တွေကျလျက်။

အချစ်ကို စွန့်လွှတ်ရဲတဲ့ မောင်လေးရဲ့ စိတ်ဆန္ဒကိုလည်း မြတ်နိုးမိလေသည်။

ဒယ်ဒီက မောင်လေးကို စိတ်ထိခိုက်စွာ ဖက်ထားသည်။





တင်းကျပ်လျက်။

မောင်လေး ဒီလိုဆိုလာတော့ ဒယ်ဒီမှာ နှမြောတသနဲ့ ယူကျုံးမရဖြစ်နေရှာသည်။

အန်တီကြည်မာက –

"သားသဘောပါ သားရယ်"

လို့ စိတ်ရင်းအတိုင်း မျက်ရည်လေး ခြွေချရင်း ဆိုရှာသည်။

"လာ အန်ကယ်၊ မိုးရေစက်ဆီ သွားရအောင်လား။ မိုးရေစက်က သဘောထားမြင့်မြတ်ပါတယ်၊ မေတ္တာ ထုနဲ့ထည်နဲ့ ပေးနိုင်တဲ့သူလေ"

သူရိယ ဦးဆောင်ခေါ်သွားလျှင် ဒယ်ဒီတို့အားလုံး ဂေဟာဝင်းထဲ ဝင်သွားလေသည်။

"လာလေ မဟူ"

ကိုပိုင်က မဟူ့လက်ဖျားလေးကို တယုတယဆွဲယူရင်း ခေါ်သည်။ မဟူရာ ခေါင်းလေးညိတ်၍ –

"မဟူတော့ ရင်ထဲမှာ တစ်မျိုးပဲ ခံစားနေရတယ်"

"ဘာဖြစ်လို့"

"အဲဒါတော့ မသိဘူး ကိုပိုင်ရယ်"

"ဟွန်း၊ မဟူခံစားနေရတာကို မဟူ မသိဘူးလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



မဟူရာ ခေါင်းလေးခါရင်းပြောလျှင် အစ်ကိုပိုင်က မဟူရာ့လက်ဖဝါးလေးကို ဖွဖွဆုပ်ကိုင်ရင်း –

''မဟူ မသိပေမယ့် ကိုပိုင် သိတယ်''

''ဘယ်လို၊ မဟူ့ရင်ထဲက ခံစားချက်ကို ကိုပိုင်သိတယ်''

''သိတာပေါ့''

''ကဲ သိရင်ပြော''

မဟူရာက ချစ်မျက်မှောင်လေးကြုတ်လျက် ဆိုလေသည်။ ကိုပိုင်က မဟူရာ့ပါးပြင်လေးနဲ့ နှုတ်ခမ်းလေးကို စိုက်ကြည့်ပြီး မဟူ့နားနားကပ်ကာ ခပ်တိုးတိုးပြောသည်။

''နှလုံးသားမှာ အချစ်ယိမ်းလေး ကနေတာ''

''ဘာ ဘာရယ်''

မဟူရာ့မျက်နှာလေး အရောင်ပြောင်းသွားကာ တအံ့တသြမေးလေသည်။

ကိုပိုင်က မဟူရာ့ပခုံးစွန်းလေးကို တင်းနေအောင် ဖျစ်ဆုပ်၍

''အချစ်ယိမ်းလေး ကနေတာလေ''

''အချစ်ယိမ်း''

''ဟုတ်တယ်လေ၊ အချစ်ယိမ်း၊ မယုံဘူးလား''

''ဟွန်း၊ ကိုပိုင်နော် သိပ်မကဲနဲ့''

ပြောရင်း မဟူရာ့ပါးလေးကို မွှေးကြူမလို့ ပြုလေသည်။ မဟူရာ





ရှောင်ဖယ်ရင်း –

''ဖယ်စမ်းပါ၊ လူရှေ့သူရှေ့မှာ ရှက်လည်း မရှက်ဘဲနဲ့''

''မရှက်နိုင်တော့ဘူး မဟူရယ်၊ စစ်စစ်ကိစ္စ ရောထွေးပြီး ပိုင့်ကို ချစ်ကန့်လန့်ကာခြားထားတာ ဘယ်လောက်ကြာပြီလဲ''

''ဟွန်း၊ ဘယ်လောက်ကြာကြာပေါ့''

''အဲလိုတော့ မလုပ်ပါနဲ့ မဟူရယ်၊ စစ်စစ်တို့လိုပဲ ယိမ်းလေးကကြစို့နော်''

ကိုပိုင့်စကားနောက်မှာ မဟူရာက ပြုံးချိုထားတဲ့ မျက်နှာလေးကို ကြည်နူးစွာလှဲ၍ –

''မဟူကလည်း ကိုပိုင့်အချစ်တွေကို လွမ်းလှပြီလေ''

''ဟင်၊ တ. တကယ်''

ဒီတစ်ခါ မဟူရာ နှုတ်နဲ့မပြောတော့ပါ။ အမူအရာလေးနဲ့ အချက်ပေးလျှင်။

''အို''

အချစ်ကြောင့် မေတ္တာထုတွေ လွှမ်းတဲ့ မိုးကောင်းကင်ကြီးမှာ ယိမ်းနွဲ့သွားလေသည်။

✿ ✿ ✿



www.burmeseclassic.com

# အခန်း (၅၁)

"မောင်ရေစက်"

"ဗျာ ဦးလူ"

အရွယ်စုံရှိနေတဲ့ ကလေးတွေရဲ့လှုပ်ရှားမှုကို ငေးကြည့်နေရာမှ သူ ထူးရင်း ငဲ့ကြည့်သည်၊ ဦးလူမှန် သူ့နားလျှောက်လာရင်း ပြောငါ။

"ညှိသည်တွေ ရောက်နေတယ်၊ မောင်ရေစက်နဲ့ တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ ဦးလူ"

"မောင်ရေစက် သွားကြည့်တော့ သိမှာပေါ့၊ ကဲ သွား၊ ညှိသည်တွေ စောင့်နေရတာ အားနာစရာကြီး"





သူ ဘာမှမပြောတော့ဘဲ ညှိဆောင်ဘက် ခြေဦးလှည့်၏။ ညှိခန်းကျယ်ထဲ လှမ်းဝင်လျှင် မိုးရေစက် ကြောင်တောင်တောင်လေး ဖြစ်သွားသည်။

"ဟင်"

ညှိခန်းထဲမှာ ညှိသည်လည်း တစ်ဦးတစ်ယောက်မျှ မရှိပါ။ ဦးလူနောက်တာလား။ တစ်ခါမှ သူ့ကို ဦးလူ မနောက်ပြောင်ဖူးပါ။ နေဦး။ ဦးလူဆီ ပြန်သွားမယ်လို့ ခြေလှမ်းပြန်လှည့်လျှင် –

"ဟင်"

သူ့ရင် တဒိုင်းဒိုင်းခုန်ကာ မယုံနိုင်တဲ့မျက်ဝန်းနဲ့ စူးစိုက်ကြည့်မိသလို နှလုံးသားထဲကလည်း လှိုက်မူးစွာ ရေရွတ်မိလေသည်။

"စစ် စစ်"

"မောင်"

ခေါ်သံလေးနဲ့အတူ ချစ်ရည်ရွှန်းသော မျက်ဝန်းလေးနဲ့ စိုက်ကြည့်ရုံမက သူ့ရင်ခွင်ထဲ တန်းတန်းမတ်မတ် တိုးဝင်လာတဲ့ မိန်းကလေး

သူ ဘာလုပ်လို့ လုပ်ရမှန်း မသိတော့ပါ။ ရင်အခုန်မြန်ကာ မယုံမရဲစိတ်နဲ့ အသက်ကလေးပင် မဲ့သွားသလား အောက်မေ့ရသည်။

"မောင့်ကို စစ် တကယ်ချစ်တာပါ မောင်ရယ်၊ မောင်နဲ့စစ် မခွဲနိုင်ဘူး၊ မောင့်ဘဝထဲမှာ စစ်တစ်သက်လုံး နေသွားဖို့လာခဲ့တာ၊ မောင့်ဆီ သူရိုးယကိုယ်တိုင် လိုက်ပို့တာ မောင်ရဲ့"

www.burmeseclassic.com



စကားလုံးတွေနောက်မှာ သူ့ရင်ခွင် နွေးလာသည်။ အခုန်မြန်နေတဲ့ သူ့ရင်ခွင်မှာ အချစ်စိတ်ကို နိုးကြွစေကာ။

''စစ် စစ် တကယ်ပြောနေတာလား''

''တကယ်ပေါ့ မောင်ရဲ့''

ဟာ။

မိုးရေစက် မယုံနိုင်ဖြစ်ကာ အရာရာကိုလည်း မေ့လျော့လျက်။ ရင်ခုန်ဘရိတ်ကြီးပါ ပေါက်ကွဲလို့သွားချေသည်။

''ချစ်တယ် စစ်ရယ်၊ စစ်စစ်လေးက မောင့်နှလုံးသားထဲက ချစ်အမြဲတေပါကွယ်''

စကားလုံးတွေနောက်မှာ သူ့နှုတ်ခမ်းအစုံ လှုပ်ရှားသွားလေသည်။ ထိုအခါ ချစ်သူနှစ်ဦးကြား ရင်ခုန်လှိုင်းတို့ လူးလွန့်ရုန်းကြွသွားလျှင် ပါးပြင်တို့မနေသာ။

နွေးဖိုသော အချစ်ယိမ်းတို့ က, ပွဲဆင်လျှက်။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**ဝိန်းကလေး**

အမှတ် ၂၇ (B)၊ ပထမထပ်၊
ဦးလွန်းလမ်း။ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉၄၄၉၂၅၁၄၁၇, ၀၉၄၅၀၀၂၀၆၉၅

www.burmeseclassic.com